

# သင့်လူ
# မိုက်ကယ်ကေ

## LIFE AND TIMES OF MICHAEL K

By J.M. COETZEE

# နိဒါန်း

## J.M Coetzee Biography

တောင်အာဖရိက စာရေး ဆရာ ဂျေ၊ အမ်၊ ကိုအက်ဇီကို ၁၉၄၀ပြည့်နှစ် တွင် ကိတ်တောင်းမြို့တွင် ဖွားမြင်၏ ။ တောင်အာဖရိကနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် ကွန်ပျူတာပညာနှင့် ဘာသာဗေဒကို အထူးပြုလေ့လာသင်ကြားခဲ့သည်။

ကိုအက်ဇီ၏ ပထမဆုံး ဝတ္ထုမှာ ဆည်းဆာမြေ (Dusklands) ဖြစ်၏ ။ ထိုဝတ္ထု ထုတ်ဝေပြီးသည့်နောက် တောင်အာဖရိက အမျိုးသားစာပေဆု ဖြစ်သည့် CNA prize ကို ရရှိခဲ့သော ပြည့်နှလုံးသားထဲမှ (In theHeart of the Country) ကို ရေး သားထုတ်ဝေခဲ့သည်။

သူ၏ တတိယစာအုပ် အရိုင်းတွေ ကို စောင့်ဆိုင်းခြင်း(Waitingfor the Barbarians) သည် CNA prize, the Geofrrey FaberMemorial Prize နှင့် James Tait Black Memorial Prize ဆုများ စွာ ဆွတ်ခူးနိုင်ခဲ့သည်။

သူ့လက်ရာ နောက်တစ်ခု ဖြစ်သည့် မိုက်ကယ်ကေ (Life & Timesof Michael K) သည် ဘွတ်ကာစာပေဆု (Booker Prize) ရခဲ့ပြန်သည်။ထိုနည်းတူ ၁၉၉၅ တွင် ထုတ်ဝေခဲ့သော The Master of Petersburgသည်လည်း The Irish Times International Fiction Prize ကိုဆွတ်ခူးနိုင်ခဲ့သည်။

ကိုအက်ဇီသည် စာရေး ခြင်း၊ ဘာသာပြန်ခြင်း၊ ဘာသာဗေဒသင်ကြားခြင်းအပြင် စာပေဝေဖန်ရေး လုပ်ငန်းကိုလည်း လုပ်ကိုင်သည်။ Memoirs ခေါ် သူပြောချင်သမျှ သူ့အကြောင်း အတ္ထုပ္ပတ္တိ စာအုပ်တစ်အုပ်ကိုလည်း ပြုစုရေး သား ထုတ်ဝေထား၏ ။ သူသည် ကိတ်တောင်းတက္ကသိုလ်တွင် စာပေအနုပညာဆိုင်ရာ ပါမောက္ခအ ဖြစ် တာဝန်ထမ်းဆောင်နေသူတက္ကသိုလ်ဆရာတစ်ဦးလည်း ဖြစ်၏ ။ ၂၀၀၃ ခုနှစ် တွင် ကိုအက်ဇီသည်စာပေဆိုင်ရာ နိုဘယ်ဆု ချီးမြှင့်ခြင်း ခံခဲ့ရသည်။

******

မိုက်ကယ်ကေ တစ်ယောက် သူ့မိခင်၏ ဝမ်းကြာတိုက်အတွင်း မှလောကမြေမဟီသို့ ချဉ်းနင်းဝင်ရောက်နိုင်စေရေး အကူအညီပေးနေသော သားဖွားဆရာမ အနေဖြင့် မွေးမွေးချင်း သတိပြုလိုက်မိသည်က နှုတ်ခမ်းကွဲကလေးပင် ဖြစ်၏ ။ နှုတ်ခမ်းသည် ပက်ကျိတစ်ကောင်၏ ခြေထောက်ကဲ့သို့ တွန့်လိမ်ကာ ဘယ်ဘက်နှာခေါင်းထဲသို့ တိုးဝင်နေ၏ ။ ဆရာမ သည် သူ့မိခင်ကို မပြနိုင်သေးဘဲ မွေးကင်းစ မိုက်ကယ်ကေ ကလေးကို ပါးစပ်ဖြဲကြည့်၏ ။ တော် ပါသေးရဲ့ ။ အာခေါင်တော့ မကွဲ၊ အကောင်းပကတိ တွေ့ရ၏ ။ မိခင်ကို သူ ဒီလို ပြောမိသည်။

"ရှင် ဝမ်းသာတော့ သိလား၊ ဒီနှုတ်ခမ်းကွဲကလေးတွေ က လာဘ်ကောင်လေးတွေ ၊ ရှင်တို့အိမ် ကံကောင်းတော့မယ်"

မည် သို့ပင်ဆိုစေကာမူ အန်နာကေ အဖို့မှာ တော့ ဘယ်လိုမှ စေ့၍ မရသဖြင့် ပန်းရောင် အသားစိုင်ကလေးများ ဟောင်းလောင်းပေါ်နေသော သားငယ်၏ နှုတ်ခမ်းကို ကြည့်ရတာ စိတ်မချမ်းသာ။ ဤသတ္တဝါကလေးကိုးလ၊ ဆယ်လနီးပါး သူ့ဗိုက်ထဲ တဖြည်းဖြည်း ကြီးပြင်းလာသည်ကိုစဉ်းစားမိတိုင်း ကြက်သီးတွေ တဖျဉ်းဖျဉ်း ထမိ၏ ။ နှုတ်ခမ်းကွဲနှင့် ကလေးငယ်သည် နို့မစို့နိုင်သဖြင့် ဆာလောင်မှု ကြောင့် တပြဲပြဲ ငို၏ ။ နို့ဘူးတိုက်တော့လည်း အလုပ်မ ဖြစ်။ ဇွန်းကလေးနှင့် တိုက်ပြန်တော့လည်း နို့သီးကာချောင်းတဟွတ်ဟွတ်ဆိုးရင်း တက်မတတ်၊ ချက်မတတ် ငိုကြွေးပြန်သည်။ သားဖွားဆရာမ ကတော့ ကလေးကြီးလာရင် အလိုလို ပြန်ပိတ်သွားလိမ့်မယ်ဟု ကတိကဝတ်ပြုခဲ့သည်။ သို့ သော် လည်း နှုတ်ခမ်းကွဲကလေးက မပိတ်ရေး ချမပိတ်။ ဆိုတော့ နှာခေါင်းကလည်း ဖြောင့်ဖြောင့်တန်းတန်း မရှိရှာလေတော့။

သူ့မိခင်သည် အလုပ်သွားတိုင်း သူ့ကို ခေါ်သွားခဲ့သည်။ လုပ်ငန်းခွင်ထဲမှ တီးတိုး တီးတိုး သဖန်းပိုးသံများ နှင့် ပြုံး မယောင် မျက်ခွက်များ ကသူ့နှလုံးသားကို အပ်နှင့် ဆွသလို နာကျင်စေသဖြင့် သူ့သားကလေးကို အခြားကလေးများ နှင့် မရောစေဘဲ တသီးတသန့် ထားခဲ့မိသည်မှာ တစ်နှစ် ပြီးနောက်တစ်နှစ် ၊ နောက်ထပ် တစ်နှစ် ၊ နှစ် ပေါင်းများ စွာ ။

မိုက်ကယ်ကေသည် သူ့အမေ ကြမ်းတိုက်နေသည်ကို တိတ်ဆိတ်စွာ ထိုင်ငေးနေခဲ့သည်။ ပျက်ယွင်းသည့် ရုပ်ဆင်းသဏ္ဍာန်နှင့် လိုက်ဖက်လှသည့် ထုံထိုင်းသော ဦးနှောက်ကို သူ့အား ဘုရားသခင် ပေးသနားတော် မူလေခဲ့သော ကြောင့် အခြားကလေးများ လို ပုံမှန်ကမ်းမှန် ကျောင်းမတက်နိုင်ရှာ။ ခဏတက်ကြည့်ပြီး ပြန်ထွက်ခဲ့ရသည်။ ဒီလိုနှင့် ဖူရေး ရှိ ဟူးဝစ်နိုရန်းနီးယပ်စ်ကျောင်းသို့ သူ သွားခဲ့ရသည်။ သူ့လိုပင် ကံအကြောင်းမလှရှာသည့် အခြားသော ကလေးများ နှင့်အတူ ဉာဏ်ရည်နိမ့်ကလေးများ ကျောင်းတွင် အစိုးရစရိတ်နှင့် သူ နေထိုင်ခဲ့ပြီး အရေး ၊ အဖတ်၊ အတွက်အချက်၊ တံမြက်စည်းလှည်း၊ ကြမ်းတိုက်၊ ကြေးချွတ်၊ အိပ်ရာခင်းလဲ၊ ပန်းကန်ဆေး၊ရွှေပေါ်ထိုး၊ မြေတူး၊ အဋ္ဌာရသ ဆယ့်ရှစ်ရပ် ပညာရပ်များ ကို သင်ကြားခဲ့ရသည်။ ဆယ့်ငါးနှစ် သားမှာ ဟူးဝစ်နိုရန်းနီးယပ်စ်ကျောင်းမှ ထွက်တော့ကိတ်တောင်း မြို့တော် စည်ပင်သာယာဌာန၊ ဥယျာဉ်ပန်းမန် ပျိုးထောင်ရေး ဌာနခွဲမှာ ဒု-လက်ထောက် ဥယျာဉ်အထွေထွေလုပ်သား အဆင့်ကြီးများ တောင် သူ ရခဲ့သည်။ သုံးနှစ် သုံးမိုး အဲဒီ မှာ အလုပ်လုပ်ပြီးတော့ သူ အလုပ်လက်မဲ့ဘဝနှင့် အိပ်ရာထဲခွေရင်း လက်ချောင်းများ ကို ရွှေထွက်မတတ်စူးစူးစိုက်စိုက် ကြည့်နေခဲ့သည်။ မကြာမီ ဂရင်း ဈေးရင်ပြင် ပြည်သူ့မြေအောက်အိမ်သာ ညစောင့်ရာထူးကြီးကို သူ လက်ခံရယူ၏ ။ စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ရင်း သော ကြာတစ်ည အိမ်ပြန်နောက်ကျ၊ မြေအောက်ရထားလမ်းတစ်နေရာမှာ လူနှစ် ယောက် က သူ့ကိုချ၊ နာရီ၊ ပိုက်ဆံအိတ်နှင့် ဖိနပ်ပါမကျန် ချွတ်သွားကြ၊ သူတို့ဆီက အဆစ်လွှဲသွားသည့် လက်မတစ်ဖက်နှင့် နံရိုးကျိုးနှစ် ချောင်း လက်ဆောင်ရ၊ ဒီကိစ္စ ဖြစ်ပြီးကတည်းကသူ ညစောင့်ဘဝကို ခဝါချ၊ ဥယျာဉ်အလုပ် ပြန်လုပ်ရ၊ နှစ် ပရိစ္ဆေဒ ကြာလာတော့ ဒုပြုတ်ကာ လက်ထောက်ဥယျာဉ်လုပ်သားကြီးများ တောင် ဖြစ်ခဲ့သဗျ။

ပုံစံက ဒုံပြန်၊ ရုပ်ကလာပ်က စုတ်ပြတ်လှသည့် မိုက်ကယ်ကေမှာ ရည်းစားဆိုလို့ စိတ်နှင့်တောင် ပြစ်မှား စရာ မရှိရှာ။ သူကလည်း တစ်ကိုယ်တည်း နေရသည့်ဘဝမှာ အသားကျနေခဲ့ပြီ။ သူ့အလုပ်နှစ် ခုလုံးက သူ့ကိုအထီးကျန်ဘဝ မရောက်ရောက်အောင် တွန်းပို့ခဲ့သည်ဆိုလျှင်လည်း မမှား ။မြေအောက်အိမ်သာ ညစောင့်လုပ်ခဲ့စဉ်က အဖြူ

ရောက်တောက်တောက်ကြမ်းပြင်မှတစ်ဆင့် အလင်းပြန်ကာ တစ်ခန်းလုံး အရိပ်မထင်နိုင်လောက်အောင် ထိန်ထိန်တောက်လျက်ရှိသည့် နီယွန်မီးအလင်းရောင် များ အောက်မှာ သူ ပိပြားငြိမ်သက်စွာ နေခဲ့ရသည်။ ဥယျာဉ်ထဲမှာ တော့ ထင်းရှူး ပင်ရှည်လမျောများ နှင့် လူသွားလမ်းကျဉ်းကလေးများ ကို ကြည့်နေရတာ သူနည်းနည်း သဘောကျမိသည်။ တစ်ခါတလေ စနေနေ့ပေမယ့် မေ့လျော့ကာ ညနေစောင်းထိ အလုပ်လုပ်ချင်လုပ်နေတတ်သည်။ တနင်္ဂနွေဆိုလျှင်တော့ နေမြင့်အောင်အိပ်ပြီး နေ့လယ်ပိုင်းတွင် မိခင်ထံ ရံဖန်ရံခါ အလည်အပတ်သွားတတ်သည်။

ဒီလိုနှင့် သူ့အသက် (၃၁) နှစ် ပြည့်အပြီး တစ်ခုသော ဇွန်လ နံနက်ခင်းမှာ ဒီဝေါလ်ပန်းခြံထဲ သစ်ရွက်ကြွေတွေ ကျုံးနေတုန်း သတင်းစကားတစ်ခု မိုက်ကယ်ကေ့ထံ ရောက်လာခဲ့သည်။ အမေ ဆေးရုံဆင်းပြီ၊ လာတွေ့လှည့်တဲ့။ ကေလည်း ပစ္စည်းတွေ သိမ်းဆည်းပြီး ဘတ်စ်ကားဖြင့်ဆွန်မားဆက်ဆေးရုံသို့ သွား၏ ။ ဆေးရုံ အပေါက်ဝရှေ့ ခုံတန်းလျားတစ်ခုပေါ်မှာ သူ့မွေးသမိခင်ကြီး ဝတ်စုံပြည့်ဝတ်ကာ ထိုင်နေသည်ကို တွေ့ရ၏ ။ သားကိုမြင်တော့ တရှုပ်ရှုပ်ဖြင့် သူ ငိုရှာသည်။ လူစိမ်းတွေ မြင်မှာ လည်းစိုးရှာသေးသဖြင့် မျက်နှာရှေ့မှာ လက်ကလေးကွယ်၍ ပေ့ါ။

အန်နာကေ တစ်ယောက် ခြေတွေ လက်တွေ ရောင် ကိုင်းလာသည်မှာ လပေါင်းများ စွာ ကြာခဲ့ပြီ။ နောက်ပိုင်းတော့ မိုက်ကပါ မိုးပုံပူဖောင်းပမာ ဖောင်းကားလာခဲ့၏ ။ ဒီလိုနှင့် လမ်းလည်း မလျှောက်နိုင်၊ အသက်တောင် မရှူနိုင်တော့သဖြင့် ဘယ်လိုမှ မတတ်နိုင်တော့ဘဲ သူ ဆေးရုံတက်ခဲ့ရသည်။ ဆေးရုံစင်္ကြံ လူသွားလမ်းပေါ်က စားထိုး၊ သေနတ်ပစ်ခံရသူလူနာတွေ ကြားထဲမှာ သူ့ကို နေရာချထားကြသည်။ သူတို့၏ သေလုမြောပါးညည်းညူသံများ ကြောင့် နေ့နေ့ညည သူ အိပ်မရခဲ့။ အရွယ်ကောင်း အားကောင်းမောင်းသန် လူငယ်တွေ တောင် တဖြုတ်ဖြုတ် သေနေကြသည့် ဒီလိုနေရာမျိုးမှာ သူ့လို အိုကြီးအိုမ ဘွားတော်ကြီးကို ဖေးမကြည့်ရှုနစ် သိမ့်ဖို့ဆရာဝန်နှင့် သူနာပြုများ မှာ အချိန်လည်း မရှိ၊ ဆန္ဒလည်း နတ္ထိ၊ ဆေးရုံပေါ်ရောက်ရောက်ချင်း အောက်ဆီဂျင်ဆိုသဟာကို သူ ရှူရသည်။ အရောင် လျော့စေဖို့ဆိုသည့် ထိုးဆေး၊ စားဆေးများ သူ့အား ပေးကြ၏ ။

ညစ်ပတ်လှသည့်ဆေးရုံခုတင်ပေါ်မှာ အိပ်ရာခင်းလည်း မရှိ၊ လူနာဝတ်စုံလည်း လဲမပေးကြဘဲ ဒီအတိုင်းထား၏ ။ နံရံကို ကိုင်ပြီး ဒယီးဒယိုင်နှင့် အိမ်သာထအသွားလမ်းမှာ မသေခင်က ပုပ်သလို ဖြစ်နေသည့် မီးခိုးရောင် ဆေးရုံဝတ်စုံဝတ်ကာစုတ်ပြတ်ယိုင်ရွဲ့နေသည့် အဘိုးကြီးတစ်ဦးကို လဲလျောင်းလျက်သား တွေ့ရသည်။ တစ်ခါတလေ သူ အိပ်ပျော်နေချိန်ကျမှ သူနာပြုဆိုသည့် ဟာမများ က အတင်းအဓမ္မနှိုးပြီး ဘာဆေးတွေ သောက်နေလဲ လာမေးချင် မေးတတ်သည်။ အမောသက်သာသွားသော်လည်း ခြေထောက်တွေ က ယားယံလာခဲ့သည်။ စိတ်ရှိလက်ရှိ ကုတ်ဖဲ့ပစ်ချင်စိတ်တွေ ကို မနည်း မျို သိပ်ထားခဲ့ရသည်။ ဆေးရုံတက်ပြီး သုံးရက်မြောက်မှာ ဆေးရုံဆင်းခွင့်ရဖို့ သက်ဆိုင်ရာတွေ ကို တောင်းပန်တိုးလျှိုးသမှ သူ စတင်ပြု၏ ။ ခု ခြောက်ရက်မြောက်နေ့ဆေးရုံအပေါက်ဝမှာ ကျခဲ့သည့် သူ့မျက်ရည်မှာ ဤ အပုပ်အစပ် အညစ်အပတ်တောထဲမှ လွတ်မြောက်လာသည့်အတွက် နှစ် ထောင်းအားရစွာ ကျရသည့် ဝမ်းသာမျက်ရည်ဟု ပြောနိုင်သည်။

အမေ့အတွက် ပိုးချဲလ်ကလေးများ ရမည် လား။ ဆေးရုံကို မေးကြည့်ပါသေးသည်။ သိတော် မူကြသည့်အတိုင်း အဖြေက ဟင့်အင်းတဲ့။ ဒီတော့လည်း လက်တစ်ဖက်က အမေ့ကိုတွဲ ၊ နောက်လက်တစ်ဖက်က အထုပ်အပိုးတွေ သယ်ရင်း ဘတ်စ်ကားဂိတ်သို့ လျှောက်လာကြသည်။ ကားဂိတ်မှာ လူတန်းကြီးက မနည်းမနော။ ကားဂိတ်ရှိ ကားအဝင်အထွက် အချိန်စာရင်းအရတော့ ဘတ်စ်ကားသည် ဆယ့်ငါးမိနစ်တစ်စီး ဧကန်စင်စစ်အမှန်တကယ် ရောက်လတ္တံ့ဟု အာမဘန္တေ ခံထား၏ ။ အဆိုပါကားကိုသူတို့သားအမိ စောင့်လိုက်သည်မှာ တစ်နာရီကျော် ကြာသွား၏ ။ လေအေးတွေ တိုက်လာခဲ့ပြီ။ အမေကေသည် ဆက်လက်တန်းစီစောင့်ဆိုင်းခြင်းငှာမစွမ်းသာတော့သဖြင့် လူတန်းထဲမှထွက်ပြီး နံရံကို ခြေပစ် လက်ပစ် မှီရင်းရပ်နေခဲ့ရာ သူ့ပုံသဏ္ဍာန်မှာ ဖုန်းတောင်းယာစကာမကြီးနှင့် ချွတ်စွပ်တူသွား၏ ။ နေရာပျောက်မည် စိုးသဖြင့် သားကေ ကတော့ လူအုပ်ထဲမှ တစ်ဆံခြည်တောင် မရွေ့ရဲ။ ပေါ်တော် မူ ဘတ်စ်ကားရောက်လာသော အခါမှာ

တော့ကားပေါ်မှာ သူတို့သားအမိအတွက် ထိုင်စရာ နတ္တိ။ မိုက်ကယ်ကေအဖို့လက်တစ်ဖက်က ဘတ်စ်ကား လက်ကိုင်တန်းကို မြဲမြဲဆုပ်၊ နောက်တစ်ဖက်က သူ့အမေကို ထွေးပွေ့ရင်း ညနေ ငါးနာရီတွင် ဆီးပွိုင့်သို့ ရောက်သည်အထိ တစ်လမ်းလုံး ဒုက္ခခံလာခဲ့ရသည်။

အတ္တလန်တစ်သမုဒ္ဒရာ မြင်ကွင်းကို ခံစားနိုင်သည့် ဆီးပွိုင့်ရှိ သူဌေးလင်မယား၏ တိုက်ခန်းတွဲ ကြီး တစ်လုံးတွင် အန်နာကေ အိမ်ဖော်လုပ်နေခဲ့တာ ရှစ်နှစ် ရှစ်မိုး ကြာမြင့်ခဲ့ပြီ။ စာချုပ်အရ သူ နံနက်ကိုးနာရီမှ ညရှစ်နာရီထိ အလုပ်လုပ်ရမည် ။ နေ့လယ်ပိုင်းမှာ သုံးနာရီ နားခွင့်ရှိပြီး တစ်ပတ်ကို ငါးရက်၊ သို့ မဟုတ် ခြောက်ရက် လုပ်ရသည်။ လုပ်ခပြည့် နားရက်တစ်ရက်ရသည်။ ကိုယ်ပိုင်အခန်းလေးတစ်ခန်း ရသည်။ မဆိုးလှပါ။ အိမ်ရှင်တွေ ကလည်း သဘောကောင်း၏ ။ ဒီအလုပ်ကို အန်နာကေ တတ်အားသရွေ့ အစွမ်းရှိလို၏ ။ သို့ သော် လွန်ခဲ့သည့် တစ်နှစ် လောက်ကစပြီး သူ့ကျန်းမာရေး က ယိုယွင်းလာ၏ ။ ခေါင်းက မိုက်ကန် မူး၏ ။ ရင်ညွှန့်က လှိုက်ကနဲအောင့်၏ ။ ထို့နောက်တွင် တော့ သူ မိုးကနဲ မိုက်ကနဲ လဲတတ်လာသည်။အိမ်ရှင်များ က သူ့ကို ထမင်းချက် ဟင်းချက်လောက်သာ ခိုင်းတော့သည်။ကျန်အိမ်ကိစ္စများ အတွက် အမျိုးသမီးငယ်တစ်ဦး ထပ်ငှားကြ၏ ။ သူ့လစာလည်း သုံးပုံတစ်ပုံခန့် လျော့သွားသည်။ သို့ သော် အခန်းကိုတော့ မဖယ်ခိုင်းခဲ့ကြ။ အန်နာကေ၏ ကျန်းမာရေး သည် ဆိုးသည်ထက် ဆိုးလာ၏ ။ ဆေးရုံမတက်မီ သုံး-လေးပတ်လောက်မှာ တော့ ဘာအလုပ်မှ မလုပ်နိုင်ဘဲ သူ့အိပ်ရာထဲ ဗုန်းဗုန်းလဲ၏ ။ အိမ်ရှင်မိသားစု၏ ပေးစာကမ်းစာဖြင့် သာ သူအသက်ရှင်နေထိုင်ခဲ့ရသည်။

သူ့အခန်းက လှေကားအောက်တည့်တည့်မှာ ။ မူလက တိုက်ခန်းတွဲကြီးတစ်ခုလုံးအတွက် လေအေးပေးစက်ကြီးထားဖို့ ရည်ရွယ်ခဲ့သော်လည်းမတပ် ဖြစ်ခဲ့ကြဘဲ အန်နာ့စံနန်းအ ဖြစ်သာ အသုံးတော် ခံခဲ့ရသည့် ထိုအခန်းတံခါးပေါ်တွင် အနီရောင် အရိုးခေါင်းပုံနှင့် အန္တရာယ် အမှတ်အသားကြီးက ထင်းလျက်။ လျှပ်စစ်မီး မရှိ၊ ပြတင်းပေါက် မရှိ၊ အခန်းတွင်းမှ လေသည် အမြဲတစေ ဖုန်နံ့တွေ လှိုင်လျက်။

မိုက်ကယ်သည် အခန်းတံခါးကို ဖွင့်လိုက်သည်။ ဖယောင်းတိုင်တစ်တိုင်ကို ထွန်းလိုက်သည်။ သူ့အမေအန်နာ အိပ်ရာပြင်နေတုန်း သူအခန်းအပြင်သို့

ထွက်နေလိုက်သည်။ ထိုနေ့မှစ၍ မိုက်ကယ်သည် ညနေတိုင်းဤအခန်းသို့ ဝတ္တရားမပျက် လာ၏ ။ သူ့အမေကို စွပ်ပြုတ်ကျွေး၏ ။ဗာဟီရကိစ္စတွေ လုပ်ပေး၏ ။ အမေ မျက်ရည်ကျတော့ အမေ့ကို ဖက်ကာနှစ် သိမ့်ရပြန်၏ ။ တစ်ညနေမှာ တော့ ဘတ်စ်ကား မရသဖြင့် မလှုပ်သာမလှည့်သာ အမေ့အခန်းထဲက ဖျာပေါ်မှာ ပင် ကုတ်အင်္ကျီဝတ်လျက်နှင့် သူညအိပ်ခဲ့ရသည်။ ညနက်သန်းခေါင်မှာ တော့ တစ်ကိုယ်လုံး ခိုက်ခိုက်တုန်ကာအရိုးထဲထိ စိမ့်နေအောင်အေးသည့် အအေးဒဏ်ကြောင့် လန့်နိုးခဲ့ရသည်။သူ ပြန်အိပ်လို့ မရတော့။ ညမထွက်ရ အမိန့်ကြောင့် ပြန်လို့လည်း မရ။ဒီလိုနှင့် မိုးလင်းသည်အထိ ကုလားထိုင်ပေါ်မှာ တုန်တုန်ယင်ယင်ဖြင့် ထိုင်နေခဲ့ရသည်။ အမေ ကတော့ ဟောက်များ တောင်နေလိုက်သေးသည်။မိုက်ကယ့်အဖို့ ကတော့ဖြင့် ဒီ မလှုပ်သာ မလှည့်သာ မီးခြစ်ဘူးသာသာအခန်းကလေးထဲမှာ အမေနှင့် နှစ် ယောက် တည်း ရှည်လျားလှသည့် ညနေခင်းများ ကို အတူတကွ ဖြတ်သန်းရခြင်းကို မကြိုက်ရေး ချ မကြိုက်။ အမေ၏ ဖူးဖူးထအောင် ရောင် ကိုင်းနေသော ခြေထောက်များ ကို မြင်နေရသည်ကိုသူ စိတ်မချမ်းသာ။ ဒါကြောင့် လည်း အမေ့ကိုတွဲ တိုင်း သူ မျက်နှာလွှဲထားလေ့ရှိသည်။ ညည လက်အိတ်တွေ စွပ်အိပ်တတ်သော် လည်း အမေ့မှာ မခံသာအောင် ယားယံရှာသည်ထင်၏ ။ အမေ့ပေါင်နှင့် လက်မောင်းများ ပေါ်မှာ ကုတ်ရာခြစ်ရာတွေ က အထင်းသား။ သို့ သော် လည်း မည် သို့ ပင် စိတ်ပျက်စေကာမူ မိုက်ကယ်ကေ တစ်ယောက် သူ့တာဝန်နှင့် ဝတ္တရားကိုတော့ဘယ်တော့မှ မမေ့ရှာ။ ဟူးဝစ် နိုရန်းနီးယပ်စ်ကျောင်းမှာ တုန်းက စက်ဘီးစတန်းနားမှာ ထိုင်ရင်း သူ့ကို ဤလူ့ဘုံခန်းဝါသို့ အဘယ်ကြောင့် များ ခေါ်ယူခဲ့ကြသလဲဆိုသည့် ပြဿ နာကြီးကို ထိုင်စဉ်းစားခဲ့ဖူးသည်။ တကယ်တော့လည်း အဖြေကို ထိုအချိန်ကတည်းက ရခဲ့ပါ၏ ။ ဤလောကကမ္ဘာသို့ သူရောက်ခဲ့ရခြင်း အကြောင်းရင်းမှာ အမေ့ကို ပြုစုစောင့်ရှောက်ဖို့ မဟုတ်လား။

သို့ သော် လည်း သူ့သား မိုက်ကယ် မည် သို့ ပင် နှစ် သိမ့်စေကာမူဤအခန်းကို လက်လွှတ်ရလျှင်ဖြင့်ဆိုသည့် အန္တရာယ်အတွေ းနှင့် အကြောက်တရားတို့ကို ပြေပျောက်စေခြင်းငှာ မည် သို့ မှ မစွမ်းသာ။ ဆွန်မားဆက်ဆေးရုံစင်္ကြံလမ်းမှ သေခါနီး တွေ

ကြားမှာ ကုန်ဆုံးခဲ့ရသည့် ညတွေ အကြောင်း ပြန်တွေးရင်း ဤ ဗရုတ်ဗရက် စစ်ပွဲကာလအတွင်း ၊ အကြီးအကျယ် နာမကျန်း ဖြစ်နေသည့် အဘွားအိုကြီး တစ်ယောက် ၏ သေချာရေရာခြင်းကင်းမဲ့လှသည့်ဘဝကို သူ စက်ဆုပ်နာကြည်းမိ၏ ။ လက်လှုပ်မှ ပါးစပ်လှုပ်ရသည့် သူတို့လို လူမျိုးတွေ အတွက် ခုလို တစ်ကိုယ်လုံး မလှုပ်နိုင်တော့ချိန်မှာ အိမ်ရှင်၏ သဘောမနောကောင်းမှု ကို မည် မျှထိ ယုံကြည်ကိုးစားနိုင်မည် နည်း။ ထုံလှထိုင်းလှသည့် သား ဖြစ်သူ၏ တာဝန်ကျေမှု ကို ဘယ်လောက်ထိ စိတ်ချနိုင်မည် နည်း။ ခုတင်အောက်ရှိ သေတ္တာထဲမှ အိုစာမင်းစာကလေးများ တော့ကျန်နေသေးသည်။ အသစ်ထုတ်သည့် ငွေစက္ကူများ က ပိုက်ဆံအိတ်တစ်လုံး၊တရားမဝင်ဟု ကြေညာခြင်းခံထားရပြီး အသစ်နှင့်လဲလို့ ရ၊ မရ မသေချာသည့် ငွေစက္ကူအဟောင်းများ က ပိုက်ဆံအိတ်တစ်လုံး။

ဒီလို ဧကန်မဲ့သည့် အခြေအနေများ ကြောင့် ပင် မိုက်ကယ် ပန်းခြံမှအပြန် သူ့ထံရောက်လာသည့် တစ်ညနေမှာ တော့ အန်နာသည် သူ့စိတ်ထဲတွင် ရှိနေသည့် စီမံကိန်းကို အကောင်အထည်ဖော်ရန် စတင်စဉ်းစားစပြုလာ၏ ။ သူ့ဘဝရှင်သန်ရေး အတွက် အထောက်အကူ မပေးနိုင်လောက်တော့သည့် ဤမြို့တော် ကို သူ ခွာမည် ။ ဇာတိချက်ကြွေ မွေးရပ်မြေတောကို ပြန်တော့မည် ။

အန်နာသည် ပရင့်စ်အဲလ်ဗတ် ခရိုင် ယာခင်းတစ်ခုအတွင်း ၊ မွေးဖွားခဲ့သည့် တောသူစစ်စစ်။ သူ့အဖေက အရက်သောက်လွန်းသဖြင့် ကြောင်တောင်တောင် ဖြစ်နေခဲ့သည်။ သူ ပုစိဉ်ဘြောက်တောက် ဘဝက ယာခင်းတွေ တစ်ခုပြီး တစ်ခု ပြောင်းရွှေ့ပြီး နေခဲ့ရသည်ကို မှတ်မိ၏ ။ သူ့အမေ ကတော့သူများ အိမ်တွေ မှာ အဝတ်လျှော်၊ ထမင်းချက် အိမ်အကူပေါ့။ အန်နာကလေးကလည်း အမေ့ကို တတ်အားသရွေ့ ကူခဲ့ရသည်။ နောက်ပိုင်းတော့ သူတို့အော့ရှန်းမြို့ကို ပြောင်းလာကြသည်။ ထိုမြို့ရောက်တော့ အန်နာ ကျောင်းစတက်ရသည်။ သားဦးကလေးရတော့ ကိတ်တောင်းသို့ သူ ပြောင်းလာခဲ့သည်။ နောက်ကလေး တစ်ယောက် ထပ်ရသည်။ ကလေးအဖေကလည်းနောက် တစ်ယောက် ။ တတိယ တစ်ယောက် ကတော့ အဖတ်မတင်။ နောက်ဆုံး ကတော့ မိုက်ကယ်ပေါ့။

သူ မှတ်မိသလောက်တော့ ဘဝမှာ အပျော်ရဆုံး အချိန်ကာလများ သည် အော့ရှန်းတွင် နေထိုင်ခဲ့ရချိန်များ သာ။ အန်နာ့ရဲ့ ရွှေခေတ်တွေ ပေါ့။ကြက်ခြံထဲက ကြက်တွေကို ချုံပုတ်များ ထဲမှ ပုန်းကွယ်စောင့်ဆိုင်းရင်းကြက်ဥခိုးကောက်ရသည့် အရသာကို သူ ခုထိ စားမြုံ့ ပြန်လျှင် ခံတွင် းတွေ ့တုန်း။ သူ့ မီးခြစ်ဘူးအခန်းလေးထဲက ခုတင်ပေါ်မှာ လှဲရင်း ဒီလို သူဦးသူဆော်၊ ကိုယ်ဦး ကိုယ်ဆော်နေကြသည့် အဝီစိဆင်းတော့မလို ပြွတ်သိပ်ကျပ်သိပ်နေသော ဘတ်စ်ကားများ ရှိသည့်၊ အစားလေးတစ်လုတ် ဝယ်စားရဖို့အရေး တစ်မျှော်တစ်ခေါ် တန်းစီရတတ်သည့်၊ မောက်မာရိုင်းစိုင်းသော ဆိုင်ရှင်များ ရှိသည့်၊ သူခိုးများနှင့် သူတောင်းစားများ ပျော်မွေ့သည့်၊ ညစဉ်ညတိုင်း သွေးပျက်ဖွယ် ဥသြသံတွေ စီစီညံညံ ကြားရတတ်သည့်၊ လူတွေ ့လျှင် အစစ်အဆေး အမေးအမြန်းမရှိ ပစ်သတ်နိုင်သော ညမထွက်ရအမိန့်ကမ္ဘာတည်အောင် ထုတ်ထားသည့်၊ အမြဲတမ်း စိုစွတ်အေးစိမ့်နေသည့်မြို့တော် ဆိုတာကြီးကို စုံကနကာ တောသို့ ပြန်ချင်စိတ်တွေ ထိန်းမနိုင်သိမ်းမရ ဖြစ်လာခဲ့သည်။

ရွာမှထွက်လေ တောမှာ သေ ဆိုချင်ဆိုပါစေတော့။ အနည်းဆုံးတော့တောမှာ ကောင်းကင်ပြာပြာကြီးကို တဝကြီးကြည့်ရင်း သေခွင့်ရမည် မဟုတ်လား။

ထိုအကြံ ထိုစီမံကိန်းကို သူ့သား မိုက်ကယ်အား ပြောပြချိန်မှာ တော့ တောမှာ သေမည့် စကား တစ်လုံးတစ်ပါဒမှ သူ ထည့်မပြော။မိုက်ကယ့်ကို သူအကြံပေးသည်က ပန်းဥယျာဉ်အလုပ်မှ နတ်ထွက်၊ ပြီးတော့သူနှင့်အတူတူ ပရင့်စ်အဲလ်ဗတ်နယ်သို့ ထွက်မည့် ရထားပေါ်တက်၊ ဟိုရောက်လျှင် သူက အခန်းတစ်ခန်း ငှားမည် ။ မိုက်ကယ်က ယာခင်းတစ်ခုမှာ အလုပ်ရှာ။ အကယ်၍ မိုက်ကယ် ရမည့် အခန်းသည် ကျယ်ကျယ်ဝန်းဝန်းရှိလျှင်တော့ သူပါ အတူနေမည် ။ မဟုတ်လျှင်တော့ ထုံးစံအတိုင်း စနေ၊ တနင်္ဂနွေများ မှာ သားလှရွှေသွေး မိုက်ကယ်လေးက သူ့ဆီလာပေါ့။အို-သူ့စကား သူ့သားက ယုံစားပါ့မလား။ မယုံ၍ မရ။ သူသက်သေပြမည် ။ ခုတင်အောက်က အိတ်ကြီး ထုတ်လိုက်စမ်း၊ ဖွင့်လိုက်စမ်း၊ ဟော-ပိုက်ဆံ အိတ်ကြီးနှင့် တစ်လုံး အပြည့်အသိပ်ရှိနေသော ငွေစက္ကူသစ်များ ကို မိုက်ကယ် တွေ ့သွားပြီ။ မတွေ ့ရှိမလား။ အစောကြီးကတည်းကဒီယုန်မြင်၍ ဒီချုံထွင်ထားမင့်ဟာကို။

သို့သော်လည်း မိုက်ကယ့်ထံမှ သံသယစကားများ ကြားရလိမ့်ဦးမည် ဟု သူ တင်ကြိုတွေးဆထားခဲ့သည်။ တောမြို့ကလေးမှာ ဘုမသိဘမသိ သူစိမ်းနှစ် ယောက် ဘယ်လို စခန်းသွားရပဲ့။ ဒီကြားထဲ တစ်ယောက် က အိုမင်းကုန်းကွ သုံးမရလောက်အောင် ကျန်းမာရေး ချွတ်ခြုံကျနေသော အဘွားကြီး၊ ဒီစကားတွေ အတွက် အဖြေကို သူ အဆင်သင့် တွေးဆကြံစည်ထားသော်ငြားလည်း နောက်ဆုံးမှာ တော့ အဟောသိကံ ဖြစ်ခဲ့ရသည်။ သူ့သား မိုက်ကယ်သည် သူ့စီမံကိန်းအပေါ် စဉ်းငယ်မျှပင် သံသယ မရှိရှာ။

သူ့အမေ သူ့ကို ဟူးဝစ် နိရန်းနီးယပ်စ်ကျောင်းမှာ ပေယျာလကန် ထားသွားခဲ့စဉ်ကတည်းက မှောင်မိုက်မှာ ငိုရင်း ထိုင်မက်ခဲ့ရသည့် မိုက်ကယ်လေး၏ အိပ်မက်တို့သည် ခုတော့ လင်းအရုဏ်သန်းလာခဲ့ပြီလေ။ ဉာဏ်ကြီးလှသည့်အမေ၏ စီမံကိန်းကို ဘောက်မဲ့ကြောင့် သူက ကန့်ကွက်ရမည် နည်း။ခြွင်းချက်မရှိ ထောက်ခံ၏ ။ မိုက်ကယ့်မျက်လုံးများ က ခုတင်အောက်ရှိအိတ်ထဲတွင် ရှိနေသော အသစ်စက်စက် ငွေစက္ကူ များ ကို မမြင်၊ တစ်နေကုန်ယာခင်းထဲမှာ အလုပ်လုပ်ပြီး ညနေစောင်း မောမောပန်းပန်းဖြင့် အိမ်ပြန်လာသည့် သူ့ကို မီးခိုးခေါင်းတိုင်လေးမှ အငွေ့တလူလူတက်နေသည့် ချစ်စရာ့ယာခင်းအိမ်ကလေး အပေါက်ဝမှ အပြုံး ဖြင့် ဆီးကြိုနေသည့် အမေ့ပုံရိပ်ကိုသာ သူ့ အရွှတ္တစက္ခုအာရုံမှာ မြင်ယောင်နေတော့သည်။

နောက်တစ်နေ့ မနက်မှစ၍ မိုက်ကယ် တစ်ယောက် အလုပ်မဆင်းပါလေတော့။ အမေ့ပိုက်ဆံတွေ ကို အထုပ်တွေ ခွဲပြီး ခြေအိတ်တွေ ထဲ ထည့်၏ ။ ဘူတာရုံကို သူ သွား၏ ။ လက်မှတ်ရုံသို့ ရောက်၏ ။ အရောင်းစာရေး ထံမှ သူ သိခဲ့ရသလောက် ဖောက်သည်ချရလျှင် ပရင့်စ်အဲလ်ဗတ်သို့ သွားမည့် ရထားလက်မှတ်နှစ် စောင်ကို ခု ချက်ချင်း ပျော်ပျော်ကြီး ရောင်းပေးလိုက်လို့ ရကြောင်း (ဒါတောင် ပရင့်စ်အဲလ်ဗတ်လား၊ ပရင့်စ်အဲလ်ဖရက်လား သေချာအောင် သူ မေးနေသေးသည်)၊ သို့သော် လက်မှတ်ရရုံဖြင့်ရထားပေါ် ကော့ကော့မော့မော့လေး တက်လိုက်သွားလို့ရမည် မထင်လေနှင့် ၊ ကိတ်တောင်း ဌာနာပိုင်ရဲစခန်းမှ ထုတ်ပေးသည့် တရားဝင် ထွက်ခွာခွင့်လက်မှတ် ဆိုသဟာကို ရအောင်ယူရလိမ့်ဦးမည် ။ အစောဆုံးရောင်းချပေးနိုင်မည့် ရထားလက်မှတ်မှာ နောက်နှစ်

လအကြာ ဩဂုတ်လ (၁၈)ရက်နေ့အတွက် ဖြစ်၏ ။ ထွက်ခွာခွင့်လက်မှတ် ရနိုင်သည့်နေရာ ကတော့ရဲစခန်းမှတစ်ပါး အခြားမရှိ။ ဒီထက်များ စောပြီး ရနိုင်မလားဟု မဝံ့မရဲစောဒကတက်မိတော့ စာရေး တော် ကြီး မျက်ထောင့်နီစပြု လာသည့်အတွက်မိုက်ကယ့်ရင်ထဲက စကားလုံးများ ကို အသာမျိုချထားလိုက်၏ ။

အမေက အတော် လေး မမာလို့ပါဟု သက်သာလို သက်သာငြားပြောမိတော့ စာရေး က ထိတ်ထိတ်ပျာပျာဖြင့် ရဲစခန်းရောက်လျှင် အမေမမာလို့ ဆိုသည့်စကား ယောင်၍ မျှ မထွက်မိစေနှင့် ဟု စေတနာ ဗရပွနှင့် သူ့ကို သွန်သင်ဆုံးမတော် မူလိုက်သည်။

ဘူတာမှ ထွက်လာတော့ မိုက်ကယ်ကေသည် ကလီဒန်ရင်ပြင်ရှိရဲဌာနသို့ တန်းသွား၏ ။ လူတန်းရှည်ကြီးနောက်မှ နှစ် နာရီတိတိကြာအောင်တန်းစီ၏ ။ သူ့ရှေ့မှ စီနေသည်က ကလေးအမေ။ ကလေးက တပြုံပြုံအော်ငိုနေ၏ ။ အချိန်တန်တော့ နွားပိန်ကန်ကာ ပုံစံနှစ် စောင်ရ၏ ။ တစ်စောင်ကအမေ့အတွက်၊ တစ်စောင်က သူ့အတွက်။

တာဝန်ကျစားပွဲမှ ရဲမက -

''ရထားလက်မှတ် ဘွတ်ကင်တွေ ကို ပုံစံအပြာမှာ ပင်အပ်နဲ့တွဲ ပြီးအခန်း ၄-၅ ကို ယူသွားပြီး သွားတင်ချေ''

ဟု ခက်ထန်တင်းမာစွာ မိန့်ကြားသည်ကို မိုက်ကယ်ကေ တစ်ယောက် ငြိမ်ဝပ်ပိပြားစွာ လိုက်နာခဲ့သည်။

မိုးတွေ သည်းလာခဲ့ပြီ။ အန်နာကေသည် သူ့မီးခြစ်ဘူး အခန်းလေးထဲသို့ ရေတွေ စီးမဝင်လာစေဖို့အရေး အခန်းတံခါးအောက်မှာ အဝတ်စုတ်အဟောင်းတွေ ဆို့ရင်း ဗျာများ နေလေ၏ ။ အခန်းထဲမှာ တော့ ပိုးသတ်ဆေးနံ့နှင့် ထုံးနံ့တို့ ထောင်းထောင်းထနေ၏ ။

''ငါ့မလဲ ဒီအခန်းထဲနေရင်း ကြာရင် တုံးအောက်ကဖား ဖြစ်တော့မယ်၊ ငါ ဩဂုတ်ထိ မစောင့်နိုင်ဘူး''

အန်နာကေက တတွတ်တွတ် ညည်းတွားရင်း မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ

ခုတင်ပေါ်လှဲချလိုက်သည်။ တုံးအောက်ကဖား အန်နာကအိပ်နိုင်သော် လည်း ဖား၏ သား မိုက်ကယ် ကတော့ အသက်ရှူ၍ ပင် မရလောက်အောင် မွန်းကျပ်လာသဖြင့် အခန်းထဲမှ ထွက်ကာ လမ်းထောင့်ရှိဆိုင်သို့ သူ သွား၏ ။

"ပေါင်မုန့် မရှိဘူး၊ နွားနို့ ကုန်ပြီ၊ နက်ဖြန်မှ လာခဲ့"

ဆိုင်ဝန်ထမ်းလုပ်သူ၏ စကားသံကို နားဆင်ခံယူရင်း မိုက်ကယ်သည် ဘီစကွတ်များ နှင့် နို့ဆီတစ်ဘူး ဝယ်လိုက်သည်။ သဲကြီးမဲကြီး ရှာနေသည့် မိုးကို သူ မတ်တတ်ရပ်ရင်း ငေးကြည့်နေခဲ့သည်။ နောက်တစ်နေ့မှာ တော့ ရဲဌာနသို့ သူ ထပ်သွား၏ ။ သူတို့ လျှောက်လွှာများ ကို စိစစ်ပြီးပရင့်စ်အဲလ်ဗတ်ရဲစခန်းမှ အတည်ပြုချက်ရပြီးလျှင် ခရီးသွားလာဖို့ ခွင့်ပြုမိန့်ကို စာတိုက်မှတစ်ဆင့် ပို့လိုက်မည် ဆိုပဲ။

ဒီဝေါလ်ပန်းခြံသို့ သူ သွား၏ ။ ထင်တဲ့အတိုင်းပါပဲ။ ခွင့်မဲ့ပျက်ကွက်သည့် ပြစ်ဒဏ်ကြောင့် သူ့ကို အလုပ်ထုတ်လိုက်ပြီတဲ့။ ဘာအရေး တုန်း။ဥယျာဉ် အလုပ်သမားခေါင်းကို သူ ပြန်ပြောခဲ့သည်။

"ကိတ်ချန ရှိပါဘူး၊ ကျုပ်တို့ရဲ့ ဒီမှာ အနေတော့ပါဘူး၊ နကြာခင်အညွှေ့ကိုထော်ပြီး ထွက်အွားတော့မှာ "

ဟူးဝစ် နိရန်းနီးယပ်စ်ကျောင်းကို သူ့အမေ လာလည်စဉ်အချိန်များ ကို မိုက်ကယ် သတိရနေမိသည်။ အမေလာတိုင်း စားစရာ၊ သောက်စရာတစ်ခုခုတော့ ပါစမြဲ။ သားအမိနှစ်ယောက် ကစားကွင်းထဲမှာ လမ်းလျှောက်ကြသည်။ မောလာလျှင် လက်ဖက်ရည် သွားသောက်ကြသည်။ ထိုနေ့မျိုးဆိုလျှင် ကျောင်းမှ ကလေးတိုင်း ကာကီဝတ်စုံသစ်ကိုယ်စီနှင့် ဧည့်မျှော်ကြစမြဲ။ မိဘမဲ့ကလေးများ ကတော့ မျက်နှာငယ်လေးတွေ ကိုယ်စီနှင့်ပေါ့။

သူက အဲသလို မဟုတ်။ သို့ကလိုကြောင့် လည်း-

"ညာ့အဖေ တေပြီရေ၊ အညေ ကတော့ အရုတ်ရုတ်တယ်"

ဟု သူငယ်ချင်းများ ကို ခေါင်းတမော့မော့၊ လည်တခါခါဖြင့် သူကြွားတတ်စမြဲ။

မှော် င်ရိပ်သန်းသည့် ညနေစောင်းများ မှာ အခန်းထောင့်တွင် ကုရှင်တွေ၊ စောင်တွေ ရသလောက်ပုံပြီး ထိုအပုံပေါ်ထိုင်ကာ အမေ့ အသက်ရှူသံကို မိုက်ကယ် နားစွင့်နေစမြဲ။ အမေကလည်း အိပ်-အိပ်နိုင်လွန်းသည်။အချိန်ရှိသရွေ့ အိပ်၍ ချည်းနေတော့သည်။ တစ်ခါတလေတော့ မိုက်ကယ်လည်း စောင်ပုံပေါ်ထိုင်ရင်း ငိုက်ကနဲ၊ စိုက်ကနဲ၊ ဖျတ်ကနဲ လန့်နိုးတော့တစ်လောကလုံး မှော် င်နှင့်မည် းမည် း၊ မနက်လင်းလျှင် ခေါင်းတွေ တဒိန်းဒိန်းကိုက်နေမြဲ။ ခုထိ ပေါ်မလာသေးသော ခရီးသွားခွင့်ပါမစ်ကို စောင့်ရင်း သူရောက်တတ်ရာရာ လျှောက်သွား၏ ။ အခြေအနေတွေ က တိုး၍ တိုး၍ ဆိုးလာသယောင်ပင်။

တစ်ခုသော တနင်္ဂနွေမှာ တော့ မိုက်ကယ် တစ်ယောက် မနက်အစောကြီး ဒီဝေါလ်ပန်းခြံသို့ ထထွက်သွား၏ ။ ဂိုဒေါင်တံခါးသော့ ကို သူ ဖျက်၏ ။အထဲမှ အမှိုက်ကျု းသည့် လက်တွန်းလှည်းကလေးတစ်စီးနှင့် အခြားပစ္စည်းပစ္စယများ ကို ယူပြီး ဆီးပွိုင့်သို့ ပြန်လာခဲ့သည်။ တိုက်ခန်းတွဲ ကြီး၏ နောက်ဖေးလမ်းကြားထဲမှာ မိုက်ကယ် တစ်ယောက် အလုပ်တွေ ရှုပ်နေသည်။လက်တွန်းလှည်းကို လူစီး၍ ရသည့် အနေအထားသို့ ရောက်အောင် တတ်သရွေ့ မှတ်သရွေ့ သူ ပြုပြင်နေ၏ ။ ခိုင်ခံ့အောင် ဝါယာကြိုးများ နှင့် အထပ်ထပ်ချည်နှောင်၏ ။ အားလုံး ပြီးစီးသည့်အခါ မာတာမိခင်ကျေးရူးရှင် ကိုသိကြားမင်း၏ စီးတော် ယာဉ်တမျှ ခံ့ညားလှသည့် မိတ်အင်မိုက်ကယ်လက်တွန်းလှည်း စီးကြည့်ဖို့ သူ ဖိတ်ခေါ်၏ ။

''အဩ ယေကောင်းယေတန့်ရေး ဘာရေး ခြုံရင် တောင်းနယ်ဂျာ၊ ထု နားနာရီကျော်ဘီ၊ ယုတ်ပါ၊ လာပါ၊ အကြင်ထွက်ကြစို့ယဲ့''

မိုက်ကယ် ဘယ်လိုပြောပြော အမေ ကတော့ ဟင့်အင်းပဲ။

''ဟဲ့- အမှိုက်ကျုံးတဲ့ လက်တွန်းလှည်းကြီးစီးသွားရင် တိုက်ခန်းပေါ်က လူတွေ ငါ့ကို ဝိုင်းရယ်ကြမှာ ပေါ့ မိုက်ကယ်ရဲ့ ၊ ငါ ရှက်တယ်၊စီးဘူး''

အမေ အန်နာ၏ သံမဏိ အဓိဋ္ဌာန်သည် နောက်တစ်နေ့မှာ အရည်ပျော်၏ ။

ညနေစောင်းမှာ လက်တွန်းလှည်းစီးဖို့အရေး အန်နာကေသည် ကုတ်အင်္ကျီဝတ်၊ ဦးထုပ်ဆောင်း၊ လက်ကိုင်အိတ်ကိုင်ပြီး တတ်အားသရွေ့ အလှပြင်ကာ ထွက်လာခဲ့သည်။ မိုက်ကယ်က သူ့အမေကို လက်တွန်းလှည်းပေါ်တွင် တတ်နိုင်သလောက် သက်သောင့်သက်သာ ဖြစ်စေဖို့အရေး နေရာချပေး၏ ။ ပြီးတော့ ကမ်းခြေဆီသို့ တဖြည်းဖြည်းချင်း တွန်းလာခဲ့သည်။

ကမ်းခြေမှာ တော့ ခွေးတစ်ကောင်နှင့်အတူ လမ်းသလားနေသည့် အဘိုးကြီး၊ အဘွားကြီး စုံတွဲ တစ်တွဲ မှလွဲ၍ လူသူလေးပါး ကင်းရှင်းလျက် ရှိသည်။အန်နာသည် တွန်းလှည်းပေါ်တွင် ပုံ့ပုံ့ကြီးထိုင်ကာ လတ်ဆတ်အေးမြသည့် ပင်လယ်လေကို တဝကြီး ရှူ၏ ။ ကိုက်တစ်ရာခန့် တွန်းပြီးနောက် ကျောက်ဆောင်တွေ ကို ပင်လယ်လှိုင်းလုံးများ ရိုက်ပုတ်နေသည့်မြင်ကွင်းကို သားအမိနှစ် ယောက် ခံစားကြသည်။ အတော်ကြာတော့တွန်းလှည်းတွန်းပြန်သည်။ ကိုက်တစ်ရာလောက်တွန်းပြီး ခဏ နားကြပြန်သည်။ နောက်တော့ သူတို့ ပြန်လှည့်လာခဲ့ကြသည်။ မိုက်ကယ်သည် တွန်းရင်းတန်းလန်းဖြင့် သူ့အမေ၏ ခန္ဓာကိုယ် အတ္တဘောကြီးသည် မည် မျှလေးလံသည်ကို လည်းကောင်း၊ တွန်းလှည်းသည် မည် မျှ ယိုင်ရွဲ့နေသည်ကို လည်းကောင်း ကောင်းစွာ သတိပြုမိသည်။ တွန်းရင်းမတ်တတ်ကဘီးများ ပြုတ်ထွက်ကုန်မည် ကို စိုးရိမ်လိုက်ရတာ လည်း အမော။

သို့ သော် ပါးစပ် ကတော့-

''ထုလို ယေကောင်းယေတန့်တွေ ခြူလိုက်တော့ အညှေ နေတောင်းတွားရောမှုတ်ရား''

ဟု ပြော ဖြစ်အောင် ပြောလိုက်သေးသည်။ နောက်တစ်နေ့မှာ တော့တစ်နေကုန် မိုးရွာသဖြင့် သူတို့သားအမိနှစ် ယောက် အခန်းထဲ အောင်းနေကြရပြန်သည်။ မိုးရွာထဲမှာ တွင် းအောင်းရင်း မိုက်ကယ် အကြံထုတ်သည်။ စက်ဘီး၏ ဘီးများ ဖြင့် တွန်းလှည်းကောင်းကောင်းလေး တစ်ခုလောက်ဆင်နိုင်လျှင် ဘယ်လောက်ကောင်းလိုက်မလဲ။ သို့ သော် ဘယ်မလဲ ဝင်ရိုး။ဘယ်လိုလုပ်ရမလဲဆိုတာကို သူ မစဉ်းစားတတ်။

ဖွန်လ နောက်ဆုံးပတ် ညနေစောင်းတစ်ခုမှာ ကမ်းခြေကို အပြင်းမောင်းဆင်းလာသည့် စစ်ဂျစ်ကားတစ်စီးသည် ရှေ့မကြည့် နောက်မကြည့်လမ်းဖြတ်ကူးနေသည့် လူငယ် တစ်ယောက် ကို ဝင်တိုက်၏ ။ ကားတိုက်ခံရသော လူငယ်သည် အတော် ဝေးဝေးသို့ လွင့်စဉ်ထွက်သွား၏ ။ ဂျစ်ကားကလမ်းပေါ်မှာ တစောင်းကြီး ရပ်သွား၏ ။ ကားပေါ်မှ စစ်သားနှစ် ယောက် သည် ဒေါသထွက်နေကြသည့် လူငယ်၏ အပေါင်းအသင်းတစ်စုနှင့် စတင်အချင်းများ ၏ ။ ခဏနေတော့ ကိုယ်ထိလက်ရောက် ထိုးကြိတ်ကြ၏ ။ အတော် ကြာတော့ မနည်းမနော လူအုပ်ကြီး ဖြစ်လာသည်။ မည် းမည် းမြင်ရာ ရိုက်ချင် နက်ချင်၊ လက်ယားနေသည့် လူအုပ်ကြီးသည် ရပ်ထားသော ကားများ ကို လက်စွမ်းပြကာ ထုခြေကြ၏ ။ တွေ့သမျှပစ္စည်း တို့ဖျက်ဆီး မှုဝါဒကိုတညီတညွတ်တည်း ကျင့်သုံးကြ၏ ။ မွှန်နေကြပြီ ဖြစ်သော ကြောင့် ညမထွက်ရအမိန့် ဥပြဒ်သံကိုလည်း ဂရုမစိုက်တော့။ ရှေ့ပြေး မော်တော် ဆိုင်ကယ်တစ်စီးဖြင့် ချီတက်လာသော လူနာတင်ယာဉ်မှာ လမ်းပေါ်မှ အတားအဆီးများ ကြောင့် ရှေ့ဆက်၍ မရဘဲ ရပ်လိုက်စဉ် ခဲမိုးများ ဖြင့် ဧည့်ခံကြိုဆိုခြင်းခံလိုက်ရသည်။ လေးထပ်တိုက်တစ်လုံး၏ အပေါ်ဆုံးထပ် ဝရန်တာမှ လူ တစ်ယောက် ပေါ်လာပြီး လူအုပ်ထဲသို့ ခြောက်လုံးပြူး ဖြင့် တရစပ် ပစ်၏ ။လူအုပ်ကြီးသည် ပရမ်းပတာ ပြေးလွှားကာ အကာအကွယ်ယူကြ၏ ။ ထို့နောက်တွင် တော့ ထိုအဆောက်အအုံတစ်ခုလုံးကို ကျောက်ခဲပုံ ပေါက္ခရဝဿ မိုးကြီး ရွာသွန်းဖြိုးတော့သည်။ ခြောက်လုံးပြူး စွမ်းပြသူကြီးလည်း လှေကားပေါ်မှ တရွတ်တိုက်ဆွဲချခံရပြီး တစ်ယောက် တစ်ချက် ဝိုင်းလုပ်သော ဒဏ်ကြောင့် ဖွဲ့အိတ်လို မြော့နေခဲ့သည်။ တိုက်ခန်းတွဲ များ တွင် နေသူများ သည်အချို့က အိမ်တံခါး သော့ ခတ်၊ အချို့က လမ်းပေါ် အယောင်ယောင် အမှား မှား ခြေဦးတည့်ရာ ထွက်ပြေးကြသည်။ အမျိုးသမီးတစ်ဦး ကတော့ လဲကျရင်းမည် သူတွေ တက်နင်းသွားမှန်းမသိ၊ အရိုးတွေ ကျိုးကာ မထနိုင်ရှာတော့။လမ်းမပေါ်မှ လူအုပ်ကြီးသည် တိုက်ခန်းတွေ ပေါ်တက်ပြီး မြင်မြင်ရာ ဖျက်ဆီးကြ၏ ။ အန်နာကေတို့ တိုက်ခန်းသည်လည်း ဘာသားနှင့်ထုထားလို့လဲ။ အစိတ်စိတ် အမွှာမွှာ အပိုင်းပိုင်း အပြတ်ပြတ်၊ မီးတင်ရှို့သူကရှို့သေးသဖြင့် အားလုံး မလောင်ကျွမ်းသော်လည်း မီးခိုးတွေ အူကျန်ရစ်ခဲ့သည်။ကိုတီ ဒီ အရူး၊ ကိုတီ ဒီ အောနင့်

ကိုပါကဗားနား လမ်းတစ်လျှောက်လူအုပ်ကြီးမှာ မည် းမည် းလှုပ်နေ၏ ။ တောမီးလောင်၍ လက်ခမောင်းခတ်ကြသည့် တောကြောင်တို့ကလည်း အုံလိုက်ကျင်းလိုက် ရသမျှ အကုန်ခိုးနေခဲ့ကြသည်။ ဥဩသံ တညံ့ညံ့၊ မီးရောင် တဝင်းဝင်းနှင့် ရဲကားတစ်စီး ကိုက်ငါးဆယ်အဝေးမှ ပြေးလာသည်။ လူအုပ်ကြီးက ပစ္စတိုများ ဖြင့် ဝိုင်းပစ်ကြ၍ ကြောက်လန့်တကြား ပြန်ပြေးသွား၏ ။ မှော င်စပြုလာခဲ့ပြီ။ နောက်မိနစ်နှစ် ဆယ်ခန့်အကြာမှာ တော့ ရဲများ နှင့် အမိကရုဏ်း နှိမ်နင်းရေး အထူးတပ်ဖွဲ့ များ အုံလိုက်ကျင်းလိုက် ရောက်လာခဲ့ပြီး တစ်လမ်းချင်း၊ တစ်တိုက်ချင်း၊တစ်ခန်းချင်းဝင်ကာ ဆူပူသော င်းကျန်းသူများ အား ပြားပြားမှော က် ဖိမ့်ဖိမ့်တုန်အောင် ပိုးစိုးပက်စက် နှိမ်နင်းလိုက်ကြတော့သည်။ ဖနောင့်နှင့် တင်ပါးတစ်သားတည်းကျအောင် မပြေးနိုင်သည့် မိန်းမ တစ်ယောက် ကတော့ သေနတ်မှန်ကာ သေကျန်ရစ်ခဲ့သည်။ တောကြောင်များ ချပြေးသွားသည့် ပစ္စည်းများ လမ်းပေါ်မှာ ပြန့်ကျဲနေ၏ ။ ရဲများ က ထိုပစ္စည်းများ ကို အပြေးအလွှားကောက်ရင်း သူခိုးလက်မှ သူဝှက်လုနေကြ၏ ။ ညနက်လာသော အခါ ဓာတ်မီးရောင် တဝင်းဝင်းနှင့် အကြမ်းဖက်သမား ဆိုသူများ ကို ဆက်လက်ရှာဖွေကြပြန်၏ ။ အဆုတ်ထဲ ကျည်ဆန်ဝင်ကာ တိုက်ခန်းစင်္ကြံလမ်းတစ်ခုမှာ လဲနေသည့်အကြမ်းဖက်သူတစ်ဦးကို တွေ ့၍ တရွတ်တိုက်ဆွဲသွားခဲ့ကြသည်။ နောက်ဆုံးတော့ အစောင့်များ ချထားခဲ့ပြီး အမိကရုဏ်း နှိမ်နင်းရေး တပ်ဖွဲ့ကြီးအောင်မြင်စွာ ဆုတ်ခွာသွားခဲ့သည်။ နံနက်လင်းအားကြီးမှာ တော့ မိုးကြီးလေကြီး ကျလာသည်။ ပြတင်းမှန်တစ်ချပ်မှ မကျန်အောင် ထုခြင်း နက်ခြင်းကို ခံထားရသည့် ကိုတီ ဒီ အရူး၊ ကိုတီ ဒီ အော နှင့် ကိုပါကဗားနားလမ်းမှ တိုက်ခန်းများ သည် ကိတ်တောင်း ဂွတ်ဟုတ်ပ်အငူမှ မိုးကြမ်းနှင့်လေသရမ်းတို့ကြောင့် အခန်းထဲ သဘော်ဆိုက်မတတ် ဖြစ်ခဲ့ရတော့သည်။ အပြင်လောက၌ ထိုမျှကြမ်းချင်တိုင်းကြမ်း၊ ရမ်းချင်တိုင်းရမ်းနေကြချိန်ဝယ် အမေကေနှင့် သားကေတို့နှစ် ဦးသား လှေကားအောက်မှ အလုံပိတ်အခန်းကျဉ်းလေးထဲမှာ ကြွက်ကလေးနှစ် ကောင်လို အသံတစိမှမထွက်ဘဲငြိမ်ကုပ်နေခဲ့ကြသည်။ မီးခိုးနံ့တွေ လှိုင်လာသော် လည်း သူတို့ မလှုပ်၊လှေကားပေါ်မှာ ခြေသံတွေ ဝုန်းဒိုင်းကြဲကာ ငရဲပွက်သလို ဆူညံနေသော် လည်း သူတို့ ကြားဟန်မပြု၊ သေနတ်တွေ မိုးပြိုသလို

ပစ်နေသည့်ကိုလည်းမသိဟန်ပြုကာ ခုတင်ပေါ်တွင် အမေနှင့် သား ဘေးချင်းယှဉ်ကာ တုတ်တုတ်မျှမလှုပ်ဘဲ ထိုင်နေခဲ့ကြ၏ ။ စိတ်ထဲမှာ တော့ စစ်ပွဲသည် ဆီးပွါင့်သို့ ရောက်လာခဲ့ပြီဆိုသော သံသယကြီးကို ကိုယ်စီကိုင သယ်ပိုးကြလျက်။သန်းခေါင်လွန်တော့ အမေကေ တစ်ယောက် ငုတ်တုတ်ကြီး အိပ်ပျော်သွားခဲ့သည်။ သား ဖြစ်သူ မိုက်ကယ်ကေ ကတော့ မျက်စိကိုဖွင့် နားကိုစွင့်ကာအသက်ကို ရှုသည့်ဆိုရုံလေး ဖြည်းညင်းစွာ ရှူရင်း ထိုင်မြဲ ထိုင်နေခဲ့သည်။အမေ့ထံမှ ဟောက်သံထွက်လာတော့ အမေ့ပခုံးကို ကိုင်လှုပ်ရင်း အသံမထွက်ဖို့သူ သတိပေး၏ ။

နောက်ဆုံးတော့လည်း နံရံကိုမှီကာ ခုတင်ပေါ်ထိုင်ရင်း သူ အိပ်ပျော်သွားခဲ့သည်။ သူနိုးလာတော့ အခန်းတံခါးအောက်မှ အားကောင်းသည့် နေ့အလင်းရောင် ကို မြင်လိုက်ရသည်။ အခန်းတံခါးကို အသာလေးဖွင့်ကာ ခြေဖျားထောက်ရင်း သူ အပြင်ထွက်လိုက်သည်။ လူသွားလမ်းတစ်လျှောက် မှန်ကွဲစများ ဖြင့် တင်းကျမ်း ပြည့်နှက်နေ၏ ။ သူတို့ တိုက်ခန်းတွဲ ရှေ့မှာ စစ်သားနှစ် ယောက် သူ့ကို ကျောပေးကာ ထိုင်ခုံကိုယ်စီဖြင့် ထိုင်ရင်း ခဲသားပုပ်ရောင် ပင်လယ်နှင့် တဖွဲဖွဲစွေနေသည့်မိုးကို ငေးနေကြသည်။ မိုက်ကယ်ကေသည်အခန်းထဲသို့ အသာလေး ပြန်လျှောဝင်ရင်း ဖျာပေါ် လှဲချလိုက်၏ ။နေ့လယ်ပိုင်းတွင် မိုးတိတ်သွား၏ ။ အမိကရုဏ်းကြောင့် ထွက်ပြေးသွားကြသည့် တိုက်ခန်းတွဲ များ တွင် နေထိုင်သူများ ပြန်ရောက်လာကြသည်။မြင်မကောင်းအောင် ပျက်စီးနေသည့် သူတို့ပစ္စည်းများ ကိုကြည့်ရင်း မျက်ရည်ဝိုင်းသူကဝိုင်း၊ တရှုပ်ရှုပ် ငိုသူကငို၊ ရတတ်သမျှ လိုက်လံသိမ်းသူကသိမ်း။ ထိုအချိန်တွင် မိုက်ကယ်ကေ ကတော့ ဂရင်းပွါင့်၊ အိုလီးဖန့်လမ်းရှိ စိန့်ဂျိုးဇက်သာသနာပြု ကယ်တင်ခြင်းတပ်ရှိရာ အဆောက်အအုံသို့ ခရီးနှင်နေခဲ့သည်။ဘာရယ်တော့ မဟုတ်။ ငရဲပြည်လို ဖြစ်နေသည့် ဆီးပွါင့်ရှိ သူ့အမေအခန်းမှခေတ္တခဏ ရှောင်ပြေးလိုစိတ်နှင့် စွပ်ပြု တ်တစ်ခွက်၊ တစ်ညစာ ကျောခင်းစရာတစ်နေရာလောက်များ ရလိုရငြားပေါ့။ သို့သော် လည်း မုတ်ဆိတ်ဖွားဖွားနှင့် ပလတ်စတာ စိန့်ဂျိုးဇက် ရုပ်တုကြီးရော၊ သာသနာပြုဝန်ထမ်းတွေ ရောကြေးဆိုင်းဘုတ်ပါ ထိုနေရာတွင် အစအနတောင် ရှာလို့မတွေ့ ။

ပြတင်းပေါက်အားလုံးလည်း တင်းတင်းပိတ်ထား၏ ။ တံခါးခေါက်ကြည့်တော့လည်း ဘာမှမတုံ့ပြန်။ ဆိုတော့လည်း မိုက်ကယ့်ခမျာ ဘာများ တတ်နိုင်ဦးပါမည် လဲ။အရင် အလုပ်နှင့် အကိုင်နှင့် မိုက်ကယ်ကေ ဘဝကတည်းက သူ့အလုပ်လုပ်ရာ ဥယျာဥ်သို့ အသွား မြို့တော် တွင်းကို ဖြတ်သန်းသွားတိုင်းမြို့တွင်းလမ်းများ ပေါ်တွင် တစ်နေ့တခြား တိုးပွားလာသည့် အိမ်ခြေရာခြေမဲ့များ နှင့် အလုပ်လက်မဲ့များ ကို ကြည့်ရင်း သက်ပြင်းကိုချ ပခုံးကို တွန့်မိသည်မှာ အကြိမ်ကြိမ်အခါခါ။

သင်းတို့သည် အချို့က ဒွန်းစဏ္ဍား၊ အချို့က အတိုအလျှိ၊ အချို့ကကယ်တင်ခြင်းတပ်များ ရှေ့ရှိ မျှော်မဆုံးသည့် လူတန်းရှည်ကြီးထဲမှာ ၊ အချို့ ကတော့ ဘဝကို ခွေးလေးလို ပက်လက်လှန်ကာ လက်မြှောက်အရှုံးပေးပြီးတွေ့ရာ အဆောက်အအုံ တံစက်မြိတ်အောက်မှာ ဒီအတိုင်းသာ ထိုင်နေလိုက်ကြတော့သည်။

ဒါက သူတို့၏ နေ့ဘက်ဘဝဟု ပြောနိုင်၏ ။ ညဘက်ဆိုလျှင်တော့ဒီထက် ပိုဆိုး၏ ။ ကျောချစရာ တစ်နေရာရဖို့အရေး သဘော်ဆိပ်နှင့် လူနေရပ်ကွက်များ နားတွင် ယောင်လည်လည် လုပ်နေကြသည့် သူတို့ဘဝသည်လောကငရဲကျသည့်နှယ် ပင်ပန်းဆင်းရဲလှသည်။ ညမထွက်ရအမိန့်က အိမ်ခြေရာခြေမဲ့မို့ ခွင့်လွှတ်မည် မဟုတ်။ လမ်းပေါ် လူတွေ့လျှင် အဟုတ်တွယ်မည် ဖြစ်၏ ။

ခုလို ခရီးအသွားအလာ အရွှေ့အပြောင်းကို မစိစစ်၊ မတင်းကျပ်မီအချိန်ကလေးအတွင်း ကိတ်တောင်းတွင် ခံယူချက်အမျိုးမျိုးဖြင့် ရောက်လာကြကုန်သော တောသားလူပင်လယ် ကြီး လှိုင်းထနေခဲ့သည်။ များ သော အားဖြင့်တော့ တစ်ရွာမပြောင်း သူကောင်း မ ဖြစ်၊ မြို့တော် တွင် အလုပ်အကိုင်ကလေးများ ရကြလေမလားဆိုသည့် မျှော်လင့်ချက်ကလေးကိုယ်စီ ရင်ဝယ်ပိုက်၍ ပေါ့။

ကိတ်တောင်းသည် အဆိုပါ မျှော်လင့်ချက်ကိုယ်စီဖြင့် ရောက်လာကြကုန်သော တောင်အာဖရိကန် တောသားလူကြီးမင်းတို့အား ရောက်ရောက်ချင်း ဆောက်နှင့်ထွင်း၍ ရင်ဝကို စုံကန်လိုက်၏ ။ အလုပ်အကိုင်၊ အနေအထိုင်ဘာတစ်ခုမှ သူတို့ မျှော်လင့်ထားသလို ဖြစ်မလာခဲ့ကြ။ ဆာလောင်မွတ်သိပ်လျက်ရှိကြသည့် မျှော်လင့်ချက်မဲ့ လူပင်လယ်ကြီး။

ထိုလူပင်လယ်ကြီးထဲသို့ သာ သူနှင့် သူ့အမေ လွှင့်စဉ်ကျသွားခဲ့ပါလျှင်...၊ အမယ်လေးလေ့- မိုက်ကယ်ကေ ဆက်မတွေ းရဲတော့။ သူတို့သားအမိသာ ဒီလိုအခြေအနေမျိုး ဖြစ်ခဲ့လျှင် အမေ့ကို အမှိုက်ကျုံး လှည်းပေါ်တင်ပြီး တစ်လမ်းဝင် တစ်လမ်းထွက် တောင်းရမ်းစားသောက်နေရမည့် သူ့ပုံကို အာရုံမှာ မြင်ယောင်လာသဖြင့် ကြက်သီးဖြန်းဖြန်းထမိသည်။မိုက်ကယ်သည် တစ်နေကုန် ရောက်ရာပေါက်ရာ လျှောက်သွားပြီးနေဝင်သော အခါ အမေ့ကြွက်တွင်း ဆီ ပြန်ရောက်လာခဲ့သည်။ အမေ့အတွက်ညစာကို ဖြစ်သလို ပြင်ပေးပြီး မီးဖိုမီးကို ကမန်းကတန်း ငြိမ်းစေ၏ ။မီးရောင်တွေ ့လျှင် အန္တရာယ်ရှိနိုင်သည်ဟု သူ ယူဆနေသည်။

ခုတော့လည်း သူတို့၏ မျှော်လင့်ချက်အားလုံးသည် မြို့တော် မှထွက်ခွာခွင့် ပါမစ်ပေါ်တွင် သာ စုပြုံကျရောက်နေသလို ရှိတော့၏ ။ သို့သော် ပြဿ နာတစ်ခုက ရှိနေ၏ ။ ပါမစ်ကို စာတိုက်ကပို့မည် ဟု ပြောထားခဲ့သည်မဟုတ်လား။ သူတို့နေသည့် တိုက်ခန်းတွဲ ပိုင်ရှင် ဘားမန်းမိသားစု စာတိုက်ပုံးက အပေါ်ထပ်မှာ ။ အမြဲ သော့ ခတ်ထားသည်။ ခုတော့ သူဌေးဘားမန်းတို့ မိသားစုလည်း မရှိကြတော့။ အဓိကရုဏ်း ဖြစ်သည့်နေ့ကတည်းကကြောက်ကြောက်နှင့် ဘယ်ကို ပြောင်းရွှေ့သွားသည် မသိ။ ဒီလိုနှင့် အန်နာကေ တစ်ယောက် အပေါ်ထပ်သို့ တက်၍ စာတိုက်ပုံးသော့ ကို မည် သို့ မည် ပုံဖွင့်ရမည် ဆိုခြင်းကို သူ့သား မိုက်ကယ်ကို အသေအချာ သင်ရတော့သည်။ မိုက်ကယ်ကေသည် တိုက်ခန်းပေါ်သို့ တစ်ခါမှ မရောက်ဖူးပါ။

အပေါ်တက်သွားတော့ တစ်ခန်းလုံး ပွစာကြဲလျက်။ မိုးနှင့် လေ နှိပ်စက်မှု ကြောင့် ပရိဘောဂတွေ လည်း ကျိုးပဲ့၊ ကော်ဇောတွေ ၊ ဖျာတွေ လည်း စိုရွှဲမှုန်ကွဲစတွေ လည်း နေရာအနှံ့၊ မီးဖိုခန်းထဲမှာ တော့ ရေခဲသေတ္တာက အလုပ်လုပ်နေသေးသည်။ ယိုအိုးတွေ ၊ ဝိုင်ပုလင်းတွေ ကတော့ စင်ပေါ်မှာ အကောင်းပကတိ။ ရေတွေ ကတော့ တစ်ခန်းလုံး ဘယ်နေရာမှ မလွတ်။ အခန်းတိုင်းမှာ တစ်လက်မခန့်ထိ ရေတက်နေခဲ့သည်။

အဖြူရောင် နံရံပေါ်မှာ တော့ 'ငရဲပဲဟေ့' ဆိုသည့် စာတစ်ကြောင်းရေး ခြစ်ထားသည်ကို တွေ ့ရသည်။

မိုက်ကယ်သည် သူ့အမေကို အပေါ်တက်ကြည့်ဖို့ ဆွယ်၏ ။ အန်နာ့အဖို့ ဒီနှစ်လအတွင်း ။ အပေါ်ထပ်သို့ တစ်ခါမှ မရောက်သေး။ သူသည်တိုက်ခန်းအခြေအနေကို တံခါးဝမှ မျှော်ကြည့်ရင်း မျက်ရည်ဝိုင်းလာ၏ ။

"ဘာလို့များ ဒီလို လုပ်ရက်ကြတာလဲကွယ်"

ဟု ခပ်တိုးတိုး ညည်းတွား၏ ။ အန်နာသည် မီးဖိုခန်းသို့ သွားမကြည့်လိုတော့။

"မစ္စတာ ဘားမန်းတို့ဟာ လူကောင်းတွေ ကွဲ့။ ခုတော့ သူတို့လည်းဘယ်ရောက်နေရှာကြပြီလဲ မသိတော့ပါဘူး"

မိုက်ကယ်သည် သူ့အမေကို တွဲ ရင်း သူ့အခန်း ပြန်လိုက်ပို့၏ ။ သူ့အမေ အန်နာကတော့ ဘားမန်းမိသားစု ဘယ်ရောက်နေပါလိမ့်၊ ဘားမန်းအိမ်ထဲမှ အရုပ်တို့ကို မည်သူရှင်းပါလိမ့်။ ဘားမန်းတို့ ဘယ်တော့များ မှပြန်လာပါလိမ့် အစရှိသဖြင့် တဗျစ်တောက်တောက် ရေရွတ်နေခဲ့သည်။မိုက်ကယ်သည် အပေါ်ပြန်တက်သွားပြန်၏ ။ ပထမဆုံး ရေခဲသေတ္တာထဲမှ ပစ္စည်းများ ကို အကုန်ရှင်းထုတ်သည်။ မှန်ကွဲစတွေ ကို အခန်းထောင့်တစ်နေရာဆီ လှည်းကျင်း ရှင်းလင်းသည်။ ရေတွေ ကို ခပ်ထုတ်သည်။ အပျက်အစီးများ အားလုံးကို အမှိုက်ထည့်သည့် အိတ်ကြီးများ ထဲ ကျုံးထည့်သည်။ စားလို့ရသေးသည့် အစားအသောက်မှန်သမျှ သီးသန့်ခွဲထားသည်။ အိပ်ခန်းများ အတွင်းတော့ သူ မဝင်လို။ သို့သော် မှန်ကွဲနေသည့် ပြတင်းများ တွင် ခန်းဆီးလိုက်ကာများ ကို ပင်ဖြင့်တွယ်ကာ တတ်နိုင်သမျှမိုးလေဒဏ်ခံနိုင်အောင်တော့ လုပ်ပေးခဲ့သည်။ စိတ်ထဲကတော့ ငါ တတ်နိုင်သမျှအကောင်းဆုံး လုပ်ပေးမယ်။ သူတို့အတွက်တော့ မဟုတ်။ ငါ့အမေအတွက် ငါလုပ်ပေးနေတာဟု ပြောနေမိသည်။ တိုက်ခန်းတစ်ခုလုံးကို ကောင်းစွာရှင်းလင်းပြီးချိန်အထိတော့ မိုက်ကယ့်စိတ်ထဲမှာ အရိုးခံသက်သက်သာ ရှိသေးသည်။ အိမ်ရှင် ဘားမန်းတို့အတွက် သူ့အမေ အန်နာလုပ်ရမည့် ကိစ္စများ ကိုအမေ့ကိုယ်စား သူက ဆောင်ရွက်ပေးနေသည်ဆိုသည့် အတွေးသည် ရေချိုးခန်းဆိုသည့်အရာကို သူ့ဘဝတစ်သက်တာမှာ ပထမဆုံးအကြိမ် စတင်တွေ့ရှိလိုက်ကတည်းက အပြောင်းလဲကြီး ပြောင်းလဲသွားတော့သည်။

******

မိုက်ကယ်က သူ့အမေကို ပြောနေ၏ ။

"အညှ နည့်ယောက် ပါပဲ အညှေရာ၊ အညှေ အထန်းထဲမှာ တို့ဖာသာ တို ယွတ်ယွတ်ယပ်ယပ် အိပ်၊ အနော် အပေါ်တက်အိပ်မယ်။ အိပ်ယံ့ပါပဲ။ ကြူရို့ ပစ်ဒီးတွေ ယူနတုံးဘူး။ အနော် တတိပေးညှယ်"

မိုက်ကယ်သည် ခေါက်ခုတင်ငယ်ကလေးကို ရေချိုးခန်းတွင် း ဆွဲသွင်းပြီး ရတတ်သမျှ အဝတ်များ ကို ခင်းကာ မွေ့ရာလုပ်၏ ။ ပြတင်းပေါက်ကို နံရံကပ်ဗီရိုရွှေ့၍ ပိတ်လိုက်ပြီး မီးကို ဖွင့်လိုက်သည်။ ရေချိုးဇလားကြီးအတွင် းသို့ ရေတွေ ဖွင့်ချသည်။ အလိုလေးလေး ရေနွေးလေးတွေ ပါတကား။ဒီလိုနှင့် မိုက်ကယ်သည် တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ မပြုဖူးသော ရေနွေးစိမ်ခြင်းအလုပ်ကို ကြည်နူးစွာ ပြုခွင့်ရခဲ့သည်။ မနက်ကျတော့ သူ့ခြေရာလက်ရာတွေ အားလုံးကို အစအန ဖျောက်၏ ။ ထိုနေ့က စာပို့သမားလာသော် လည်း ဘားမန်းတို့ စာတိုက်ပုံးအတွက် စာတစ်စောင်မှ ပါမလာခဲ့။မိုးကလည်း တောက်လျှောက်ကို စွေနေခဲ့သည်။ မိုက်ကယ်လည်း အပြင်ထွက်ကာ ဘတ်စ်ကားမှတ်တိုင်တွင် ထိုင်ရင်း မိုးစက်များ ကို ငေးနေခဲ့သည်။နေ့လယ်ပိုင်းမှာ ရာသီဥတုက သာယာကြည်လင်လာခဲ့သည်။ သို့ သော် ဘားမန်းတို့ကို အရိပ်အယောင်မျှပင် မတွေ ့။ မိုက်ကယ် အပေါ်ပြန်တက်လာခဲ့ပြန်သည်။

ဒီလိုနှင့် မိုးသံတွေ ကြားမှာ အချိန်တစ်ရက်ပြီး တစ်ရက် ကုန်ဆုံးသွားခဲ့သည်။ ဘားမန်းတို့ ကတော့ ရှိန်းဆာယာပိုမောက်၍ ကိုယ်ပျောက်နေကြသည်။ မိုက်ကယ်သည် အခန်းထဲမှ လက်ကျန်ရေများ ကို ရေပိုက်များ ဖြင့် ရှင်းထုတ်၏ ။ သို့ သော် စိုထိုင်းထိုင်းနိုင်မှု က ပျောက်မသွားသည့်အပြင်ပို၍ ပင် ဆိုးလာသဖြင့် နေရာအနံ့ မှိုတွေ တက်လာသည်။ မိုက်ကယ်က မီးဖိုခန်းကိုတော့ ပြောင်စင်အောင် ရှင်းလိုက်ပြီး အမှိုက်ထုပ်ကြီးများ ကို အောက်သို့ သွားပစ်၏ ။

ခုတော့လည်း နေ့နေ့ညည မိုက်ကယ်သည် တိုက်ခန်းပေါ်မှာ

သာနေတော့သည်။ မီးဖိုခန်းထဲမှာ မဂ္ဂဇင်းဟောင်းတွေ အများ ကြီး။ အိပ်ရာပေါ်လဲ့ရင်း၊ ရေနွေးစိမ်ရင်း မဂ္ဂဇင်းထဲမှ မိန်းမလှလှများ နှင့် စားကောင်းသောက်ဖွယ်များ ပုံကို သူ ကြည့်၏ ။ မိန်းမပုံတွေ ကိုတော့ သူ အာရုံမငြိ၊ စားကောင်းသောက်ဖွယ်ပုံတွေ ကတော့ သူ ရင်ထဲထိ၏ ။ ဝက်ပေါင်သားကို ရို့စ်လုပ်ကာချယ်ရီသီး၊ နာနတ်သီး အကွင်းကြီးများ ဖြင့် ခြံရံလျက် အချဉ်ရည်မျိုးစုံနှင့်တည်ခင်းထားသော ပုံဆိုလျှင် သူ နှစ် ထောင်းအားရ ဖြစ်လွန်း၍ အမေ့ကိုပင် ပြမိသည်။

''ခုချိန်မှာ လူတွေ ဒါမျိုးကို မစားနိုင်ကြတော့ဘူးကွဲ့''

အမေ့စကားကို သူ ဘဝင်မကျ။ ထို့ကြောင့် သူ စောဒကတက်ခဲ့သည်။

''ရှစ်ဖစ်နေတာကို ဝက်လည်း နတိဘူး၊ နာနတ်တီးလည်း နတိဘူး၊ ရှစ်ဘယ်လောက်ဖစ်ဖစ် လူတချို့ဒေ့ါ ဝက်တားရို့စ် စားနေဂျဒ်း ဖစ်မှာ ပါအညေရာ''

မိုက်ကယ်သည် သူ နေထိုင်သည့် အဆောင်သို့ ပြန်သွား၏ ။ မပေးရသေးသည့် လခကြွေးတွေ ကို ဆပ်၏ ။ အဆောင်မှူး ကိုတော့-

''အနော် အယုတ်ထွက်ရိုက်ပီရေ၊ အနော်နဲ့ အညေ တောကို တွားတော့မယ်။ ထွင့်တုနိမ့် စောင့်နေတာ''

ဟု ခပ်ကြွားကြွားပြောရင်း သူ့စက်ဘီးနှင့် သူ့ပစ္စည်းများ ကို ထုပ်ပိုးသိမ်းဆည်း ယူငင်လာ၏ ။ အပြန်လမ်းမှာ သတိရသဖြင့် တစ်မီတာရှည်သော သံမဏိချောင်းတစ်ချောင်း ဝယ်လာ၏ ။ အမှိုက်ကျုံး လက်တွန်းလှည်းကို စက်ဘီးမှ ဘီးများ ဆင်ကာ ဝိုးချဲ့အ ဖြစ် ပြောင်းလဲရေး စီမံကိန်းကို သူစလုပ်၏ ။ ဘီးတွေ ကို စက်ဘီးမှဖြုတ် လက်တွန်းလှည်းဘေးမှာ ကပ်ကာအလယ်မှာ သံမဏိချောင်းကို ထိုးထည့်လိုက်သည်။ သို့သော် ဉာဏ်ကြီးရှင်မိုက်ကယ်အဖို့ သူ့ သံမဏိချောင်းဝင်ရိုးမှ ဘီးတွေ ကျွတ်မထွက်သွားအောင်မည်သို့ လုပ်ရမည် မသိ။ တစ်နေ့နေ့တော့ ဖြစ်၍ လာလိမ့်မည် ဟု စိတ်တုံးတုံးချရင်း တစ်စစီ ဖြစ်နေသည့် စက်ဘီးကို ဘားမန်းတို့ မီးဖိုချောင်ကြမ်းပြင်မှာ ပုံထားလိုက်သည်။

ဧည့်ခန်းမှ အပျက်အစီးတွေ ကြားထဲမှာ ထရန်စစ္စတာ ရေဒီယိုတစ်လုံးရှိနေ၏ ။

မိုက်ကယ်သည် ထိုရေဒီယိုကို တတ်အားသရွေ့ ကလိရင်းနောက်ဆုံးတော့ အသံထွက်လာ၏ ။ ထိုအချိန်မှစ၍ တစ်အိမ်လုံး ရေဒီယိုသံ နေ့နေ့ညည ထွက်နေတော့၏ ။ မိုက်ကယ်သည် ရေချိုးခန်းတွင် း သူဖန်တီးထားသော ခေါက်ခုတင်လေးမှာ လှဲရင်း ဂီတသံကို နားထောင်၏ ။ ဒီလိုနှင့် သူ အိပ်ပျော်သွားတတ်သည်။ မနက်နိုးလာတော့လည်း ရေဒီယိုကအသံထွက်မြဲ များသော အားဖြင့် သီချင်းသံ၊ တစ်ခါတလေတော့ သူ တစ်လုံးတစ်ပါဒမှ နားမလည်သည့် ဘာသာစကားနှင့် စကားသံတွေ ကိုလည်းကြားရတတ်သေးသည်။

မဂ္ဂဇင်းများ ကို ငြီးငွေ့လာသော မိုက်ကယ်သည် မီးဖိုချောင်မှာ ရှိသည့်သတင်းစာဟောင်းတို့ဘက်သို့ ဦးလှည့်လာ၏ ။ သတင်းစာတွေ က ဟောင်းလှပြီ ဖြစ်သော ကြောင့် ထိုအကြောင်းခြင်းရာတို့ကို သူ သိပင်မသိတော့။ ဘောလုံးသမားအချ ့ကိုတော့ သူ သိ၏ ။ လူသတ်သမားတစ်ဦးကို လက်ရဖမ်းဆီးမိခြင်းဆိုသည့် ခေါင်းကြီးသတင်းတစ်ပုဒ်ကို သူ တွေ ့၏ ။ ဓာတ်ပုံထဲမှာ ကြေမွတွန့်လိမ်နေသော အဖြူ ရောင် ရုပ်အင်္ကျီတစ်ထည်ကို ဝတ်ထားပြီး လက်ထိတ်ခတ်ခံထားရသူ တစ်ယောက် ကို ခပ်တောင့်တောင့် ရဲကြီးနှစ် ယောက် ခြံရံလျက်တွေ ့ရသည်။ လွယ်ကြိုးတပ်ထားသည့် ရိုင်ဖယ်တစ်လက်၏ ပုံကို လူသတ်သမား၏ လက်နက်ဟု စာတန်းရေး ထိုးထားသည်။

မိုက်ကယ်သည် ထိုသတင်းစာဖြတ်ပိုင်းကို ရေခဲသေတ္တာတွင် ကပ်ထားလိုက်သည်။ မီးဖိုခန်းသို့ ရောက်တိုင်း သူ့မျက်လုံးက ဘာရယ်မဟုတ် အဆိုပါလူသတ်သမား၏ ပုံကို မကြာခဏ ကြည့်မိ၏ ။

ခုလတ်တလော မိုက်ကယ်ကေ လုပ်နေသည်က ရေနစ်နေသည့်ဘားမန်းစာအုပ်စင်မှ စာအုပ်များ ကို အခြောက်လှန်းရေး ဖြစ်၏ ။ သို့ သော ထိုအလုပ်က အချိန်ကုန်လွန်းလှသဖြင့် သူ ဆက်မလုပ်ချင်တော့။ စာအုပ်တွေ ကလည်း ဘာမှ စိတ်ဝင်စားစရာမကောင်း။ စစ်တပ်အကြောင်း၊ စစ်သား၊စစ်သမီးတွေ အကြောင်းသာ အကောင်းလုပ်ရေး ထားသည့်ဟာတွေ ။ တစ်ခါတလေ ပင်လယ်ထဲက ကျွန်းလှလှလေးတွေ ပါသော ရုပ်စုံစာအုပ်မျိုးဆိုလျှင်တော့ သူ စိတ်ဝင်စား၏ ။

ဒီလိုနှင့် တစ်မနက်မှာ တော့ သော့ ခတ်ထားသည့် အိမ်ရှေ့တံခါးမကြီးကို

ဖွင့်သံကြားရပြီး လူလေးယောက် ဝင်လာသည်ကို မိုက်ကယ် တွေ့လိုက်ရသည်။ သူတို့က မိုက်ကယ့်ကို ရှိသည်ဟုပင် သဘောမထားဘဲအခန်းထဲမှ ပစ္စည်းများ ကို စတင်ရှင်းလင်းကြ၏ ။ မိုက်ကယ်က သူ့ပစ္စည်း ဖြစ်သည့် စက်ဘီးကို အသာယူ၍ အောက်ချထားလိုက်သည်။ သူ့အမေအန်နာသည် အိပ်ပဲ့အိပ်ပဲ့ဖြင့် အပေါ်တက်လာ၏ ။

"ရှင်တို့ ဘယ်သူတွေ လဲ၊ အိမ်ရှင် မစ္စတာဘားမန်းကော ဘယ်မှာ လဲ"

အစရှိသဖြင့် သူ မေးသော်လည်း ဘယ်သူမှ သူ့ကို အရေး လုပ်၍ ပြန်မဖြေခဲ့ကြ။ မိုက်ကယ်ကေ လမ်းပေါ်ထွက်လာ၏ ။ ထိုလူလေးယောက် စီးလာသည့် ကားဒရိုင်ဘာကို မစ္စတာဘားမန်း လွှတ်လိုက်တာလားဟု သူမေးသော်လည်း ဘားမန်းဆိုတာ ဘာကောင်လဲဟု ဒရိုင်ဘာက မခန့်လေးစားပြန်ဖြေခဲ့သည်။

မိုက်ကယ်သည် သူ့အမေကို တွဲ ၍ လှေကားမှဆင်းကာ အခန်းထဲပြန်ပို့၏ ။ သူ့အမေ အန်နာကေ ကတော့ ပွစိ ပွစိ လုပ်နေ၏ ။

"ငါဖြင့် နားကို မလည်တော့ဘူး။ ဘာလို့ သူတို့ ငါ့ကို ဘာမှပြန်မပြောကြတာလဲ။ ခုနေများ ဒီအခန်းတံခါးကို လာခေါက်ပြီး ငါတို့ကိုခု ချက်ချင်း ဖယ်လို့ လာပြောရင် ငါတို့ ဘာလုပ်ကြမလဲ"

မိုက်ကယ်က သူ့အမေ လက်မောင်းကို ပွတ်သပ် ဆုပ်နယ်ကာနှစ် သိမ့်ပေး၏ ။ ပြီးတော့ သံမဏိချောင်းနှင့် ဘီးနှစ် ခုကို ကိုင်ကာ တစ်နေ့လုံး သူ အားကြိုး မာန်တက် အလုပ်လုပ်၏ ။ နောက်ဆုံးတော့ ကြိုးစားမှု ၏ ရလဒ်အ ဖြစ် ပြုတ်မထွက်နိုင်လောက်အောင် ခိုင်ခံ့သည့် ဝှီးချဲတစ် ဖြစ်လဲတွန်းလှည်းကို သူ ရလိုက်၏ ။ အမေ့ကို ကုတ်အင်္ကျီဝတ်ခိုင်းပြီး အနောက်မြောက်ဘက်မှ စတင်တိုက်ခတ်လာပြီ ဖြစ်သည့် လေအေးဒဏ်မှ ကာကွယ်ရန် စောင်ထူထူတစ်ထည်ပါ ယူကာ သူ့လက် ဖြစ် ဝှီးချဲပေါ်တင်၍ ပင်လယ်ကမ်းခြေသို့ သူ တွန်း၏ ။ အမေ ကျေနပ်ပုံရပါသည်။ သူ့မျက်နှာမှာ အပြုံး တွေ ဝေလို့။

တကယ် ကတော့ ထိုတွန်းလှည်း ဝှီးချဲကို အရေး တကြီး အခိုင်အခံ့လုပ်ခြင်းသည် အမေ့ကို ပင်လယ်ကမ်းစပ်နား လိုက်ပို့ရန်ဆိုသည်ထက် ပိုသော

ရည်ရွယ်ချက်ကြီး မိုက်ကယ့်မှာ ရှိ၏ ။ တကယ်တော့ ခရီးသွားလာခွင့်ပါမစ်ကို ထိုင်စောင့်နေခြင်းသည် တမင်သက်သက် အချိန်ကို အကျိုးမဲ့ဖြုန်းတီးခြင်း ဖြစ်သည်ဟု မိုက်ကယ် ခုတော့ တထစ်ချယုံကြည်လာခဲ့ပြီ။ထိုပါမစ်သည် မည် သည့်အခါမှ သူတို့လက်ထဲ ရောက်လာမည် မဟုတ်။ပါမစ်မရှိလျှင် ရထားဖြင့် မသွားနိုင်။

ပြီးတော့ ခုလို အခြေအနေမျိုးဆိုလျှင် တစ်ချိန်မဟုတ်တစ်ချိန်ခုနေထိုင်သည့် အခန်းလေးထဲမှ ဧကန်မုချဖယ်ပေးရလိမ့်မည် ။ ရထားဖြင့်မသွားလျှင် ပရင့်စ်အဲလ်ဗတ်သို့ မရောက်တော့ပြီလော။ အမေက ဗိုးခဲ့ပေါ်ထိုင်၊သူက တွန်းသွားလျှင်ကော တစ်ချိန်မဟုတ် တစ်ချိန်တော့ ဧကန်မုချရောက်မည် မဟုတ်လော။ ခုပင်ကြည့်လေ။ သူလုပ်ထားသည့် ဗိုးခဲ့က သက်သော င့်သက်သာ ရှိလွန်း၍ အမေ ပျော်နေပြီ မဟုတ်လော။ ခုလို ထုံထိုင်းမှု နှမှိုင်းသည့်ရာသီဥတုမျိုး၊ နေရေး ထိုင်ရေး အတွက် ရတက်မအေးရသည့်မျိုးနှင့် ကြုံ လျှင်အမေ့ကျန်းမာရေး သည် စိတ်အေးစရာ အကြောင်းမရှိ။
ပရင့်စ်အဲလ်ဗတ်ကိုမြန်မြန်ရောက်လေ အမေ့ကျန်းမာရေး မြန်မြန်ကောင်းလေဆိုခြင်းမှာ မြေကြီးလက်ခတ်မလွဲ။ လမ်းမှာ တော့ တစ်ရက်၊ နှစ် ရက် ကြာချင်ကြာမပေ့ါ။ သဘောမနောကောင်းသည့် သူတွေ နှင့်တွေ့လျှင် လမ်းကြုံခေါ်တင်သွား၍ သက်သော င့်သက်သာ ကားဖြင့် ရောက်သွားနိုင် သေးသည်။ထိုကိစ္စနှင့်ပတ်သက်၍ အမေနှင့် သူ နာရီပေါင်းများ စွာ အချေအတင်စကားပြောခဲ့ရသည်။ ဆောင်းတွင် းကြီး အမိုးအကာ မရှိတဲ့ လမ်းပေါ်မှာ ငါက ဘယ်လို အိပ်ရမလဲတဲ့။

အို- ကံကောင်းလျှင် ပရင့်စ်အဲလ်ဗတ်ကို တစ်ရက်တည်းနှင့်တောင်ခရီးပေါက်သွားနိုင်သည်။ မော်တော် ကားဖြင့် ငါးနာရီသာ သွားရသည့်ခရီးမင့်ဟာကို၊ ဘာဝေးတာလိုက်လို့။

လမ်းမှာ မိုးရွာရင် ဘယ်လိုလုပ်မလဲတဲ့။ အမေ၏ ဒုတိယမေးခွန်းလှိုင်းလုံးက ဆင့်ပါလာပြန်သည်။

ဒါအတွက် စိတ်မပူလေနှင့်၊ ဗိုးခဲ့ပေါ် ထီးအကြီးကြီးတစ်လက်စိုက်ထားပေးမည် ။

ရဲတွေ က တားပြီး စစ်ဆေးသော် ဘယ့်နှယ် လုပ်ရပ့ါတဲ့။ ရဲတွေ ကအနမတဂ္ဂသော အလုပ်တွေ ကြားကိုပစ်၍ ဒီလို ကျပ်ညပ်နေသည့် မြို့တော် ကြီးမှာ မနေလို၍ တောသို့ သွားကြမည့် အပြစ်မဲ့ သားအမိနှစ် ယောက် ကိုအရေး တယူပြု၍ လိုက်ဖမ်းနေမည် လို့တော့ မထင်ရေး ချမထင်။နောက်ဆုံးတော့ မိုက်ကယ့်အကြံ အောင်ပါသည်။ အမေက သူ့စီမံကိန်းကို ခြွင်းချက်ကြီးနှစ် ချက်ဖြင့် လက်ခံခဲ့၏ ။ ပထမအချက်က ရဲဌာနသို့ သွား၍ ပါမစ်ကျ၊ မကျ သေချာအောင် သွားကြည့်ဖို့၊ ဒုတိယက ခရီးသွားဖို့အတွက် အသေအချာပြင်ဆင်ရန် အချိန်ပေးဖို့၊ မိုက်ကယ်က ပျော်ရွှင်စွာ လက်ခံလိုက်ပါသည်။

နောက်တစ်နေ့ နံနက်မှာ တော့ မျှော်သာမျှော် ပေါ်မလာတတ်သည့်ဘတ်စ်ကားကို အချိန်ကုန်ခံ၍ စောင့်မနေတော့ဘဲ မိုက်ကယ် တစ်ယောက် ဆီးပွိုင့်မှသည် မြို့ထဲဆီသို့ လမ်းမကြီးတစ်လျှောက် ရှရှပြေး၏ ။ စည်းချက်ညီညီခုန်နေသည့် နှလုံးခုန်သံကို နားစွင့်၊ အလှမ်းမှန်မှန်ပြေးနေသော သူ့ခြေထောက်တို့၏ ကြံ့ခိုင်သန်စွမ်းမှု ကို ဂုဏ်ယူရင်း သူ့မှာ မောရကောင်းမှန်းပင်မသိ။ ရဲစခန်းမှာ တော့ ထုံးစံအတိုင်း လူတန်းရှည်ကြီး စီတန်းလျက်။ကောင်တာနောက်က ရဲမေကြီး၏ သံသယမျက်ဝန်းများ နှင့် ဆုံစည်းနိုင်ဖို့အရေး တစ်နာရီကျော်မျှ သူ စောင့်လိုက်ရ၏ ။ လာရင်းကိစ္စကို မပီကလာပီကလာဖြင့် သူ တင်ပြလိုက်သည်။

"ထရီးတွားရာခွင့် ပါညစ်အကြောင်း နေးချင်ရို့ပါ"

ရဲမေကြီးက သူ တွေ့ဖူးနေကျပုံစံတွေ ကို ထိုးပေးပြီး-

"ရထားလက်မှတ် ဘွတ်ကင်တွေ ကို ပုံစံအပြာမှာ ပင်အပ်နဲ့တွဲ ပြီးအခန်း ၄-၅ ကို ယူသွားပြီး သွားတင်ချေ"

ဟု ပထမအကြိမ်တုန်းက ပြောခဲ့သည့်စကားကိုပင် စက်ရုပ်သံပတ်ပေးထားသလို တစ်သဝေမတိမ်း ပြော၏ ။ ပြီးတော့- "နောက် တစ်ယောက် "ဟု ခေါ်လိုက်သည်။

''နေ နေပါဦးဂျ အနော် ပါညစ် ချောက်ပြီးသားပါ။ ဘယ်တော့ရောက် ရညရဲ သိချင်ရို့ပါ''

မိုက်ကယ်ကေသည် ရဲမေကြီးကို ပျာပျာသလဲ ရှင်းပြ၏ ။ ရဲမေကြီးသည် မျက်လုံးကြီးပြူး ၍ မော့ကြည့်ရင်း-

''ရထားလက်မှတ်က ဘယ်နေ့အတွက်လဲ''

''ဩ ဩဂုတ်လ ချ့ချစ်ရက်နေ့၊ ဒါပေမဲ့ အညေက က...''

''ဩဂုတ် (၁၈) ဆို တစ်လ လိုသေးတာပဲ၊ လျှောက်ပြီးသားဆိုရမှာ ပေါ့၊ အိမ်လိပ်စာပေးထားတဲ့အတိုင်း ပါမစ်ပို့လိုက်မှာ ပဲ၊ စောင့်ပေါ့။ ကဲနောက် တစ်ယောက် ''

''ဒါ ဒါပေမဲ့ ပါညစ်မရာရင် အနော် တစ်ထုထု ကျိုကျင်ချင်ရို့အညေက ဖျား ဖျား''

ကောင်တာနောက်မှ ရဲမေကြီးသည် ထိုင်ရာမှ ဝုန်းကနဲ ထလိုက်၏ ။

''ဒီမှာ ကျုပ် အချိန်မရှိဘူး။ ရှင့်ကို ကျုပ် နောက်ဆုံးအကြိမ် ထပ်ပြောမယ်။ လျှောက်ပြီးသားဆိုရင် ပါမစ်က ရလာလိမ့်မယ်၊ ဒါကို စောင့်ပါဟုတ်ပြီလား၊ နောက်မှာ လူတွေ အများ ကြီး တန်းစီနေတာ ရှင် မတွေ့ဘူးလား။ ရှင့်ကိစ္စတစ်ခုတည်း အရေး ကြီးတယ် မှတ်နေလား၊ လူကိုက ရှူးသလိုပေါသလိုနဲ့။ ကဲ- နောက် တစ်ယောက် ''

မိုက်ကယ်ကေသည် ရပ်နေရာမှ တစ်ဖဝါးမရွေ့၊ သူ အသက်ရှူမြန်လာသည်၊ မျက်ရည်တွေ ဝိုင်းလာသည်၊ နီရဲနေသည့် သူ့ နှုတ်ခမ်းကွဲကလေးက တလှုပ်လှုပ် ဖြစ်လာသည်။ လှုပ်ရှံမကလို့ လဲသေသေ၊ ရဲမေကြီး ကတော့ ဂရုမစိုက်၊ နောက် တစ်ယောက် ဟုသာ တွင် တွင် အော်နေသည်။နောက်တစ်နေ့နံနက် အရက်တက်ဖို့ တစ်နာရီအလိုမှာ မိုက်ကယ်သည် အမေ့ကို နှိုး၏ ။ အဘွားကြီး အဝတ်အစားလဲနေတုန်း သူ အထုပ်အပိုးပြင်၍ လက်တွန်းလှည်း ဗိုးချဲပေါ်သို့ စနစ်တကျ တင်၏ ။ ပလတ်စတစ်စအနက်ကြီးဖြင့် လွှမ်းလိုက်တော့ လက်တွန်းလှည်း ဗိုးချဲသည် ကားဘောနက်အနက်ကြီးနှင့်ပင် တူသယောင်ယောင်။

'လုပ်ချင်တာ လုပ်တော့၊ ငါလည်း မသိတော့ဘူး'

ဆိုသည့်စကားကိုတတွတ်တွတ်ရွတ်နေသည့် အမေ့ကို အထုပ်အပိုးတွေ ကြားမှ လက်တွန်းလှည်းပေါ် နေသားတကျဖြစ်အောင် တင်ရသည်ကိုက အချိန်အတော် ကြသည်။ အထုပ်အပိုးများ နှင့် အမေ့ကို တင်လိုက်သော အခါ လက်တွန်းလှည်းသည်သူ ထင်သလောက်မကြီးကြောင်း မိုက်ကယ်ကေ သတိထားမိ၏ ။ အမေသည်မသက်မသာကြီး ထိုင်နေရရှာသည်။ အမေ့ ခြေထောက်တွေ ကို သူ စောင်တစ်ထည်ဖြင့် လွှမ်း၏ ။ ပြီးတော့ အပေါ်က စားစရာထုပ်တွေ ၊ မီးဖို၊ဓာတ်ဆီပုလင်းတွေ ကို ထပ်တင်၏ ။

ဟိုဘက်တိုက်က မီးရောင် မှိန်မှိန်သည် လမ်းမပေါ်သို့ လျှံကျနေသည်။ ကျောက်ဆောင်များ လှိုင်းပုတ်သံ တဝေါဝေါကို သူတို့ ကြားနေခဲ့ရသည်။

မိုက်ကယ်ကေက အမေ့ကို လေသံကလေးဖြင့် -

''တစ်ရက် နှစ် ရက်လောက်ပဲ ကြာမှာ ပါ အမေရာ၊ အမေ သိပ်ညလှုပ်နဲ့နော်''

ဟု ပြောရာ အဘွားကြီးက ခေါင်းညိတ်ပြရှာ၏ ။ မျက်နှာကိုတော့သိုးမွေးလက်အိတ်ဝတ်ထားသော လက်များ ဖြင့် သူ အုပ်ထား၏ ။ မိုက်ကယ်သည် ဦးထုပ်ကလေးကို ဆောင်းရင်း လက်တွန်းလှည်းလက်ကိုင်များ ကို ဆွဲမကာ မြူခိုးတွေ မှိုင်းနေသည့် လမ်းတစ်လျှောက် စတင်လျှောက်လာခဲ့၏ ။

သူသည် အတိုဆုံးလမ်းကို ရွေးခဲ့သည်။ အမိုးကရက်ထား ဖြစ်ထားပြီးအဆောက်အုံတွေ တစ်ဝက်တစ်ပျက် မီးလောင်ကျွမ်းထားသည့် နေရာကိုခပ်သုတ်သုတ်ဖြတ်၏ ။ ဆိပ်ကမ်းသာရပ်ကွက်ကို ဖြတ်ကျော်၏ ။ လမ်းပေါ်မှ လူတချို့က ထူးထူးဆန်းဆန်း မထော်မနမ်း သူတို့သားအမိကို ဝိုင်းကြည့်နေကြသည်။ မိုက်ကယ်သည် ဖြည်းဖြည်းမှန်မှန် ခရီးဆက်လာခဲ့သည်။နာရီဝက်တစ်ကြိမ်ခန့် ခဏနားပြီး အေးစက်နေသည့် သူ့လက်တွေ ကို နာနာပွတ်၏ ။ ကိုက်ခဲစပြုလာသည့် လက်မောင်းတွေ ကို အကြောလျှော့၏ ။တွန်းရင်းနှင့် သူ သတိထားမိသည် ကတော့ သူ ထင်သလိုလုပ်ထားခဲ့သည့်လက်တွန်းလှည်း ဝင်ရိုးသည် နောက်သို့ ရောက်လွန်းနေသဖြင့် အမေ မှီချလိုက်တိုင်း သူ့ခန္ဓာကိုယ်ကြီး၏

အလေးချိန်က မိုက်ကယ့်လက်ထဲမှာ စီးနေတော့သည်။ သို့သော်လည်း မိုက်ကယ် တစ်ယောက် အပြုံး မပျက်။ မျက်နှာတစ်ချက် မပျက်။

လေးလွန်းသည့်လှည်းကို အားစိုက်တွန်းရသဖြင့် မောဟိုက်နေသည့်ကြားမှ-

"မကြာခင် လမ်းမပေါ် ရောက်တော့မယ် အချေ၊ တစ်ယောက် ယောက် က အနော်တို့ကို ရမ်းကြုံထော်တွားမှာ ပါဂျာ"

ဟု သူ့အမေကို အားပေးလိုက်သေးသည်။

မွန်းမတည့်မီမှာ သူတို့နှစ် ယောက် သရဲခြောက်မတတ် လူသူတိတ်ဆိတ်နေသည့် စက်မှု ဇုန်ကို ဖြတ်ကျော်လာခဲ့ကြသည်။ အလုပ်သမားအချို့က နံရံများ ကိုမှီကာ ဆန်းဒဝစ်စားနေကြပြီး လမ်းမကြီးကို ငေးနေသည်ကို တွေ့ရ၏ ။ လက်မောင်းတွေ ထုံကျဉ်လာသော်လည်း နောက်ထပ်မိုင်ဝက်ခန့် ခရီးပေါက်အောင် သူ တွန်းလှည်းကို အားစိုက်တွန်း၏ ။ မဟူရာမြစ်ကူးတံတားအောက် ရောက်မှ သားအမိနှစ် ယောက် ခဏနားကာ မြက်ခင်းပေါ်မှာ နေ့လယ်စာ စားကြသည်။ မိုက်ကယ်သည် မြက်ခင်းပေါ်လှဲရင်းမျက်စိမှိတ်ထားလိုက်၏ ။ လမ်းမကြီးကား တိတ်ဆိတ်လျက်၊ နားထဲမှာ တော့ ငှက်သံလေးတွေ ကြားနေခဲ့သည်။

ဆူဆူညံညံ အသံတစ်ခုကို ရုတ်တရက် ကြားလိုက်ရ၍ သူ အိပ်ချင်ပြေသွားသည်။ ပထမတော့ မိုးခြိမ်းသံလိုလို ထင်မိသေးသည်။ အသံက တဖြည်းဖြည်း ကျယ်လာ၏ ။ မြို့ထဲဘက်မှ လာသော အသံ။ လမ်းမတစ်လျှောက် အပြင်းမောင်းလာသည့် မော်တော်ဆိုင်ကယ် နှစ်စီးနှင့် သံချပ်ကာကား တစ်စီး။ ယူနီဖောင်းကိုယ်စီနှင့် ဆိုင်ကယ်သမားနှစ် ယောက် လုံးကျောမှာ ရိုင်ဖယ်ကိုယ်စီ လွယ်ထားကြသည်ကို တွေ့ရ၏ ။ သံချပ်ကာကားပေါ်မှ စက်သေနတ်ကြီးကလည်း ပြူး ပြူး ပြဲပြဲ။ ထိုကားနောက်မှာ တော့ထရပ်ကားယာဉ်တန်းကြီး။ များ သော အားဖြင့် တော့ ထရပ်ကားအလွတ်တွေ ။ မိုက်ကယ်နှင့် သူ့အမေသည် ထို မဆုံးနိုင်သည့် ကားတန်းကြီးကို ဘေးချင်းယှဉ်ထိုင်ရင်း ငေးနေကြရှာသည်။ ထရပ်ကားတွေ နောက်မှ ဗင်ကားတွေ ၊ကုန်တင်ယာဉ်ငယ်တွေ ၊

ထိုကားတွေ နောက် ကတော့ စစ်သားအပြည့်ပါသည့်စစ်ကားတစ်စီး၊ နောက်ဆုံးက မော်တော် ဆိုင်ကယ် နှစ် စီး။

ထိုနောက်ဆုံး မော်တော် ဆိုင်ကယ်သမားနှစ် ယောက် သည် မြက်ခင်းပေါ်မှ သူတို့သားအမိကို တွေ့သွားခဲ့ကြသည်။ သူတို့ ဆိုင်ကယ်များ ကို ရပ်လိုက်ကြသည်။ တစ်ယောက် က မြက်ခင်းပေါ်လျှောက်လာပြီး တစ်ယောက် က လမ်းမပေါ်မှာ စောင့်နေ၏ ။

"ဟေ့ အမြန်လမ်းမပေါ်မှာ မရပ်ရ မနားရဘူးဆိုတာ မသိဘူးလား"

ဆိုင်ကယ်သမားသည် ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းကာမိုက်ကယ့်ကို ဟောက်၏ ။ ပြီးတော့ လက်တွန်းလှည်းဆီသို့ သူ့မျက်စိကရောက်သွား၏ ။

"မင်းတို့ ဘယ်သွားကြမလို့လဲ"

မိုက်ကယ်က တစ်သလို ဆို့သလို ဖြစ်နေသည့် လည်ချောင်းကိုချဲ့ရှင်းလိုက်ပြီး-

"ပ ပရင့်စ်အဲလဗတ်ကို တွားမရို့ပါ"

ဆိုင်ကယ်သမားက ရှိုကနဲ လေတစ်ချက်ချွန်လိုက်ပြီး သူ့အဖော်ကိုလက်ယပ်ခေါ်လိုက်သည်။ ပြီးတော့ မိုက်ကယ့်ဘက် ပြန်လှည့်၍ -
"ဒီအကွေ့လေးကျော်ရင် စစ်ဆေးရေး ဂိတ် ရှိတယ်။ အဲဒီ မှာ မင်းတို့ခရီးသွားလာခွင့် ပါမစ်ကို ပြရလိမ့်မယ်။ ကိတ်တောင်း ပနီဆူလာ ဧရိယာကနေ ထွက်ခွာခွင့် ပါမစ် ပါလာသလား"

"ဟုတ် ဟုတ်ကဲ့"

"အေး ပါရင်ပြီးရော၊ ပါမစ် မပါဘဲ ဘယ်မှ သွားလို့မရဘူးဆိုတာသိတယ်မဟုတ်လား။ စစ်ဆေးရေး ဂိတ်ရောက်ရင် အဲဒီ ပါမစ်ကို ပြကို ပြရမယ်နော်၊ နောက်တစ်ခု မှတ်ထားဦး၊ အမြန်လမ်းမမှာ နားချင်ရင် လမ်းဘေးမီတာငါးဆယ်ထိ သွားနားရမယ်၊ ခုလိုနားနေရင် ဘာမှ မမေးမမြန်းဘဲတစ်ခါတည်း ပစ်သတ်ပိုင်ခွင့်ရှိတယ်။ နားလည်တယ်နော်"

မိုက်ကယ်သည် အယောင်ယောင်အမှား းမှား းဖြင့် ခေါင်းညိတ်ပြလိုက်သည်။

ဆိုင်ကယ်သမားနှစ် ယောက် ပြန်ထွက်သွား၏ ။ မိုက်ကယ်နှင့် အမေမျက်လုံးချင်း ဆုံမိကြသည်။ 'ကျွန်တော် တို့ တိတ်တိတ်ဆိတ်ဆိတ် လမ်းကလေး ရှာသွားကြတာပေါ့ အမေ' ဟု သူ အမေ့ကို အားပေး၏ ။

သို့ သော် လည်း အမေ့ကို တွန်းလှည်းပေါ်တင်နေစဉ်မှာ သူတို့အနားသို့ ဂျစ်ကားတစ်စီး ထိုးဆိုက်လာခဲ့ပြန်၏ ။ ဂျစ်ကားပေါ်မှ မီးပြင်းတိုက်လှော်ထားသော လက်ဖက်ခြောက်ရွက်တွေ လို ကျက်သရေတုံးသည့် စစ်သားသုံးယောက် ဆင်းလာခဲ့၏ ။ ကြည့်ရတာ မျှော်လင့်ချက်တို့ ရေစုန်မျောပြီထင်ပါရဲ့ ။ ဘုရားသခင်ကလည်း မိုက်ကယ်တို့ မျက်နှာမွဲသားအမိဘက်မှာ ရှိတော် မူပုံ မရ။ ထိုသုံးယောက် ထဲမှ တပ်ကြပ်ကြီး အဆောင်အယောင်နှင့်စစ်သား တစ်ယောက် က-

''ဟေ့- မင်းတို့ ခရီးသွားခွင့်ပါမစ် ပါလား၊ မပါဘူးလား''

ဟု ခပ်ဆတ်ဆတ် မေး၏ ။

''မင်းရော၊ မင်းအမေရော၊ မင်းတို့ ဘယ်သူ ဖြစ် ဖြစ်၊ ပါမစ်မပါရင်ခရီးမသွားရဘူးဆိုတာ သိတယ် မဟုတ်လား''

ဟု ဟောက်၏ ။ မိုက်ကယ်က အမေ့ဘက် လှည့်ကြည့်၏ ။ တွန်းလှည်းပေါ်မှ အမေက စစ်သားတွေ ကို ငေးနေသည်။ မသိချင်ယောင်ဆောင်ကာလက်တွန်းလှည်းကို တွန်းတော့မည် ပြုနေသည့် မိုက်ကယ်၏ လက်များ ကိုတပ်ကြပ်ကြီးက ပုတ်ချလိုက်ကာ-

''အူလည်လည် ရူးသလို ကြောင်သလို မလုပ်နဲ့နော်၊ မင်းမှာ ပါမစ်မရှိဘူးဆိုတာ ငါ သိတယ်။ ပါမစ်သွားပြန်ယူ၊ ပါမစ်ရရင် ခရီးသွားခွင့်ရမယ်၊ ဒါပဲ''

ဟု အပြတ်ပြောလိုက်၏ ။ မြို့တွင် းသို့ ပြန်လည် ဦးလှည့်ကာတရွေ့ရွေ့ တွန်းသွားသည့် လက်တွန်းလှည်းကို စစ်သားသုံးယောက် သည်မျက်ခြည်မပြတ် စိုက်ကြည့်နေခဲ့ကြသည်။ တွန်းလှည်းဘီးတစ်ခုသည် ပြုတ်ထွက်လုဆဲဆဲ ယိုင်တီးယိုင်တိုင်။

ကမ်းခြေသို့ သွားရာလမ်းသို့ သူတို့သားအမိ ပြန်ဝင်လာချိန်မှာ မိုးကြီးစုံးစုံးချု

ပဲခဲ့ပြီ။ အန်နာကေ၏ အခန်းကလေးသည် သူတို့ ထွက်သွားခဲ့ချိန်ကအတိုင်း အရာမယွင်း ရှိနေဆဲ။ မိုက်ကယ့်အမေ အန်နာကေသည် ကုတ်အင်္ကျီကိုပင် မချွတ်နိုင်ဘဲ ဖျာပေါ် လှဲချလိုက်၏ ။ မိုက်ကယ်က တွန်းလှည်းပေါ်မှ ပစ္စည်းတွေ ကို ပြန်သယ်ချနေစဉ် မိုးရွာလာခဲ့သည်။ မိုက်ကယ်က သူ့အမေကို တိုးတိုးလေး စကားတွေ ပြောနေသည်။

သူ့ မပီကလာစကားများ ကို နှစ် ပေါင်းများ စွာ ကြားလာရသည့်အမေ ကတော့ ကောင်းစွာ နားလည်သည်လေ။

"နောက် တစ်ရက် နှစ် ရက်လောက်ဆို ကျွန်တော် တို့ ထပ်ကြိုးစားကြတာပေ့ါ အမေရယ်၊ ခေါင်းမခါလိုက်ပါနဲ့၊ အမေ သိတဲ့အတိုင်း ပါမစ်ကဘယ်တော့မှ ရမှာ မဟုတ်ပါဘူး၊ နောက်တစ်ကြိမ်ဆို လမ်းကြိုလမ်းကြားလေးတွေ ရွေးသွားကြမယ်လေ၊ နော် အမေ၊ သူတို့ လမ်းမှန်သမျှ အားလုံးလိုက်မပိတ်နိုင်ပါဘူး အမေရာ"

သူ့လက်မောင်းပေါ် ခေါင်းအုံးရင်း ဖျာပေါ်မှာ ပင် အမေ အိပ်ပျော်သွားခဲ့သည်။ ထိုအချိန်ကျမှ မိုက်ကယ် တစ်ယောက် အိပ်စက်ဖို့ ဘားမန်းတိုက်ခန်းပေါ် တက်လာခဲ့၏ ။ သူ အဆမတန် ပင်ပန်းလှပြီ။

နောက်နှစ် ရက်ကြာတော့ သူတို့ နောက်တစ်ကြိမ် ပြန်ထွက်ခဲ့ကြသည်။ ဒီတစ်ကြိမ်တော့ အရုဏ်မတက်ခင် စောစောစီးစီး ဆီးပွါင့်မှ ထွက်လာခဲ့သည်။ သူတို့ လမ်းမှာ ဘယ်နရက်ကြာမည် ကို မိုက်ကယ် မခန့်မှန်းနိုင်။ အမေကလည်း ဒီခရီးကို မသွားချင်တော့။ ခုတောင် ရင်ဘတ်အောင့်သည်ဟု ညည်းနေသည်။ ဟုတ်တော့လည်း ဟုတ်သည်။ ပလတ်စတစ်စအနက်ကြီး ဖုံးထားသည့် တွန်းလှည်းထဲမှာ မလှုပ်သာမယှက်သာ အကျဉ်းအကျပ်ထဲ သူ့ခမျာနေရရှာသည်။ ဒီကြားထဲ မိုးက ရွာလိုက်သေး။ ဒီတစ်ခါတော့ မြို့လယ်ကောင်တည့်တည့်ကို ဖြတ်ကာ ကလေးဆေးရုံဘက်မှ ပတ်သွားသည့် လမ်းကြောင်းကို မိုက်ကယ် ရွေးထား၏ ။ ဂေါက်ကွင်းနားရောက်မှသူတို့ ခဏနားကြပြီး အစားအသောက် စား၏ ။ စားပြီးသော အခါ မိုက်ကယ်သည် လမ်းပေါ်တက်ကာ ကားကြုံစီးနိုင်ဖို့အရေး ကားတား၏ ။ ယာဉ်အသွားအလာက ကျဲပါးလှသည်။ ကုန်တင်ယာဉ်ငယ်သုံးစီး ဖင်ချင်းဆက်မတတ် အတွဲ လိုက်ကြီး မောင်းသွားခဲ့သည်။ အကြာကြီးနေမှ မြင်းလှည်းတစ်စီး

လာ၏ ။ တမေ့တမော စောင့်ပြီး နောက်ဆုံး လော်ရီကားတစ်စီးကရပ်ပေး၏ ။ ဒရိုင်ဘာက သဘောကောင်း၏ ။ လှည်းကိုပင် ကားပေါ်ရောက်အောင် ကူသယ်ပေး၏ ။ ဘိလပ်မြေစက်ရုံ ရောက်သည်အထိ သားအမိနှစ် ယောက် မိုးလုံလေလုံ လော်ရီနောက်ခန်းမှာ အပြုံး ပန်းတွေ တဝေဝေနှင့်။သို့ သော် လည်း သူတို့၏ ကံကောင်းခြင်း လက်ဆောင်က ဒီမှာ ပင်နိဂုံးကမ္ပတ် အဆုံးသတ်၏ ။ ဘိလပ်မြေစက်ရုံနားမှာ နောက်ထပ် တစ်နာရီခန့်ကြာအောင် ကားကြုံ စောင့်ပါသော် လည်း စက်ဘီးသမားတွေ ၊ ခြေကျင်သမားတွေ သာ တွေ့ ၏ ။ မိလ္လာကားတွေ တော့ ဖြတ်သွားကြသော် လည်း ဒါကြီးတွေ ကိုတော့ မတားရဲ။

နေစောင်းစပြုပြီ။ လေအေးတွေ တသုန်သုန် တိုက်လာခဲ့ပြီ။နောက်ဆုံးမှာ တော့ သူများ အားကိုးလျှင် ခါးကျိုး နာလန်မထူတာသာ အဖတ်တင်ကြောင်း မိုက်ကယ် သိသွားခဲ့သည်။ ကိစ္စမရှိ။ ပထမခရီးစဉ်တုန်းက တစ်လမ်းလုံး ဒုက္ခပေးခဲ့သည့် လက်တွန်းလှည်း ဝင်ရိုးကိုနှစ် လက်မခန့် ရွှေ့ရောက်အောင် သူ ပြင်ထားခဲ့ပြီးပြီ။ ခုတော့ တွန်းလှည်းက ငှက်မွေးလေးအလား ပေါ့ပါးလှသည်။ သူ လက်တွန်းလှည်းကို တွန်းရင်း လမ်းမပေါ် တက်လိုက်သည်။ အမှိုက် အပြည့်အသိပ်ပါလာသည့်တွန်းလှည်းတစ်ခုကို တွန်းလာသည့် လူ တစ်ယောက် က သူ့ကို ခေါင်းညိတ်နှုတ်ဆက်၏ ။ သူ့တွန်းလှည်း ကတော့ အမှိုက်မပါ။ အမေနှင့် ဘဝတစ်ခုလုံးကို တင်ဆောင်လာခဲ့သည်လေ။ မှော င်မည် းနေသည့် တွန်းလှည်းတွင် းမှာ တော့ အမေသည် ခေါင်းငိုက်စိုက်ကျလျက်၊ ဟောက်သံများ တောင် ပေးနေ၏ ။လမင်းသည် မှု န်တိမှု န်မွှားနှင့် တိမ်တိုက်ကြားမှာ ထွက်ပြူလာသည်။မိုက်ဝက်ခန့် ခရီးဆက်ပြီးသည့်နောက် မိုက်ကယ်သည် အမေ့ကို တွန်းလှည်းအိမ်အတွင် းမှ ထုတ်၏ ။

အကာလည်၊ ကျောချစရာနေရာ ရှာရလိမ့်ဦးမည် ။ သူရွေးလိုက်သည့်နေရာက ကားလမ်းဘေးမှ တောကြီးမျက်မည် း၊ သစ်ရွက် ပုပ်နံ့တွေ တလှိုင်လှိုင်၊ မြေသားက စိုစိုစိ၊ သို့ သော် အရိပ်ကောင်းသည့် သစ်ပင်ကြီးတွေ ရှိ၏ ။ အေးလိုက်တာတော့ ခိုက်ခိုက်ကို တုန်လို့။

မိုက်ကယ် အမေ့ထံ ပြန်ပြေးလာခဲ့သည်။

''နေရာ ကတော့ သိပ်မကောင်းဘူး အမေ၊ တစ်ညလောက်တော့သည်းခံပြီး ဒီမှာ ပဲ နားကြစို့ အမေရယ် နော်''

မိုက်ကယ်သည် တွန်းလှည်းကို ခြေရာလက်ရာ ဖျောက်၏ ။ ခရီးဆောင်အိတ်တစ်ဖက်၊ အမေ့ကိုတစ်ဖက်တွဲ ကာ ချုံတွေ ကြား တိုးလာခဲ့သည်။ သားအမိနှစ် ယောက် အေးစက်နေသည့် အစားအသောက်တွေ ကိုစားကြသည်။ ဘူမိကမ္ဗလာ မြေသားလွှာပေါ်မှာ သစ်ရွက်မွေ့ရာ ခင်းကြသည်။လှဲချလိုက်တော့ မြေသား အစိုဓာတ်က ကျောတွေ စိမ့်ကနဲနေအောင်အေးစေသည်။ ညနက်သန်းခေါင်မှာ မိုးဖွဲကလေးတွေ ကျလာ၏ ။ မိုးစက်တွေ ကျလာတော့ စောင်ကို ခေါင်းမြီးခြုံထားကြ၏ ။ စောင်စိုသွားတော့မိုက်ကယ်သည် တွန်းလှည်းဆီ ပြေးကာ ပလတ်စတစ်စကို ဆွဲ၏ ။ အမေ့ကို ရင်ခွင်ထဲ ထွေးပွေ့ရင်း ပလတ်စတစ် မိုးပေး၏ ။ အမေ့အသက်ရှူသံကမမှန်။ ရှူး ရှူး ရှဲရှဲ ဂူးဂူးဂဲဂဲ။ ထို့ကြောင့် လည်း သူ လုပ်ချင်ရာလုပ်နေသည်ကို အမေ ဘာမှ မပြောနိုင်တော့တာ ဖြစ်လိမ့်မည် ။

အရဏ်မလာခင် စတယ်လန်ဘော့ချ်အထိ ရောက်အောင်သွားမည် ဟုမိုက်ကယ် သန္နိဋ္ဌာန်ချထားခဲ့သည်။ သို့သော် မိုက်ကနဲ အိပ်ပျော်သွားခဲ့သည်။လန့်နိုးတော့ အရဏ်တက်နေပြီ။ အမေ ကတော့ သူ့ဘေးမှာ အိပ်ပျော်နေဆဲ။သူ အမေ့ကို နှိုး၏ ။ အမေ့ကိုသာ နှိုးရသည်။ သူကိုယ်တိုင်ပင် မျက်စိကမဖွင့်ချင်။ ထို့ကြောင့် လည်း သူတို့ ချုံထဲမှ ထွက်လာတော့ မိုးစင်စင်လင်းခဲ့ပြီ။ ပစ္စည်းတွေ ကသုတ်ကရက် သိမ်းနေတုန်း လမ်းပေါ်မှ လူနှစ် ယောက် က သူတို့သားအမိကို တွေ့သွားခဲ့သည်။ မနက်လင်းအားကြီး လူသူလေးပါးပြတ်လပ်သည့်နေရာမှာ အနုပ်စုတ်ကုပ်စုတ် ကောင်တစ်ကောင်နှင့် အဘွားကြီး တစ်ယောက် ပစ္စည်းပစ္စယတွေ နှင့် ။ ခွင့်သာတုန်းမှ မလိုက်ချင်လျှင်အမိုက်နင့်ပြင် ရှိသေးလိမ့်လား။ လူပေါ့ လူသွမ်း လူသရမ်း နှစ် ကောင်အနက် တစ်ယောက် က မောင်းချဓားကို ဖျောင်းကနဲဖွင့်ကာ မိုက်ကယ်ကိုပြနေချိန် ကျန် တစ်ယောက် က ခရီးဆောင်အိတ်ကို လှမ်းဆွဲ၏ ။ ဓားသွားအရောင် တပြောင်ပြောင်ကို လှမ်းမြင်လိုက်ရသည့် ထိုခဏမှာ မိုက်ကယ်ကေ့အတွေးတွေ သီတန်းသွားခဲ့သည်။ ဒီတစ်ခေါက်သာ လက်မြှောက်အရှုံးပေးရဦးမည် ဆိုလျှင် ဆီးပွိုင့်ရှိ အသိုက်ကလေးထဲမှ ဒီတစ်သက် ထွက်ရမည် မဟုတ်တော့။ လက်တွန်းလှည်းပေါ်မှ ဆယ့်ငါးလက်မအရှည်ရှိသည့် သံတုတ်ကို

သူ ဆွဲယူလိုက်သည်။ ဒီသံတုတ်သည် သူ၏ တစ်ခုတည်းသော လက်နက်၊ လှည်းဝင်ရိုးလုပ်စဥ်က ပိုသည့် သံမဏိချောင်း ဖြစ်၏ ။ သံတုတ်ကို သူ လေထဲ ဝှေ့ယမ်းလိုက်ချိန်မှာ တော့ ဟိုသတ္တိခဲနှစ် ကောင်သည်အောင်မြင်စွာ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြသည်။

လမ်းမပေါ်မှာ ကားတစ်စီးမှ မတွေ့ ။ သို့ သော် လူတွေ ၊ လူတွေ ၊ လူပင်လယ်ကြီးဟီးထအောင် အဝေးပြေးလမ်းမ အလယ်ကောင်တည့်တည့်မှာ ခြေကျင်လျှောက်နေကြသည်။ လမ်းဘေးမှ ချုံနွယ်ပိတ်ပေါင်းတို့ကလည်းသန်စွမ်းကြီးထွားလွန်းလှသည်။ ကတ္တရာလမ်းကိုပင် ဖောက်ကာ လမ်းမပေါ်မှာ အညွန့်တလူလူ တက်နေခဲ့သည်။

ဘယ့်နှယ်ကြောင့် ဒီလောက် လူတွေ များ ရသလဲ။

သြော်- ဒီနေ့ တနင်္ဂနွေနေ့ကိုး။ ဤလူပရိသတ်အပေါင်းမှာ ဘုရားကျောင်းသွားကြမည့် လူတွေ ဖြစ်သည်ကိုး။

ပန်းရောင် ဂါဝန်လေးတွေ ဆင်တူဝတ်ထားကြသည့် ကလေးမလေးသုံးယောက် က ပလတ်စတစ်စ အမည် းကြီးကာထားသည့် တွန်းလှည်းလှောင်အိမ်တွင် းမှ အန်နာကေကို ချောင်းကြည့်ကာ စကားတွေ ပြောလာကြသည်။ အမယ်- အကြီးဆုံး ကောင်မလေးက အဘွားကြီးလက်ကိုပင် ကိုင်ထားလိုက်သေးသည်။ စတယ်လန်ဘော့ချ်လမ်းခွဲကို ရောက်တော့ သူတို့ခွဲခွာကြရသည်။ အဘွားကြီး အန်နာကေက ပိုက်ဆံအိတ်ကိုဖွင့်ကာ ကလေးတွေ ကို မုန့်ဖိုးပေးနေ၏ ။

ကလေးမလေးတွေ ထံမှ ရသည့် သတင်းအရတော့ တနင်္ဂနွေနေ့မှာ စစ်ကားတွေ မလာဘူးတဲ့။ ထိုအသံများ ပင် သူ့နားထဲမှ မပျောက်သေးမီစတယ်လန်ဘော့ချ်လမ်းခွဲမှ အပြင်းမောင်းသွားသည့် ကားတန်းကြီးကို သူတွေ့ လိုက်ရသည်။ ထုံးစံအတိုင်း သံချပ်ကာ လော်ရီတစ်စီးက ရှေ့မှဦးဆောင်လျက်၊ လူနှစ်ယောက် က အော်တိုမက်တစ် ရိုင်ဖယ်များ ကို အသင့်အနေအထားဖြင့် ကိုင်လျက်။

စစ်ကားတွေ တော့ မဟုတ်။ ကားပေါ်မှ လူများ က သူတို့သားအမိကို စိန်းစိန်းကြည့်သွားကြသည်။ ကလေးမလေးတွေ က တစ်စုံတစ်ရာ အော်ပြောနေကြသော လည်း မိုက်ကယ် မကြားတော့။ဘုရားကျောင်းမှ ခေါင်းလောင်းသံသည် လယ်ကွင်းတွေ ကြားမှ ဖြတ်ကာသူ့နားဝသို့ တိုးဝင်လာတော့ ဟူးဝစ် နိုရန်းနီးယပ်စ်ကျောင်းမှာ နေခဲ့ရတုန်းက အချိန်တွေ ကို ဖျတ်ကနဲ သတိရ၏ ။

စတယ်လန်ဘော့ချ်ကို ချဉ်းကပ်မိတော့ မိုးကြီးစုံးစုံးချုပ်ခဲ့ပြီ။ လမ်းတွေ က လူသူမပြောနှင့်၊ ခွေးတစ်ကောင် ကြောင်တစ်မြီးပင် မရှိ။ စိမ့်နေအောင်အေးသည့် လေစိမ်းက ဟူးဟူးရားရားတိုက်နေသည်။ ဒီည ဘယ်မှာ အိပ်ရမည် ကို ခုထိ သူ့မှာ အဖြေမရှိသေး။ အမေကလည်း ချောင်းတဟွတ်ဟွတ်ဆိုးနေပြီ။ သူ့ခမျာ အသက်ကို အမောတကော ရှူ နေရသည်။မိုက်ကယ်သည် နီးရာဆိုင်တစ်ဆိုင်ကို ဝင်လိုက်သည်။ ပက်စတီမုန့်တွေ ဝယ်လိုက်သည်။

သူ ပက်စတီ သုံးခု ကုန်ချိန်မှာ အမေက တစ်ခုတောင် မကုန်သေး။ဘာမှ စားချင်စိတ်မရှိ။ ခံတွင်း ပျက်နေပြီဟု ဆို၏ ။ ဆရာဝန် ပြပေးရမလားဆိုတော့ ခေါင်းယမ်း၏ ။ ရင်ဘတ်ကို ထုရင်း လည်ချောင်းယားလို့ပါဟုဖြေသည်။ ကြည့်ရတာ အမေ့စိတ်ထဲမှာ နက်ဖြန် သန်ဘက်ခါ ပရင့်စ်အဲလ်ဗတ်သို့ ရောက်မည် ဟု ထင်နေရှာပုံရသည်။ အမေ စကားတွေ ဖောင်နေအောင်ပြောလာသည်။ မိုက်ကယ် အသာငြိမ်ကာ နားထောင်နေလိုက်သည်။

"အမေတို့နေခဲ့တဲ့ ယာခင်းက နာမည် တော့ ခပ်မေ့မေ့ပဲကွဲ့၊ ဒါပေမဲ့မေးလိုက်ရင် ရပါတယ်။ တောင်ခြေလေးနားမှာ ပဲ၊ ကြက်ခြံလေးလည်း ရှိတယ်၊ ဟိုရောက်ရင် မင်း အဲဒါကို ရှာ" တဲ့။

စက္ကူပုံးအလွတ်တွေ ကို အိပ်ရာလုပ်ပြီး အမှိုက်ပုံတစ်ခုနားမှာ သူတို့အိပ်ကြသည်။ တစ်ညလုံး အမေ အပြင်းအထန် ချောင်းဆိုးသဖြင့် မိုက်ကယ်လည်း မအိပ်နိုင်ရှာခဲ့။ ရဲကားတစ်စီး ပတ်တရောင် လှည့်နေချိန်မှာ အသံမထွက်စေဖို့ အမေ့ပါးစပ်ကို သူ ပိတ်ပေးထားခဲ့သည်။

မည်းမှောင်နေသည့် ကောင်းကင်မှာ အလင်းတစ်စ မြင်ရချိန်မှာ အမေ့ကို လှည်းပေါ်ပြန်တင်ဖို့ သူ ကြိုးစား၏ ။ သို့သော် အမေ့အခြေအနေက လုံး၀ မကောင်း။ ခေါင်းငိုက်စိုက်ကျကာ သူ ဘယ်ကို ရောက်နေမှန်းပင် မသိရှာတော့။ မိုက်ကယ်သည် လမ်းပေါ်မှာ ပထမဆုံး စတွေ့သူကိုဆေးရုံလိပ်စာ မေး၏ ။ အမေက လှည်းပေါ်မှာ ကားရားကြီး ဖြစ်နေပြီ။အဖျားတွေ လည်းတက်၊ အသက်ရှူလည်းခက်။

''လည်ချောင်းက သိပ်ယားတယ်ကွယ်''

ဟု ညည်းနေရှာသည်။

ဆေးရုံရောက်တော့ သူတို့အလှည့်ရောက်ဖို့ တမေ့တမော စောင့်နေချိန်မှာ အမေ သူ့ကို မှီရင်း သတိလစ်သွားခဲ့သည်။ နာခေါင်းမှာ ပိုက်တန်းလန်းဖြင့် ထရော်လီအပေါ် ပက်လက်ကြီးတင်ထားသည့် အမေ့ကို သူငေးကြည့်နေမိသည်။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့သဖြင့် ဆေးရုံစင်္ကြံလမ်းမှာ ငူငူကြီးထိုင်နေရာ မောင်းထုတ်ခံလိုက်ရသည်။ ဆေးရုံ၀င်းထဲမှာ နေစာလှုံရင်း တစ်နေ့လယ်ခင်းလုံး သူ အချိန်ဖြုန်း၏ ။ ဆေးရုံထဲ နှစ်ကြိမ်ပြန်၀င်ကြည့်၏ ။ ထရော်လီပေါ်မှ အမေကား နေရာ မရွှေ့သေး။ တတိယမ္ပိသူ သွားကြည့်တော့ အမေ အသက်မရှူတော့ဟု သူ ထင်မိသည်။

သူ့နှလုံးသားတစ်ခုလုံးကို ဖျစ်ညှစ်ဆုပ်နယ်ခြင်း ခံလိုက်ရသလိုကြီးစွာ သော သော ကပရိဒေ၀မီးဟပ်ကာ တွေ့ရာသူနာပြုတစ်ယောက် ကို သူအတင်း ဆွဲခေါ်လာ၏ ။ သူနာပြုသည် ယက်ကန်ယက်ကန်ဖြင့် ပါလာ၏ ။ထရော်လီပေါ်မှ အမေ့ကို သူ စမ်းသပ်၏ ။ စကားတစ်လုံးမှ မပြောဘဲ ခဏနေတော့ သူ ပြန်ထွက်သွား၏ ။ လူနာလက်ခံသည့် စားပွဲမှာ တစ်စုံတစ်ခုကိုရေး နေ၏ ။ မိုက်ကယ်က သူ့အနားမှ တစ်ဖ၀ါးမခွာဘဲ သက်တော် စောင့်ခွေးကြီးလို အနားမှာ ရပ်နေသည်။ ခဏနေတော့ သူနာပြုက သူ့ဘက်လှည့်လာပြီး-

''ဒီမှာ ကျွန်မပြောတာ နားထောင်စမ်း၊ ဟိုမှာ လူနာတွေ တွေ့လား''

ဆေးရုံအဆောင်ထဲနှင့် စင်္ကြံလမ်းပေါ်မှာ ထပ်ထပ်ကြမ်းနေသော လူနာတွေ ကို လက်ညှိုးထိုးပြသည်ကို မိုက်ကယ်က လိုက်ကြည့်နေမိသည်။''အဲဒီ လူတွေ အားလုံးဟာ

ဆေးရုံတက်ဖို့ စောင့်နေကြတဲ့ လူတွေ ချည်းပဲ။ ဒီလူတွေ ကို ဆေးရုံတင်ပေးနိုင်ဖို့အရေး ကျွန်မတို့မှာ အချိန်ပြည့်အလုပ်လုပ်နေရတယ်၊ ကျွန်မတို့လည်း လူတွေ ပါ။ စားချိန် နားချိန်လေးတော့ လိုချင်သေးတာပေါ့၊ နေဦး၊ ဘယ်သွားမလို့လဲ၊ ကျွန်မ ပြောနေတယ်"သူနာပြုဆရာမ သည် ပြောရင်းဖြင့် မာန်ပါလာပြီး ပြေးဟန်ပြုနေသည့် မိုက်ကယ့်ကို သူ့ဘက် ဆွဲလှည့်လိုက်သည်။

သူ့မျက်ဝန်းထဲမှာ ဒေါသမျက်ရည်တွေ ပြည့်လို့။

"အလုပ်ချိန်ပြီးရင် ပင်ပန်းလွန်းလို့ ကျွန်မ ဘာမှ မစားနိုင်ဘူး၊အဝတ်မလဲနိုင်ဘူး၊ ဖိနပ်တောင် မချွတ်နိုင်ဘဲ အိပ်ပျော်သွားရော၊ ကျွန်မနစ် ကိုယ်၊ သုံးကိုယ်ခွဲလို့ မရဘူးရှင့်၊ ရှင် နားလည်သလား၊ နားလည်ဖို့ဒီလောက်တောင် ခက်သလား"

မိုက်ကယ်ကသည် ဒေါသတွေ အလိပ်လိုက်ထွက်နေသည့် သူနာပြုဆရာမ ကို အတင်းတောင်းပန်ကာ ထွက်ပြေးလာခဲ့သည်။ ခရီးဆောင်အိတ်က အမေနှင့်အတူ ပါသွားသဖြင့် သူ့မှာ ငွေအနည်းငယ်သာ ရှိ၏ ။ ဒိုးနတ်မုန့်တစ်ခု ဝယ်လိုက်ပြီး ဘုံပိုင်ရေဖြင့် မျှောချလိုက်သည်။ ဦးတည်ချက်မဲ့လားရာမဲ့ သူ လမ်းလျှောက်၊ အုတ်ခင်းလမ်းပေါ်က သစ်ရွက်ခြောက်ပင်လယ်တွင်း သူ့ခြေအစုံ သက်ရောက်၊ ပန်းခြံတစ်ခုကို ခရီးပေါက်၊ ခုံရှည်တစ်လုံးပေါ်ထိုင်ရင်း ပြာဖျော့ဖျော့ကောင်းကင်ယံသို့ တိုးထွက်နေသည့်သစ်ကိုင်းတစ်ခုကို အကြည့်ကရောက်၊ သစ်ကိုင်းပေါ်က ရှဉ့်ငယ်တစ်ကောင်နှင့် စကားစမြည် ပြောကြည့်ရရင် ကောင်းမလားဟု အတွေးပေါက်။ ရုတ်တရက် ချက်ချင်း သူ့တွန်းလှည်းကို သတိရလာသဖြင့် ထိတ်ကနဲ ဖြစ်သွား၏ ။ ဆေးရုံကို ဒရောသောပါး ပြန်ပြေး၏ ။ တော်ပါသေးရဲ့ ။တွန်းလှည်းသည် သူ ရပ်ထားခဲ့သည့် နေရာမှာ နေရာမယွင်း ရှိနေသေးသည်။စောင်များ ၊ ဆိုဖာကူရှင်များ နှင့် မီးဖိုကို တွန်းလှည်းပေါ်မှ သူ ထုတ်ယူလိုက်သည်။ သို့သော် ဘယ်နား ထားရမှန်း သူ မသိ။ သူ့မှာ အကြံ မရှိ။ ညနေခြောက်နာရီထိုးတော့ နေ့ဂျူတီပြီးလာကြဟန်တူသော သူနာပြုတစ်သိုက် ပြန်သွားကြသည်။ ဆေးရုံထဲ မဝံ့မရဲ ဝင်ကြည့်၏ ။ စင်္ကြံလမ်းမှာ သူ့အမေကို မတွေ့ရတော့။ လူနာလက်ခံဌာနမှာ သူ့အမေ ဘယ်ရောက်သွားပြီလဲ သူ မေးကြည့်၏ ။ ဆေးရုံ၏

အစွန်အဖျား ချောင်ကျကျတစ်နေရာကို လမ်းညွှန်သည့်အတိုင်း သွားကြည့်တော့ မတွေ့။ ထိုနေရာရှိ လူနာတွေ ကလည်း သူ့စကားကို ဘယ်သူမှ နားမလည်ကြ။ လူနာလက်ခံဌာနသို့ သူပြန်လာပြီး မနက်ကျမှ တစ်ခေါက်လာရမည် ဖြစ်ကြောင်း ပြော၏ ။ ဆေးရုံထဲက ဧည့်ခန်းမရှိ ခုံရှည်ပေါ်မှာ တစ်ညလောက် အိပ်လို့ရမလား မေးကြည့်တော့ ခါးခါးသီးသီး အငြင်းခံခဲ့ရသည်။

ဒီလိုနှင့် မနေ့ညက အိပ်ခဲ့သည့် အမှိုက်ပုံနားက စက္ကူဖာတွေ ကြားသူ ပြန်ရောက်လာသည်။ အိပ်မက်ရှည်ကြီးတစ်ခု သူ မက်သည်။အမေက စားစရာတွေ အပြည့်ထည့်ထားသော အထုပ်ကြီးတစ်ထုပ်ကိုကိုင်စွဲ၍ သူ ရှိရာ ဟူးဝစ် နီရန်နီးယပ်စ်ကျောင်းသို့ ရောက်လာခဲ့သည်။'တွန်းလှည်းက သိပ်နှေးလွန်းတယ်ကွယ်၊ အမေ ပရင့်စ်အဲလ်ဗတ်ကိုရောက်ချင်လှပြီ' ဟုလည်း အမေက ပြော၏ ။

စားစရာအပြည့်ပါသည်ဆိုသော အထုပ်ကြီးက သံသယဝင်စရာကောင်းလောက်အောင် ပေ့ါပါးလွန်းနေသည်။

သူ လန့်နိုးလာတော့ အေးလွန်းသဖြင့် ခြေထောက်တွေ ထုံနေခဲ့သည်။ ကောင်းကောင်းပင် ဆန့်၍ မရချင်။ နံနက် သုံးနာရီလား၊ လေးနာရီလား မသိ၊တစ်ခုခု ဖြစ်လိမ့်မည် ။ ကြည်လင်သည့် မဟူရာကောင်းကင်မှာ ကြယ်ကလေးတွေ မှိတ်တုတ် မှိတ်တုတ် လင်းနေဆဲ။ အိပ်မက်က အီလည်လည်ကြီး ဖြစ်သော်လည်း သူ့ စိတ်ထဲမှာ ဘာမှ မခံစားရတာ ကို အံ့သြနေမိသည်။ စောင်ကြီးခြုံပြီး သူ ထလာသည်။ လမ်းတစ်လျှောက် ပိတ်ထားသည့် ဆိုင်ခန်းပြတင်းပေါက်များ မှတစ်ဆင့် အတွင်း သို့ ဘာရယ်မဟုတ် ချောင်းကြည့်မိသည်။နောက်ဆုံးတော့ ဆေးရုံထဲသို့ သူ ဝင်ခွင့်ရခဲ့သည်။ အမေ့ကိုအမျိုးသမီးဆောင်တစ်နေရာမှာ တွေ့ရသည်။ အဖြူရောင် ဆေးရုံအဝတ်အစားများ လဲပေးထားသည်။ မျက်လုံးအစုံ ကတော့ စုံးစုံးပိတ်ထားဆဲ။နှာခေါင်းမှာ လည်း ပိုက်တန်းလန်းနှင့်။ မိုက်ကယ်က အမေ့လက်ကို ဖျစ်ညှစ်ဆုပ်နယ်လိုက်တော့ ဘာမှ မတုံ့ပြန်ခဲ့။ အမေ့ပါးစပ်သည် ဟောင်းလောင်းပွင့်လျက်၊ အမေ့မျက်နှာသည် သွေးဆုတ်ဖြူရော်လျက်၊ လက်မောင်းမှအရေပြားတို့သည် တွဲ ကျလျက်။ ဆေးရုံခုတင်တွေ က တစ်လုံးနှင့်

တစ်လုံးတစ်ပေလောက်သာ ခြားထားသည်။ လူနာကလည်း အပြည့်အသိပ်။မိုက်ကယ့်အဖို့ ဘယ်နေရာမှာ မှ ထိုင်စရာ မရှိ။

မနက် ဆယ့်တစ်နာရီထိုးတော့ ဆေးရုံ အော်ဒလီ တစ်ယောက် သည်လူနာများ အတွက် လက်ဖက်ရည်နှင့် ဘီစကွတ်မုန့်များ လာပို့၏ ။ မိုက်ကယ်က အမေ့ကို လက်ဖက်ရည်တိုက်ဖို့ ကြိုးစားသည်။ သို့သော် မအောင်မြင်ခဲ့။သူ့မိုက် ကတော့ အသံမျုးစုံပေး၍ အစာကို တောင်းခံနေ၏ ။ ဒီလိုနှင့် အော်ဒလီလက်ဖက်ရည်ခွက်တွေ လာသိမ်းတာမြင်တော့ အေးစက်နေသည့် လက်ဖက်ရည်နှင့် မုန့်တွေ ကို မိုက်ကယ် တစ်ယောက် အတင်းအဓမ္မ သွတ်သွင်းဝါးမျိုလိုက်တော့သည်။

ခုတင်ခြေရင်းမှာ တော့ လူနာမှတ်တမ်းစာရွက်တွေ ရှိနေ၏ ။ အမေ့ဟာလား၊ အခြားလူနာဟာလား ဆိုတာကိုပင် မိုက်ကယ် မဝေခွဲနိုင်ခဲ့။ ဆေးရုံစင်္ကြံလမ်းမှာ ဂျူတီကုတ်ဖြူလွလွနှင့် ဆရာဝန် (ဟု ယူဆရသူ) တစ်ယောက် ကိုတွေ ့တော့ မိုက်ကယ် အလုပ်တောင်းမိသည်။

''ကျွန်တော် ငွေမလိုချင်ပါဘူး၊ တစ်ခုခု လုပ်ချင်လို့ပါ။ တံမြက်စည်းပဲ လှည်းရ လှည်းရ၊ ကြမ်းပဲ တိုက်ရ တိုက်ရ၊ အိမ်သာပဲ ဆေးရ ဆေးရပေါ့''။

ဆရာဝန်က မိုက်ကယ့်စကားကို နားလည်၏ ။ အောက်ထပ်က ရုံးမှာ သွားမေးချေဟု ပြန်ပြောပြီး သူ့ကို တွန်းဖယ်ကာ ခပ်သုတ်သုတ်လျှောက်သွားသည်။ သူပြောသည့် အောက်ထပ်က ရုံးကိုတော့ မိုက်ကယ်ဘယ်နားမှာ မှ ရှာမတွေ ့ခဲ့။

ယောင်လည်လည်လုပ်နေသည့် မိုက်ကယ်ကို လူ တစ်ယောက် ကစကားလာပြော၏ ။ ထိုသူက မိုက်ကယ့်မျက်နှာ၊ အထူးသဖြင့် ပုလဲသီ တကွဲစီ ဖြစ်နေသည့် အပေါ်နှုတ်ခမ်းကိုကြည့်ရင်း ချုပ်ဖို့လားဟု မေး၏ ။ မိုက်ကယ်ကခေါင်းခါပြလိုက်တော့ ထိုသူက သူ ကားတိုက်ခံရသည့် ဇာတ်လမ်းရှည်ကြီးကိုမပြီးနိုင် မစီးနိုင်အောင် ပြောတော့သည်။ ကားတိုက် ခံရ၍ ခြေအစုံသွင်သွင်ကျိုးသည့်အပြင် တင်ပါးဆုံရိုးပါ အက်သွားကြောင်း၊ ငွေချောင်းတွေ စိုက်ထားရကြောင်း၊ သို့ သော် ပြန်ကောင်း မကောင်း

မသေချာ ကြောင်း၊ခုတောင် ချိုင်းထောက်ဖြင့် လမ်းလျှောက်နေရကြောင်း။

"ကျွန်တော် ပိုက်ဆံ မရှိဘူးဗျာ၊ မနေ့ကတည်းက ဘာမှလည်းမစားရသေးဘူး" ဟု မိုက်ကယ်က ဆိုမိသည်။

ထိုသူက ချက်ချင်း ပင် -

"သွား ဆိုင်မှာ ပိုင်မုန့် သွားဝယ်ချေ ငါ့ဖို့ပါ ဝယ်ခဲ့"

ဟု ဆိုကာ တစ်ရမ် (တောင်အာဖရိကသုံးငွေ) ကြီးများ တောင်ထုတ်ပေး၏ ။

ပူပူနွေးနွေး ကြက်သား ပိုင်မုန့် နှစ် ခုပိုက်၍ မိုက်ကယ် အပြေးတစ်ပိုင်းပြန်လာခဲ့သည်။ သူတို့နှစ် ယောက် ခုံတန်းလျှားတစ်ခုမှာ ထိုင်ကာ ပိုင်မုန့်ကိုစားကြသည်။ ကောင်းလိုက်သည့် ဖြစ်ခြင်း။ စားရင်းနှင့် မိုက်ကယ် မျက်ရည်တွေ ကျလာခဲ့သည်။ ထိုသူက မုန့်စားရင်း သူ့ညီမ၏ အတက် ရောဂါ အကြောင်းကိုပြောပြနေပြန်သည်။ မိုက်ကယ် ကတော့ သစ်ပင် ပေါ်မှ ငှက်ကလေးတွေ ၏ ဆိုတေးသံကို နားစွင့်နေမိသည်။ ထိုသာယာ ချမ်းမြေ့ ကြည်နူးဖွယ်အချိန်ကလေးများ ကို သူ အရင်က ပိုင်ဆိုင်ခဲ့ဖူးသလား ဆိုတာကိုပြန်ပြောင်းစဉ်းစားကြည့်နေမိသည်။

နေ့လယ်ပိုင်း တစ်နာရီ၊ ညနေပိုင်း တစ်နာရီ အမေနှင့် အဖော်လုပ်ခွင့်ရ၏ ။ အမေ့မျက်နှာသည် ဖြူဖျော့ရာမှ ပြာနှမ်းနှမ်း၊ မွဲခြောက်ခြောက် ဖြစ်လာခဲ့သည်။ အသက်ရှူ သံကလည်း မကြားရသလောက် တိုးတိမ်လွန်း၏ ။ ပါးစပ်မှလည်း သွားရည်တွေ စီးကျနေခဲ့သည်။ အမေ တစ်ခုခုကိုပြောဖို့ ကြိုးစားနေပုံရ၏ ။ သို့သော် မိုက်ကယ် အဓိပ္ပာယ် မဖော်တတ်။သူနာပြုတစ်ယောက် က အမေ့ကို အိပ်ဆေးထိုးထားသည်ဟု လာပြော၏ ။ ဘာကြောင့် မှန်းတော့ မသိ။ ညနေ လက်ဖက်ရည်ကိုတော့ မိုက်ကယ်သည်အမေ့ခွက်သာမက အမေ့လိုပင် မိန်းမောနေသည့် တစ်ဖက်ခုတင်မှ မိန်းမကြီး၏ ခွက်ကိုပါ မော့ပစ်လိုက်သည်။ ဘီစကွတ်များ ကိုလည်း ခွေးသူခိုးတစ်ကောင်လို သူ အငမ်းမရ စားသည်။

******

ညဘက် သူ့စံနန်းကို ပြန်လာချိန်မှာ တော့ စက္ကူဖျာတွေ မရှိတော့။

ဒီလိုနှင့် လမ်းပေါ်က အခန်းတစ်ခုရှေ့ တံစက်မြိတ်အောက်မှာ ဖြစ်သလိုအိပ်ရသည်။ ပတ်တရောင် ရဲကားသံကြားလျှင် သူ လန့်နိုး၏ ။ မနေ့ညကလောက် မအေးသဖြင့် နည်းနည်း ခံသာသည်။

အလို- သူ့အမေ ခုတင်ပေါ်မှာ တစ်ခေါင်းလုံး ပတ်တီးတွေ ဖွေးနေသည့် မိန်းမကြီး တစ်ယောက် ရောက်နေပါလား။ မိုက်ကယ်သည် ခုတင်ခြေရင်းမှာ ငိုင်ငိုင်ကြီးရပ်ရင်းက အဆောင်များ မှာ းဝင်လာမိသလားဟု တွေ းနေ၏ ။ ဖြတ်သွားသည့် သူနာပြုတစ်ယောက် ကို သူ မေး၏ ။ လူနာလက်ခံဌာနကို သွားမေးဆိုသည့် အဖြေကို သူ ရခဲ့သည်။

''ရှင့်အမေ မနေ့ညက ဆုံး သွားပါပြီ'' တဲ့။

ဆရာဝန်မ တစ်ယောက် က သူ့ကို ပြော၏ ။

''ကျွန်မတို့လည်း အတတ်နိုင်ဆုံး ကြိုးစားတာပါပဲ။ ဒါပေမဲ့ ရှင့်အမေက ရောဂါ ကျွမ်းနေပြီ။ အားလည်း အရမ်းနည်းနေတယ်၊ ဆုံးဆုံးချင်းရှင့်ကို ဆက်သွယ်ချင်ပေမယ့် ရှင် ဘယ်မှာ နေမှန်း ဘယ်သူမှ မသိဘူးလေ''

မိုက်ကယ်သည် နီးရာ ကုလားထိုင်တစ်လုံးပေါ် ပုံကျသွား၏ ။ သူ့ကြည့်ရတာ စိတ်နှင့် ကိုယ် ကပ်ဟန်မတူ။

''ရှင် ဖုန်းဆက်ချင်သေးလား''

ဆရာမ ဝန်မက သူ့ကို မေး၏ ။ ဘာဖုန်းဆက်ရမှာ လဲ။ ဘယ်သူ့ကိုဖုန်းဆက်ရမှာ လဲ။ ဆရာဝန်မ စကားက မိုက်ကယ့်အဖို့ သိုက်စာ အညွှန်းတစ်ခုလို ရှုပ်ထွေးနက်နဲလှသည်။ မိုက်ကယ် ခေါင်းယမ်းပြလိုက်သည်။တစ်စုံ တစ်ယောက် က သူ့ကို လက်ဖက်ရည်တစ်ခွက် လာပေးသဖြင့် သိစိတ်မဲ့စွာ ယူသောက်လိုက်သည်။ သူ့နားမှာ

ဝိုင်းနေကြသည့် လူတွေ ကိုကြည့်ရင်း တဖြည်းဖြည်း ကြောက်စိတ်တွေ ငယ်ထိပ်တက်လာခဲ့သည်။သူ ဘာပြန်ပြောရမလဲ။ ဘာမှလည်း မပြောတတ်။ ပြောချင်စိတ်လည်း မရှိ။သူတို့က မိုက်ကယ့်ကို လှေကားတစ်ခုမှ ဆင်းကာ အောက်သို့ ခေါ်သွားကြသည်။ အမေသည် လက်နှစ် ဖက် ဘေးချကာ ငြိမ်းချမ်းစွာ လဲလျောင်းနေသည်ကို သူ တွေ့ရသည်။ နှာခေါင်းမှ ပိုက်ကြီး ကတော့မရှိတော့။ သူ အမေ့ကို ကြည့်သည်။ ခဏပါပဲ။

"အကြောင်းကြားစရာ ဆွေမျိုးသားချင်း ရှိလား၊ ဖုန်းဆက်မလား၊ ဖုန်းဆက်ပေးရမလား"

လူနာလက်ခံဌာနမှ သူနာပြုက သူ့ကို အမျိုးမျိုးမေးနေသည်။

"ကိတ်ချနရှိပါဘူး"

ဟု သူ ပြန်ဖြေရင်း ကုလားထိုင်ပေါ် ငိုင်ငိုင်ကြီး ထိုင်နေခဲ့သည်။

နေ့လယ်ပိုင်းမှာ ဆေးရုံကကျွေးသည့် နေ့လယ်စာတစ်ပွဲ သူ့ရှေ့ ရောက်လာတော့ ဘာမှ မပြောဘဲ သူ စား၏ ။ သူ ဆက်ထိုင်နေ၏ ။ ကုတ်အင်္ကျီနှင့်၊ နက်တိုင်နှင့် လူ တစ်ယောက် သူ့ရှေ့မှာ ပေါ်လာပြီး သူ့ကို မေးခွန်းတွေ ဆက်တိုက်မေးသည်။ အမေ့ နာမည် ၊ အသက်၊ မွေးသက္ကရာဇ်၊ ကိုးကွယ်ရာဘာသာ၊ စတယ်လန် ဘော့ချ်ဇာတိ ဟုတ်၊ မဟုတ်၊ မဟုတ်လျှင် ဘာလာလုပ်၊ ခရီးသွားလာခွင့် ပါမစ်၊ ဘာညာသာရကာ စုံစီနဖာပါပဲ။

မိုက်ကယ်က ထိုအမေးတွေ ကို တိုတိုတုတ်တုတ်သာ ပြန်ဖြေ၏ ။နာမည် အန်နာ၊ အသက် မသေချာ၊ မွေးသက္ကရာဇ် မမှတ်မိ၊ကိတ်တောင်းမှာ အမြိုးတွေ ရှာပြီး အေးလွန်း၍ မွေးရပ်ဌာနေ ဇာတိမြေသို့ အသွား ခရီးတစ်ထောက် စတယ်လန် ဘော့ချ်မှာ ဤသို့ အကြောင်းဆိုး။ကုတ်အင်္ကျီနှင့် လူသည် မိုက်ကယ်၏ တိကျလှသည့် အဖြေများ ကြောင့် လက်မြှောက်အရှုံးပေးပြီး ထပြန်သွား၏ ။

သို့ သော် မကြာခင် ပြန်ရောက်လာပြီး မိုက်ကယ့်ရှေ့မှာ ဒူးထောက်ထိုင်ချကာ-

''ခင်ဗျားမှာ နေစရာ နေရာရှိလား၊ လုပ်စရာ အလုပ်ကော ရှိသလား''

ဟု မျက်နှာစေ့စေ့ကြည့်ကာ မေး၏ ။ မိုက်ကယ် ပြန်မဖြေခဲ့။

''ဒါဆို ဒီနေရာမှာ လက်မှတ်ထိုး''

တဲ့။ စာရွက်တစ်ရွက်၏ ထောင့်တစ်နေရာကို ပြရင်းပြော၏ ။

မိုက်ကယ်က ခေါင်းခါပြတော့ သူ့ဘာသာသူ လက်မှတ်ထိုးကာ ပြန်ထွက်သွားခဲ့သည်။

မှော င်လာခဲ့ပြီ။ မိုက်ကယ်သည် ဆေးရုံအပြင်ဘက် ထွက်သွားပြန်၏ ။ ဟိုလျှောက်သည်လျှောက် လျှောက်ရင်း ကောင်းကင်ကြီးကို မကြာခဏမော့ကြည့်မိသည်။ ပြီးတော့ ဆေးရုံထဲပြန်ဝင်ပြီး ကုလားထိုင်မှာ ပြန်ထိုင်ပြန်၏ ။ ခုထိတော့ သူ့ကို ဘယ်သူမှ နှင်မထုတ်သေး။

အမေ့အလောင်းကို ကြည့်ချင်လာပြန်၍ သူ အောက်ထပ်သို့ ဆင်း၏ ။ အလောင်းထားသည့် အခန်းမှာ သော့ ခတ်ထားသည်။ ထိုအခန်းနားတွင် ဆေးရုံအဝတ်ဟောင်းများ ကို လျှော်ဖွပ်ဖို့ စုပုံထားသည့် နေရာလေးတစ်ခုရှိ၏ ။ မိုက်ကယ်သည် ထိုအဝတ်ဟောင်းပုံပေါ်တွင် ကြောင်ငယ်လေးတစ်ကောင်လို ခွေခွေလေး အိပ်ပျော်သွားခဲ့သည်။

အမေဆုံးပြီး နှစ် ရက်ကြာတော့ သူ တစ်ခါမှ မမြင်ဖူးသည့် သူနာပြု တစ်ယောက် က သူ့ကို လာခေါ်၏ ။ လာခေါ်သည့်နောက် သူ လိုက်သွားသည်။ သူတို့သားအမိ၏ ခရီးဆောင်အိတ်ကြီးအပြင် စက္ကူအညိုဖြင့် ထုပ်ထားသည့်အိတ်ကြီးနှစ် အိတ်ကို ပေး၏ ။

''ရှင့်အမေ အဝတ်တွေ နဲ့ ပစ္စည်းတွေ အားလုံး ခရီးဆောင်အိတ်ထဲပြန်ထည့်ထားတယ်''

ထို ထူးဆန်းသည့် သူနာပြုက မိုက်ကယ့်ကို ပြော၏ ။

သူ့အသံကစာဖတ်ပြနေသလို။ လူနာလက်ခံဌာနမှ စာရေး မဟု ထင်ရသည့် ခပ်ငယ်ငယ်ကောင်မလေး တစ်ယောက် က သူတို့ကို ကြည့်နေ၏ ။

ထုံးဆန်းသည့် သူနာပြုသည် စာအိတ်ညို နှစ် လုံးအနက် ခပ်သေးသေးတစ်လုံးပေါ် လက်တင်လိုက်ရင်း-

"ဒီမနက်ပဲ ရှင့်အမေကို မီးသင်္ဂြိုဟ်လိုက်ကြတယ်။ ပြာတွေ ကို ဒီအိတ်ထဲမှာ ထည့်ထားတယ်၊ ကျွန်မတို့ ဆေးရုံကပဲ တာဝန်ယူပြီး လုပ်ပေးဆိုလည်း လုပ်ပေးမယ်၊ ရှင် ယူသွားချင်ရင်လည်း ယူသွားပေါ့"

သူ့လက်က ခပ်ကြီးကြီး အိတ်ညိုပေါ် ရောက်သွားပြန်၏ ။

"ဒီအိတ် ကတော့ ရှင့်အတွက် လိုအပ်တဲ့ အဝတ်အစားနဲ့ အသုံးအဆောင်တွေ ၊ ကျွန်မတို့ ပေးတာပါ။ ယူပါ"

တဲ့။ သူက မိုက်ကယ့်ကို ပြုံး ကြည့်ရင်း ပစ္စည်းတွေ ကို လှမ်းပေးလိုက်သည်။

ဒါဆို ဒီဆေးရုံမှာ မီးသင်္ဂြိုဟ်စက် ရှိလို့ပေါ့။ အမေတက်ခဲ့သည့်မိန်းမဆောင်မှ လူနာအဘွားကြီးတွေ တစ်ယောက် ပြီး တစ်ယောက် မျက်လုံးကြီးတွေ ပြူး ထွက်၊ နှုတ်ခမ်းတွေ ရွဲ့စောင်း၊ လက်တွေ ကို နံဘေးမှာ ကပ်ပြီးပက်လက်ကြီးတွေ တန်းစီကာ မီးသင်္ဂြိုဟ်စက်ထဲ ဝင်သွားသည့် မြင်ကွင်းကို သူ့အတွေ းထဲမှာ မြင်ယောင်နေမိသည်။ အင်အားပြင်းလှသည့် မီးတောက်တွေ က သူတို့ ဆံပင်တွေ မှ စ၍ လောင်ကျွမ်းမည် ၊ နောက်တော့ ဦးခေါင်း၊နောက်တော့ အရာခပ်သိမ်း အားလုံး သိမ်းကျုံးလောင်ကျွမ်းသွားလိမ့်မည် ။

ပြာမှုသာလျှင် ကျန်ရစ်ခဲ့မည် ။ ပြာမှုသာလျှင်...။

"အနော် ဘယ်ရှိ တီနိုင်မှာ ရဲ"

မိုက်ကယ်ကေ၏ မပီမသအမေးကို ဆရာမ ရုတ်တရက် နားမလည်။

"ဘာကို ဘယ်လို သိရမှာ လဲ"

အမေ့ပြောဆိုသည့် အရာများ ထည့်ထားသည့် စက္ကူအိတ်ညိုကိုလက်ညှို းထိုးရင်း-

"အနော် ဘယ်ရှိ တိနိုင်မှာ ရဲ"

ဟု ထပ်မေးလိုက်သည်။

ဆရာမ က ဘာမှ ပြန်မဖြေ၊ မဖြေချင်တာလား။ သူ့မေးခွန်းကိုနားမလည်တာလား မပြောတတ်။

မိုက်ကယ်သည် ဆေးရုံအပြင်သို့ ထွက်သွား၏ ။ ဆေးရုံ ကားပါကင်မှာ သူ့အတွက်ဆိုသည့် အိတ်ညိုကြီးကို ဖောက်၏ ။ အထဲမှာ မုတ်ဆိတ်ရိတ်ဓား တစ်ချောင်း၊ ဆပ်ပြာ တစ်တုံး၊ မျက်နှာသုတ်ပဝါ အသေး တစ်ထည်၊လက်မောင်းမှာ နီညိုရောင် တံဆိပ်ကြီးများ ပါသည့် ဂျက်ကင် အဖြူတစ်ထည်၊ဘောင်းဘီရှည် အနက်တစ်ထည်၊ စိန့်လွှန်အရေး ပေါ်ဌာနဟု သတ္တုတံဆိပ်ထွင်းထားသည့် ဦးထုပ်ပျော့ အနက်တစ်လုံး။

ထိုပစ္စည်းတွေ ကို လက်မှာ ကိုင်ရင်း သူ ဆေးရုံထဲ ပြန်ဝင်လာခဲ့သည်။ ခုနက သူ့ကို ပစ္စည်းတွေ ပေးခဲ့သည့် မျက်မှန်နှင့် သူနာပြုဆရာမ ကိုမတွေ ့ရ။ စာရေး မလေးကိုသာ တွေ ့ရ၏ ။

"ကျွန်တော့် ကို ဘာလို့ ဒါတွေ ပေးကြတာလဲဗျာ"

ဟု သူ မေးမိ၏ ။

စာရေး မက သူ့မျက်နှာကို မကြည့်ဘဲ-

"ကျွန်မကို လာမမေးနဲ့၊ တစ်ယောက် ယောက် ကျန်ခဲ့တဲ့ပစ္စည်းတွေ ရှင့်ကို ပေးတာ နေမှာ ပေါ့"

ဟု ပြောလိုက်သည်။

မိုက်ကယ်သည် ထိုပစ္စည်းများ ကို လွှင့်ပစ်လိုက်မည် ဟု စိတ်ကူးမိသေးသည်။ နောက်တော့လည်း ထိုစိတ်ကူးကို ရုပ်သိမ်းလိုက်၏ ။ သူဝတ်ထားသည့် အဝတ်တွေ က

ညစ်ပတ်၊ စုတ်ပြတ်ကာ နံစော်နေပြီ။ခုတော့ သူ ဒီ စတယ်လန်ဘော့ချ်မှာ ဆက်နေစရာ ဘာအကြောင်းမှ မရှိတော့။ သို့သော် ဒီဆေးရုံမှ ထွက်ခွာသွားဖို့ဆိုတာ သူ့အတွက် အတော် ခက်နေသည်။ မိုက်ကယ်သည် နေ့လယ်တစ်ပိုင်းလုံး တွန်းလှည်းတွန်းကာ‌ခြေဦးတည့်ရာ လျှောက်သွား၏ ။ ညကျတော့ အမှိုက်ပုံနောက်က မီးလှာပိုက်ကြီးများ နားမှာ သူ အိပ်သည်။ ဥယျာဉ်ခြံမြေ အလုပ်ကလေးများ ရလိုရငြား သူ လျှောက်မေးကြည့်သေးသည်။ သို့ သော် သူ့ကို ဘယ်သူမှ လိုလိုလားလားမရှိကြ။ ဖုန်းတောင်းယာစကာ တစ်ယောက် လို ဆက်ဆံခံခဲ့ရသည်။ မိုးရွာလျှင်သူ တွန်းလှည်းအောက် ဝင်အိပ်သည်။ တစ်ခါတလေ လက်ဖဝါး နှစ် ဖက်ကိုဖြန့်ကာ တမေ့တမော ငေးကြည့်နေတတ်သည်။ စိတ်ထဲမှာ တော့ ဗလာနတ္ထိ၊ ဘာအတွေ းမှ မရှိ။

ဒီလိုနှင့် ရထားခုံးကျော်တံတားအောက်မှာ စုပေါင်းအိပ်တတ်ကြသည့် အိမ်ခြေရာခြေမဲ့တွေ ကြားသို့ သူ ရောက်သွားခဲ့သည်။ အနိဒရင်ကာလမ်းကြားရှိ တောအရက်ဆိုင်ကလေးနောက်က ကွက်လပ်ကလေးမှာ ရံဖန်ရံခါ သူ ထိုင်နေတတ်သည်။ တစ်ခါတလေ သူ့တွန်းလှည်းကို အိမ်ခြေမဲ့တို့ကို သူ ငှားတတ်၏ ။ တစ်စုံ တစ်ယောက် က သူ့ထံမှ မီးဖိုကို တောင်းနေသဖြင့် ပေးပစ်လိုက်သည်။ တစ်ည သူ အိပ်မောကျနေတုန်း ခေါင်းအုံးအိပ်နေသည့် ခရီးဆောင်အိတ်ကို တစ်ယောက် က လာဆွဲသဖြင့် နောင်ဂျိန်ပလေးခဲ့ရသေးသည်။ ထိုအချိန်မှစ၍ အိမ်ခြေရာခြေမဲ့လောကကို မိုက်ကယ် စွန့်ခွာခဲ့သည်။

တစ်ခါတော့ လမ်းမပေါ်မှာ တွန်းလှည်းတွန်းရင်း လျှောက်သွားနေတုန်း ရဲကားတစ်စီး သူ့နားမှာ လာရပ်၏ ။ ရဲနှစ် ယောက် ကားပေါ်မှ ဆင်းလာပြီး သူ့တွန်းလှည်းကို စစ်ဆေး၏ ။ ခရီးဆောင်အိတ်ကို ဖွင့်ပြီး ပွစာကြဲအောင် ရှာဖွေကြ၏ ။ စက္ကူအိတ်ညို တစ်လုံးကို သူတို့ တွေ ့သွားသည်။အထဲမှာ သစ်သားဘူးလေးတစ်လုံး။ အထဲမှာ ပလတ်စတစ်ဖြင့် ထုပ်ထားသည့်မွဲတဲတဲအရောင် အဆင်းရှိသည့် ပြာမှုန့်များ ။ မိုက်ကယ်သည် သူ့အမေ၏ အရိုးပြာဆိုသည့်အရာကို ခုမှ ပထမဆုံးအကြိမ် မျက်ဝါးထင်ထင် တွေ ့မြင်ရခြင်း ဖြစ်သည်။ ထိုအထုပ်ကို သူ လုံးဝ ဖွင့်မကြည့်ခဲ့။ သူ မျက်နှာလွှဲလိုက်သည်။ ရဲ

တစ်ယောက် က ဒါ ဘာလဲဟု မေး၏ ။ အမေ့အရိုးပြာတွေ လို့သူဖြေလိုက်တော့ ရဲနှစ်ယောက် တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ရင်းမိုက်ကယ် မကြားအောင် တစ်စုံတစ်ရာကို တီးတိုးပြောနေကြ၏ ။

နောက်ဆုံးတော့ ဒီဆေးရုံဝန်းကျင်ကို သူ စွန့်ခွာဖို့ ဆုံးဖြတ်လိုက်သည်။ ဆေးရုံသည် ခပ်ဝေးဝေးကကြည့်တော့မှ ခပ်သေးသေး ဖြစ်ကြောင်းသူ သတိထားမိသည်။ အုတ်ကြွပ်မိုးနီနီနှင့် သေးသေးရှည်ရှည် တစ်ထပ်အဆောက်အအုံလေးသာ။

ညမထွက်ရအမိန့်ဆိုတာကိုလည်း သူ သတိမရတော့။ ခရိုန်ထိအသက်နှင့်ခန္ဓာတွဲ လျက်ဖြင့် ကျန်းမာပကတိ ချမ်းသာအတိ ရှိနေသေးသည်ကိုလည်း သူ့မှာ မယုံနိုင်။ တကယ်လို့ တစ်ခုခု ဖြစ်သွားမည် ဆိုလျှင်လည်း ဖြစ်ပါစေတော့။ ကိစ္စမရှိ။

မိုက်ကယ်သည် အဝတ်အစားသစ်များ ကို ဝတ်၏ ။ ဂျက်ကက်အဖြူနှင့် ဘောင်းဘီအနက်နှင့် ဦးထုပ်နက်ကိုဆောင်းပြီး တွန်းလှည်းတစ်စီးဖြင့်ခြေဦးတည့်ရာ လျှောက်သွား၏ ။ တစ်ခါတလေတော့ လည်း ကိုုန်စာမိကာမျောချင်ရာမျောနေသလို သူ ခံစားနေရသည်။ အားနည်း သလိုခံစားနေရသော် လည်း နေထိုင်မကောင်းတော့ မ ဖြစ်သေး။ အမေ့ပိုက်ဆံအိတ်ထဲမှာ ငွေတွေ ရှိသော် လည်း ထိုငွေများ ကို သူ မပိုင်။ အမေသာ ပိုင်၏ ။ မနေနိုင်လွန်းမှ ပိုက်ဆံအိတ်ကိုဖွင့်ကာ ဒိုးနတ်၊ သို့ မဟုတ် ပိုင်မုန့် ဝယ်စားသည်။ တစ်ရက်မှ တစ်ကြိမ်သာ သူ အစာစား၏ ။ ငွေမရှာနိုင်ဘဲ ထိုင်သုံးနေရသည်မှာ အရသာရှိသလိုလို ဖြစ်သော် လည်း သူ စိတ်မသန့်။ အမေ့ငွေကို တတ်နိုင်လျှင် သူ မသုံးချင်။

အမေ့ကုတ်အင်္ကျီမှ အနက်ရောင် တစ်စကို သူ ဖြဲပြီး လက်မောင်းမှာ ပတ်ထားလိုက်သည်။ အမေ့ကို သတိရခြင်း အထိမ်းအမှတ်အနေဖြင့်ပေါ့။ တကယ်တော့လည်း သူ့ဘဝမှာ အမေ့ကို ဘယ်တော့မှ မေ့နိုင်လိမ့်မည် မဟုတ်ပါလေ။ တစ်သက်လုံးစာ သတိရသွားလိမ့်မည် ဟု သူ ယုံကြည်၏ ။မိုက်ကယ်သည် တဖြည်းဖြည်း ထိနမိဒ္ဓနှင့် ဆွေမျိုးရင်းချာ ဖြစ်၍ လာခဲ့သည်။ ဘယ်အချိန်၊ ဘယ်နေရာမှာ ဘယ်လိုပုံစံနှင့် ဖြစ်စေ ပဝါမကူရေမရှူကြေး အိပ်စက်နိုင်ကြောင်းကို သူ့ကိုယ်သူ တွေ့ရှိသတိထားမိ၏ ။ နေ့ခင်းကြောင်တောင် လူသွားလမ်းပေါ် အိပ်ရမလား၊ လမ်းသွားလမ်းလာတွေ သူ့အပေါ်

ခွကျော်သွားလည်း သူက အပေါက်မပျက်။ နံရံကိုမှီကာ ခြေနှစ် ဖက်ကြား ခရီးဆောင်အိတ်ညှပ်ရင်း မတ်တတ်ကြီး အိပ်ရမလား၊ လာထား။အိပ်ခြင်းသည် သူ့ဦးနှောက်ထဲမှာ နှင်းမြူတွေ လို တဖြည်းဖြည်း နေရာယူလာပုံရ၏ ။ သူ ထိုအရာကို ခုခံတွန်းလှန်ချင်စိတ် မရှိ။ ဝမ်းမြောက်ဝမ်းသာစွာ လက်ခံထား၏ ။ သို့ သော် ဘယ်လိုအိပ်အိပ်၊ ခု ဘာအိပ်မက်မှ မမက်။တစ်နေ့တော့ သူ့တွန်းလှည်း ပျောက်ဆုံးသွားခဲ့သည်။ သူ ဘာမှမခံစားရ။ ပခုံးနှစ် ဖက်သာ တွန့်လိုက်မိသည်။ ဒီလိုနှင့် စတယ်လန်ဘော့ချ်မှာ သူနေတာ အတော် ကြာလာသည်။ အချိန်ဆိုတာက ဆန့်၍ ချုံ့၍ မရ။ ကုန်အောင်တော့ လုပ်၍ ရသည်။ မိုက်ကယ် တစ်ယောက် ခြေဦးတည့်ရာလျှောက်သွားရင်း အချိန်ကို ကုန်စေသည်။ တစ်ခါတလေ လမ်းတွေ တောင်မှာ းလို့။

တစ်ရက်မှာ တော့ သူ တစ်ခါတစ်ရံ လုပ်နေကျအတိုင်း ဘန်းဟိုးလမ်းတစ်လျှောက် ခရီးဆောင်အိတ်ဆွဲကာ လမ်းလျှောက်လာခဲ့သည်။ ထိုမနက်က မြူ တွေ ဆိုင်းလွှမ်းသဖြင့် တစ်လောကလုံး မှုန်မှိုင်းနေခဲ့သည်။ သူ့နောက်မှ မြင်းခွာသံလိုလိုကြားရပြီး နှာခေါင်းထဲမှာ လည်း မစင်နံ့တွေ နံလာသည်။ ဟုတ်ပဲ့။ စည်ပင်သာယာမှ မိလ္လာလှည်းသည် သူ့ကို ခပ်ဖြည်းဖြည်းကျော်တက်သွား၏ ။ မိလ္လာလှည်းမောင်းသည့် အဘိုးကြီးကလည်း မဲသဲတွန့်လိမ်ခြောက်ကပ်လျက်။ မြည် းလှည်းနှင့် မိုက်ကယ် ဘေးချင်းယှဉ်မိတော့အဘိုးကြီးက သူ့ကို ခေါင်းညိတ်နှုတ်ဆက်၏ ။

အဘိုးကြီးနှင့် မိုက်ကယ် အကြည့်ချင်း ဆုံသွားသည်။ အဘိုးကြီးအကြည့်က သူ့ကို ဖိတ်ခေါ်နေသလို ခံစားရသဖြင့် ခဏနေတော့ သူ မြင်းလှည်းပေါ်မှာ အဘိုးကြီးနှင့် ဘေးချင်းယှဉ်လျက် ထိုင်မိသွား၏ ။

"ကျေးဇူး တင်ပါတယ်၊ အဘ အတူအညီယိုရင် အနော် ကူညီမယ်ယေ"

အဘိုးကြီးကြည့်ရတာ တော့ အကူအညီလိုပုံမရ။ သူ့ကိုပင် စကားပြောချင်စိတ် ရှိပုံမရ။ တစ်မိုင်လောက် မြင်းလှည်းစီးပြီးတော့ အဘိုးကြီးသည်မိုက်ကယ့်ကို လမ်းခွဲတစ်ခုမှ ချထားခဲ့သည်။ တစ်နေ့လုံး သူ လမ်းလျှောက်၏ ။ ညကျတော့ ယူကလစ်ပင်ကြီး တစ်ပင်အောက်မှာ သူ အိပ်သည်။ လေတိုက်တိုင်း သူ့ခေါင်းထက်မှ သစ်ကိုင်းတွေ က

တဝေါဝေါ အသံပေးလျက်။နောက်တစ်နေ့ နေ့လယ်မှာ တော့ မြောက်စူးစူးကို ဦးတည်နေသည့်လမ်းမကြီးပေါ်မှာ သူ လျှောက်နေသည်။ ရှေ့မှာ စစ်ဆေးရေး ဂိတ်ကို တွေ့ရတော့ သူ ရပ်လိုက်သည်။ လမ်းလျှောက်သွားသူတွေ ကို မစစ်ဆေးကြောင်းသေချာသည်အထိ သူ စောင့်ကြည့်၏ ။ ပြီးတော့ သူ ဆက်သွားခဲ့သည်။ လက်နက် အပြည့်အစုံတပ်ထားသည့် စစ်ယာဉ်တန်းတွေ သူ့နံဘေးမှ အကြိမ်ပေါင်းများ စွာ ဖြတ်သန်းသွားခဲ့သည်။ ယာဉ်တန်း ဖြတ်သန်းသွားတိုင်း မိုက်ကယ်သည် လမ်းဘေးသို့ အတော် ဝေးဝေးဆင်းပြီး လက်နှစ် ဖက်ကို ဖြန့်ကာ ရှင်းရှင်းကြီး မတ်တတ်ရပ်ပြနေလေ့ရှိသည်။ အခြားသူတွေ လည်းထိုသို့ပင် လုပ်ကြရ၏ ။

ညကျတော့ သူ လမ်းဘေးမှာ အိပ်၏ ။ မြူတွေ ကြောင့် တဖြည်းဖြည်းစိုရွှဲကာ အေးစိမ့်လာသဖြင့် လန့်လန့်နိုး၏ ။ လမ်းမကြီးသည် သူ့မျက်စိရှေ့မှာ ပင် မြူတောထဲသို့ တိုးဝင်နစ်မြုပ်သွား၏ ။ ခြုံတောထဲမှ ငှက်ကလေးတွေ က တကျီကျီ တကျာကျာ အသံပေးလျက်။ သူ ခရီးဆက်ဖို့ လူးလဲထလိုက်သည်။ ခရီးဆောင်အိတ်က ဆွဲရတာ လေးလာသဖြင့် သစ်ကိုင်းတစ်ခုတွင် ချိတ်ပြီး ထမ်းလိုက်သည်။ ခုဆိုလျှင် အစာ မစားရတာ နှစ် ရက်ရှိပြီ။ သို့သော် သူ ဘာမှမ ဖြစ်။ ခံနိုင်ရည်ရှိလှသည့် သံမဏိလူသား မိုက်ကယ်ပေ။ သူ့ခံနိုင်စွမ်းက ကြည့်ရတာ အကန့်အသတ် မရှိ။

တစ်မိုင်လောက် ခရီးပေါက်တော့ မြူတောထဲမှ လူသံတွေ ကြားရသည်။ ထိုနားရောက်တော့ လတ်လတ်ဆတ်ဆတ် ဝက်ပေါင်ခြောက်ကင်နံ့ရသဖြင့် သွားရည်တွေ တောင် ကျလာသည်။

လမ်းဘေးမှာ မီးပုံတစ်ခု၊ အနားမှာ လူတွေ ဝိုင်းပြီး မီးလှုံနေကြသည်။ စကားပြောနေကြသည်။ သူ့ကိုမြင်တော့ အခြားကမ္ဘာမှ ဂြိုဟ်သားနယ်ဝိုင်းကြည့်နေကြသည်။ ဦးထုပ်ကိုမြှောက်ကာ နှုတ်ဆက်ဟန်ပြသော လည်းဘယ်သူမှ မတုံ့ပြန်ကြ။ မိုက်ကယ် သူတို့ကို ဖြတ်ကျော်ခဲ့သည်။ သိပ်မကြာခင်ဒုတိယ မီးပုံပွဲတစ်ခုကို တွေ့ရပြန်သည်။ ခဏနေတော့ လမ်းဘေးမှာ မီးများ ဖွင့်လျက် စီတန်းရပ်နားထားသည့် ကားတန်းကြီးကို တွေ့ရပြန်သည်။ မကြာမီထိုကားတန်းကြီး

ရပ်နားထားရ သည့် အကြောင်းရင်းကို သူ တွေ့လာရသည်။ရှေ့မှာ သဲတင်ထားသည့် လော်ရီတစ်စီးနှင့် ဗင်ကားတစ်စီး တိုက်မိထားသည်။ဗင်ကားက မီးခိုး တလူလူထွက်နေ၏ ။ ကွန်ဗွိုင်စစ်ကားတန်းသည် ရှေ့ဆက်သွားမရဘဲ ပိတ်မိနေ၏ ။ ရေဒီယိုတွေ ကို အကျယ်ကြီး ဖွင့်ထားကြသဖြင့်အသံလွှင့်ဌာနနှစ် ခုမှ အပြိုင်အဆိုင်လွှင့်နေသည့် သီချင်းသံတွေ ဆူညံပွက်လောရိုက်လျက်။ သိုးတွေ အပြည့်တင်လာသည့် ကားတစ်စီးကိုလည်းသူ တွေ့ရ၏ ။ မိုက်ကယ်သည် ပိတ်မိနေသည့် ကားတွေ ကို တစ်စီးပြီး တစ်စီးဖြတ်ကျော်လာ၏ ။ လမ်းဘေးမှာ မီးလှုံနေကြသည့် စစ်သားများ ကို တွေ့ရသော် လည်း သူ့ကို ဘယ်သူမှ ဂရုမစိုက်ကြ။

ကားတန်းကို ဖြတ်ကျော်လာပြီးသည့်အချိန်မှာ တော့ မိုက်ကယ့်ရင်ထဲမှ အလုံးကြီး ကျသွားသည်။ သို့သော် လမ်းအကွေ့တစ်နေရာအရောက်မှာ တော့ ချုံပုတ်ထဲမှ စစ်သား တစ်ယောက် ဘွားကနဲ ထွက်ပေါ်လာပြီး သူ့ရင်ဝတည့်တည့်ကို သေနတ်ဖြင့် ချိန်ထားတော့သည်။ မိုက်ကယ်သည် တုံ့ကနဲရပ်လိုက်၏ ။ စစ်သားက ရိုင်ဖယ်ကိုချ၍ ဆေးလိပ် မီးညှိ၏ ။ ရှိုက်ဖွာ၏ ။ပြီးတော့ သူ့ကို ရိုင်ဖယ်ဖြင့် ပြန်ချိန်ထားပြန်၏ ။ ဒီတစ်ခါတော့ ရိုင်ဖယ်ပြောင်းက သူ့ခေါင်းတည့်တည့် ရောက်နေ၏ ။

''မင်း ဘယ်သူလဲ၊ ဘယ်သွားမှာ လဲ''

မိုက်ကယ် အာစေးထည့်ထားသလို ဆွံ့အနေ၏ ။ စစ်သားက ဆက်ပြော၏ ။

''လက်ထဲက ဘာတွေ လဲ၊ ပြစမ်း၊ ပြစမ်း''

ရေဒီယို သီချင်းသံ သဲ့သဲ့ကို ကြားရဆဲ ဖြစ်သော် လည်း ကားတန်းက နောက်မှာ အတော် ဝေးဝေး ကျန်ခဲ့ပြီ။ ဒီနေရာမှာ သူတို့နှစ် ယောက် ကလွဲလျှင် မည် သူမှ မရှိ။ မိုက်ကယ်သည် ခရီးဆောင်အိတ်ကို ဖွင့်ပြလိုက်သည်။ စစ်သားက သူ့ကို နောက်ဆုတ်ခိုင်းပြီး အိတ်ကို သွန်ချလိုက်သည်။လမ်းမပေါ်မှာ ပစ္စည်းတွေ ပွစာကြဲသွား၏ ။ အပြာရောင် ခြေညှပ်ဖိနပ်များ ၊အဖြူရောင် ပလတ်စတစ် ပန်းခြောက်များ ၊ ယားနာပျောက်လိမ်းဆေးပန်းရောင် တစ်ပုလင်း၊ ဆေးလုံးများ ထည့်ထားသည့် ပုလင်းညိုညို

တစ်လုံး၊မှိုတက်နေသည့် အပေါစား ပလတ်စတစ် လက်ကိုင်အိတ်တစ်လုံး၊ ပန်းရောင် စုံ ရိုက်နှိပ်ထားသည့် စက္ကတ်ပဝါတစ်ထည်၊ ဇာနားကွပ် လက်ကိုင်ပဝါတစ်ထည်၊ သားမွေးကုတ်အနက်တစ်ထည်၊ ရတနာသေတ္တာတစ်လုံး၊ စကတ်အညိုတစ်ထည်၊ ဘလောက်စ်အင်္ကျီ အစိမ်းတစ်ထည်၊ ရှူး ဖိနပ်များ ၊ အတွင်းခံဘောင်းဘီများ ၊ စာအိတ်ညို နှစ်လုံး၊ ပလတ်စတစ် အဖြူရောင် အိတ်တစ်အိတ်၊ကော်ဖီသံဘူးတစ်ဘူး၊ ပေါင်ဒါတစ်ဘူး၊ စာများ ၊ ဓာတ်ပုံများ ၊ ပြာသေတ္တာတစ်လုံး၊ မိုက်ကယ် ကတော့ ထိုပစ္စည်းတွေ ကို လုံးဝ မကြည့်။

"မင်း ဒါတွေ ဘယ်က ခိုးလာတာလဲ၊ ပြောစမ်း ခွေးသူခိုး၊ မင်းဘယ်ပြေးမလို့လဲ"

စစ်သားက ပလတ်စတစ် လက်ကိုင်အိတ်ကို၊ ရတနာသေတ္တာကို၊ ကော်ဖီသံဘူးကို ဖိနပ်ဦးဖြင့် ကော်ရင်း-

"ဖွင့်ပြစမ်း"

ဟု အမိန့်ပေး၏ ။

မိုက်ကယ်သည် ကော်ဖီသံဘူးကို အရင်ဖွင့်လိုက်၏ ။ အထဲမှ ခန်းဆီးလိုက်ကာတပ်ရာတွင် အသုံးပြုသည့် သံကွင်းတွေ ထွက်လာသည်။ သူကထိုသံကွင်းများ ကို လက်ဖဝါးပေါ်တင်ကာ စစ်သားကို ပြလိုက်ပြီး ဘူးထဲပြန်ထည့်ကာ ပိတ်လိုက်သည်။ ရတနာသေတ္တာကို သူ ကိုင်လိုက်ပြီ။ ရင်တွေ တဒိန်းဒိန်း ခုန်လာခဲ့သည်။ ဖွင့်လိုက်သည်။ စစ်သားက ငုံ့ကြည့်သည်။အထဲမှ အပေါစား လက်ဝတ်ရတနာအတုတွေ ထွက်လာ၏ ။ စစ်သားကရင်ထိုးတစ်ခုကို ယူကာ ပြုံး နေ၏ ။ မိုက်ကယ်က သေတ္တာကို ပြန်ပိတ်လိုက်သည်။ ပလတ်စတစ် လက်ကိုင်အိတ်ကို သူ ဖွင့်၏ ။ အတွင်းမှ ပစ္စည်းများ ကိုလမ်းမပေါ် သွန်ချလိုက်သည်။ လက်ကိုင်ပဝါတစ်ထည်၊ ဘီးတစ်ချောင်း၊မှန်တစ်ချပ်၊ အပေါစားမိတ်ကပ်တစ်ဘူးနှင့် ပိုက်ဆံအိတ်နှစ် လုံး။ စစ်သားသည် ပိုက်ဆံအိတ်များ ကို လက်ညှိုးထိုး၏ ။ မိုက်ကယ်က လှမ်းပေးလိုက် ၏ ။ စစ်သားက လှမ်းယူပြီး အိတ်ထဲ ထည့်လိုက်၏ ။

မိုက်ကယ်၏ ကွဲနေသည့် နှုတ်ခမ်းသည် တရွရွ တုန်ယင်လှုပ်ရှားလာ၏ ။ သူက

နှုတ်ခမ်းကို လျှာဖြင့်သပ်ရင်း-

"ဒီပိုက်ဆံတွေ က ကျွန်တော့် ပိုက်ဆံ မဟုတ်ပါဘူးဗျာ၊ အမေ့ပိုက်ဆံတွေ ပါ။ အမေ နှစ် ပေါင်းများ စွာ အိမ်ဖော်လုပ်ရင်း ရှာထားတဲ့ ငွေတွေ ပါ"

ဟု ဝမ်းနည်းပက်လက် ပြောလိုက်သည်။ တကယ်တော့လည်း သူ့စကားက အပြည့်အဝ မမှန်ပါ။ အမေက သေပြီလေ။ ငွေမှ မလိုတော့ဘဲ။တဒင်္ဂခဏ ထိုနေရာလေးမှာ အပ်ကျသံပင် မကြားရဘဲ တိတ်ဆိတ်ခြင်းလွှမ်းမိုးသွားခဲ့သည်။ မိုက်ကယ် ဆက်ပြော၏ ။

"စစ်ပွဲဆိုတာ ဘာအတွက်လဲ ခင်ဗျာ၊ သူများ ပိုက်ဆံကို ယူဖို့လား၊သူများ ပစ္စည်းကို သိမ်းဖို့လား"

စစ်သားသည် မိုက်ကယ်၏ မပီကလာအသံအတိုင်း ထွက်လာဖို့သူ့နှုတ်ခမ်းတွေ ကို တွန့်လိမ်ရွဲ့စောင်းလျက်-

"ချစ်ပွဲချို့တာ ဘာအတွက်ရဲ၊ ဟုတ်ရား။ခွေးသူခိုးက ရာရာစစ လူဝါးဝစကား ပြောတယ်။ ငါလုပ်လိုက်ရမသာပေါ်သွားတော့မယ်။ ငါ့ကို လာပြီး ကြီးကြီးကျယ်ကျယ် စစ်ပွဲတွေ ဘာတွေ လာမပြောနဲ့"

စစ်သားသည် ပြာသေတ္တာကို ခြေထောက်ဖြင့်ကန်ရင်း-

"ဖွင့်စမ်း"

ဟု ပြောပြန်၏ ။

မိုက်ကယ်သည် ပြာသေတ္တာကို ဖွင့်ပြလိုက်သည်။ အထဲမှ ပလတ်စတစ်အိတ်ဖြင့် ထုပ်ထားသော ပြာတွေ ကို ငုံ့ကြည့်ရင်း-

"ဘာတွေ လဲ"

ဟု မေး၏ ။

"အမေ့ အရိုးပြာတွေ ပါ"

မိုက်ကယ်က တည်ငြိမ်စွာ အဖြေပေးလိုက် သည်။

"ဖွင့်ပြစမ်း"

စစ်သားသည် ပြာအချို့ကို ကောက်ယူကာ နမ်းကြည့်ပြီး-

"ဘုရားရေ"

ဟု ရေရွတ်လိုက်၏ ။ စစ်သားနှင့် သူ မျက်လုံးချင်း အကြည့်ဆုံသွားကြသည်။

မိုက်ကယ်သည် ပစ္စည်းများ ကို တစ်ခုချင်း အိတ်ထဲပြန်ထည့်၏ ။ပြီးတော့-

"သွားလို့ရပြီလား"

ဟု စစ်သားကို မေးလိုက်သည်။

"အေး သွားတော့"

စစ်သားက သူ့မျက်ကို မကြည့်ဘဲ ပြော၏ ။

"ခဏနေဦး၊ မင်းက ဆေးရုံမှာ အလုပ်လုပ်တာလား"

မိုက်ကယ်က ခေါင်းခါပြလိုက်သည်။

စစ်သားသည် ပိုက်ဆံအိတ်ထဲမှ ဆယ်ရမ်တန် စက္ကူတစ်ချပ်ကိုဆွဲထုတ်ကာ မိုက်ကယ့်ကို ပစ်ပေးလိုက် ပြီး-

"ရော့ ဒါ လမ်းမှာ စားဖို့ ထမင်းဖိုး"

ဟု ကရုဏာမိုး ရွာသွန်းဖြိုးနေသည့် လေသံဖြင့် ပြောလိုက်၏ ။မိုက်ကယ်က ငွေစက္ကူကို ကောက်ယူလိုက်၏ ။ စစ်သားက လမ်းဘေး မြူတောထဲ ပြန်လည် တိုးဝင်ပျောက်ကွယ်သွား၏ ။ မိုက်ကယ်သည်သူရဲဘောကြောင်သူ တစ်ယောက် တော့ မဟုတ်။ သို့သော် ကြည့်ရသည်မှာ လမ်းတစ်လျှောက် သူ ခရီးဆောင်အိတ်ကြီး တကိုင်ကိုင်ဖြင့် ဆက်သွား၍ မ ဖြစ်ကြောင်း သဘောပေါက်လာသည်။ သူ အိတ်ကို ဖွင့်၏ ။ အိတ်ထဲမှသားမွေးကုတ်အင်္ကျီနှင့် ပြာဘူးကို ယူကာ ခရီးဆောင်အိတ်ကို ချ

ကြားထဲလွှင့်ပစ်လိုက်တော့သည်။

တစ်လမ်းလုံး စစ်ကားတန်းတွေ မတွေ့ရဘဲ အနှောင့်အယှက်ကင်းကင်းဖြင့် သူ လျှောက်လာသည်။ ညနေစောင်းတော့ လမ်းသည် တောင်တစ်လုံးကို ဖြတ်ဖောက်ထားသည့် လိုဏ်ခေါင်းတစ်ခုထဲမှ ဝင်သွားရသည်ကို တွေ့လာရ၏။ လိုဏ်ခေါင်းအဝမှာ စစ်သားတွေ စောင့်နေ၏။ မိုက်ကယ်လမ်းပေါ်မှ အလျင်အမြန် ဆင်းလိုက်သည်။ ချုံကြားထဲ ဝင်ပုန်းနေလိုက်သည်။ ညအမှောင်မှာ လိုဏ်ခေါင်းကို ဖြတ်ကာ တစ်ဖက်သို့ ဘယ်လိုသွားရမလဲဆိုတာကို သူ အပြင်းအထန် စဉ်းစား၏။ အဝေးတစ်နေရာမှဘာဘွန်မျောက်တွေ အော်သံကို ကျွက်ကျွက်ညံအောင် ကြားနေရ၏။ ဘာနည်းလမ်းမှ စဉ်းစားမရသည့်အဆုံး အမေ့ကုတ်အင်္ကျီကြီးကိုဝတ်၊ တုတ်တစ်ချောင်းကို နံဘေးမှာ ထားရင်း သူ အိပ်ပျော်သွားခဲ့သည်။ ဝေလီဝေလင်းမှာ သူ ထပြီး လိုဏ်ခေါင်းရှိရာ တောင်ကြားကို တစ်ကွေ့ကြီး ပိုက်ပတ်ကာဖြတ်ကျော်၏။ လမ်းပေါ်မှာ တော့ စစ်ကားတန်းတွေ ဖြတ်သွားခဲ့ကြသည်။

မိုက်ကယ်သည် လမ်းမကို တတ်နိုင်သမျှ ရှောင်ရင်း လမ်းဘေးမှသာ ချုံ တောတိုးရင်း တစ်နေကုန် လျှောက်လာခဲ့သည်။ လမ်းမကြီးနှင့် ယူကလစ်ပင်တန်း ခြားထားသည့် ဖုန်းဆိုးတော တစ်နေရာမှာ ဘန်ဂလိုတစ်လုံးကို သူ တွေ့လိုက်ရသည်။ ဘန်ဂလိုမှာ လူမရှိ။ ပြတင်းပေါက်မှန်တွေ က တစ်စစီ။ တံခါးကလည်း ချက်ပြုတ်လျက်။ အထဲမှာ မှန်ကွဲစတွေ ၊သတင်းစာအဟောင်းတွေ ၊ သစ်ရွက်ခြောက်တွေ ၊ နံရံကြားမှ တိုးထွက်နေသည့် မြက်ရိုင်းတွေ ၊ ရေပိုက်အောက်မှာ ကပ်နေသည့် ပက်ကျိတွေ ရှိ၏။သို့ သော် အမိုး ကတော့ အကောင်းပကတိအတိုင်း ရှိသေး၏။ မိုက်ကယ်သည် တတ်အားသရွေ့ လှည်းကျင်းပြီး ထောင့်တစ်ထောင့်တွင် အိပ်ဖို့ ပြင်ဆင်လိုက်၏။ ခေါင်းချလိုက်သည်နှင့် တစ်မုဟုတ်ချင်း အိပ်ပျော်သွားခဲ့သည်။မည် မျှကြာသွားသည်မသိ။ တဝေါဝေါ တဝုန်းဝုန်း မိုးသက်လေပြင်းကြောင့် သူ လန့်နိုး၏။ ခဏပါပဲ။ ပြန်အိပ်ပျော်သွား၏။

သူနိုးလာတော့ မိုးက ရွာနေဆဲ။ မိုက်ဆာလွန်းမက ဆာလှသဖြင့် မူးနောက်နောက် ရီဝေဝေ ဖြစ်နေခဲ့သည်။ မိုက်ကယ်သည် တံခါးဝမှာ ရပ်ရင်းဖွက်ထနေသော

မြေ၊ မိုးစက်တွေ ကြောင့် ကုပ်ကိုင်းနေသည့် သစ်ပင်တွေ ကိုငေးနေခဲ့၏ ။ တစ်နာရီခန့်နေတော့ မိုးတိတ်သွား၏ ။ ခြေဦးတည့်ရာလျှောက်လာရင်း တွန့်လိမ်ရှုံ့စောင်းနေသည့် ခြံစည်းရိုးပျက်တစ်ခု ကာထားသည့်ပန်းသီးခြံတစ်ခုထဲ ရောက်သွား၏ ။ ပန်းသီးခြံက မြက်ရိုင်း၊ ပိတ်ပေါင်းနှင့်ရေညှိတွေ တောထကာ ဖြစ်ချင်တိုင်း ဖြစ်နေသည်။ ပိုးထိုးထားသည့် ပန်းသီးပုပ်တွေ က နေရာအနှံ့ ပြန့်ကျဲလျက်။ မကြွေသေးသည့် အပင်ပေါ်မှ အသီးတွေ ကတော့ မမှည့်သေးမီ ပိုးထိုးခြင်းခံနေရပြီ။

ဦးထုပ်မည် းကြီးနှင့် ကုတ်အင်္ကျီမည် းကြီးကို ဝတ်ထားသည့် မိုက်ကယ်သည် လင်းတကြီးတစ်ကောင်နယ် ရပ်ရင်းက ပန်းသီးတွေ ကောက်ကာစားလို့ရသည့်အပိုင်းများ ကို အငမ်းမရ ဒရောသော ပါး ကိုက်စားနေ၏ ။ပန်းသီးခြံအတွင် းသို့ သူ လျှောက်သွား၏ ။ လူသူမရှိသည်မှာ သေချာသည်။ ခြံထဲမှာ အိမ်ကလေးတစ်လုံး ရှိ၏ ။ သီးနှံစိုက်ခင်းထဲမှာ တော့ ပန်းဂေါ်ဖီတွေ ၊ မုန်လာဥတွေ ၊ အာလူးတွေ သီးပွင့်နေကြသည်။ မိုက်ကယ်သည်ဒူးထောက်ချလိုက်ပြီး မုန်လာဥဝါဝါတွေ ကို ဆွဲနုတ်နေ၏ ။ စိတ်ထဲ ကတော့ဘုရားသခင် ဖန်ဆင်းတော် မူအပ်သည့် မြေပေါ်မှာ ပေါက်နေသည့် အသီးအနှံများ ကို ရိုးသားစွာ ကောက်ယူခြင်းမျှသာ။ အကျွန်ုပ် သူခိုးမဟုတ်ဟုဆင်ခြေဆင်လက်တွေ ပေးနေမိသည်။

သို့ သော် ယာခင်းစောင့်အိမ်ကလေး၏ ပြတင်းပေါက်မှ သေနတ်ပြောင်းဝတစ်ခု ထွက်ပေါ်လာပြီး သူ့နောက်ကျောကို ပစ်ထည့်လိုက်မည် လား။ လူထွားကြီး တစ်ယောက် ရုတ်တရက် ရောက်လာပြီး သူ့ခေါင်းကို တုတ်ဖြင့်ရိုက်ချလိုက်မည် လား အတွေ းတွေ ပွားနေမိပြန်သည်။ အသီးအနှံတွေ ကိုအိတ်ထဲ အပြည့်ထည့်ရင်းက သူ ထရပ်လိုက်သည်။

နံနက်လင်းတော့ မိုက်ကယ်သည် လမ်းပေါ်ပြန်ရောက်နေခဲ့ပြီ။ အဝတ်အစားတွေ ကတော့ မိုးကြောင့် စိုထိုင်းနေဆဲ။ မိုက်ထဲမှာ အိတ်ထဲမှာ အသီးတွေ နှင့် ပြည့်နေခဲ့သည်။ ကားသံကြားသည်နှင့် လမ်းဘေးမှ ချုံထဲသို့ ခုန်ဆင်းကာ ပုန်းနေလိုက်၏ ။ ဒီတစ်ခါတော့ ရောမ စစ်ကားတန်းကြီးဖြတ်သွားသည်ကို သူ တွေ ့ရ၏ ။ ကားတန်းကြီး

ဖြတ်နေသည်မှာ ငါးမိနစ်ခန့် ကြာ၏ ။

ထိုညက တံတားတစ်ခုအောက်မှာ သူ အိပ်လိုက်သည်။ နောက်တစ်နေ့ နံနက်ကိုးနာရီလောက်မှာ တော့ မီးခိုးခေါင်းတိုင်နှင့် အိမ်လေးတွေ ရှိရာ ဝေါဆက်စတာမြု ့အဝင်ရှိ စီတန်းနေသည့် လူတန်းရှည်ကြီးကြားမှာ မိုက်ကယ့်ကို တွေ ့ကြရသည်။ ရှေ့မှာ တော့ ရဲကားတွေ တန်းစီပိတ်ထား၏ ။ နောက်ပြန်လှည့်ဖို့မှတစ်ပါး ရှောင်ဖို့ရန် နေရာ မရှိ။

သူ ဘာမှ မတတ်နိုင်၊ လူအုပ်ထဲ ဝင်တန်းစီလိုက်ရသည်။ ဘာလုပ်နေကြတာလဲဟု သူ့ရှေ့မှ မိန်းမ တစ်ယောက် ကို မေးခဲ့သော် လည်း ထိုမိန်းမက ဘာမှ မဖြေ။

မိုက်ကယ် ရှေ့ကို အသာချောင်းကြည့်လိုက်သည်။ ရဲကားနှစ် စီးသည် လူတန်းရှည်ကြီးရှေ့မှာ စစ်ဆေးနေ၏ ။ အချို့ကို သူတို့ သွားခွင့်ပြု၏ ။အချို့ ကတော့ ဆက်မသွားရဘဲ ရပ်နေရသည်။ ရပ်နေသူတွေ က အကုန်လုံးယောကျ်ားတွေ ၊ ခွေးကြီးတစ်ကောင်ကို ဆွဲထားသည့် ရဲ တစ်ယောက် ကထိုသူတွေ အနားမှာ စောင့်ကြပ်နေ၏ ။ မိုက်ကယ်သည် မှတ်ပုံတင်ကို လက်မှာ ကိုင်ထားပြီး သူ့အလှည့်ကို စောင့်သည်။ သူ့ကို ပေးသွားမှာ လား။ ရပ်နေရမှာ လား။ သူလည်း သေချာ မသိ။

''မင်း ဘယ်ကလဲ''

မိုက်ကယ် အာခေါင်တွေ ခြောက်လာ၏ ။

''ပ ပရင့်စ်အဲလ်ဗတ်ကပါ။ ကျွန် ကျွန်တော် အဲဒီ ကို ပြန်မလို့ပါ''

''ပါမစ်ရော''

''ပျောက် ပျောက်သွားပြီ''

''ဒါဆို ဟိုမှာ သွားရပ်နေ''

ရဲက ရပ်နေသည့်လူစုဘက်သို့ တုတ်ကြီးဖြင့် ညွှန်ပြရင်းပြော၏ ။

''ကျွန်တော် မရပ်ချင်ဘူး၊ ကျွန်တော့်မှာ အချိန် မရှိဘူး''

မိုက်ကယ့်ရင်ထဲမှာ စကားတွေ တရစပ်ပြောနေသည်။ သူ ကြောက်နေတာကို သူတို့တွေ သိများ သွားမလား။ တစ်စုံ တစ်ယောက် က သူ့လက်မောင်းကို လာကိုင်သည်။ တိရစ္ဆာန်ရိုင်းတစ်ကောင်လို သူ ခါချလိုက်သည်။ ခွေးကြီးနှင့် ရဲက သူ့ကို စိတ်မရှည်သလို ကြည့်နေသည်။ မတတ်နိုင်တော့။ လူအုပ်ထဲတွင် သူ ဝင်ရပ်လိုက်သည်။ လျှာကြီးထွက်နေသည့်ခွေးကောင်ကြီး၏ မျက်လုံးဝါဝါကြီးကို သူ စိုက်ကြည့်လိုက်သည်။

မိုက်ကယ်သည် သူ လုံးဝမသိသော လူစိမ်းအယောက် ငါးဆယ်နှင့်အတူ ရဲကားပေါ်တွင် ခရီးနှင်နေ၏ ။ ရထားလမ်းနား သူတို့ ရောက်လာကြ၏ ။ ရပ်ထားသည့် ရထားတစ်စီးမှ တွဲ အလွတ်တစ်ခုပေါ် သူတို့ကို တက်စေ၏ ။ အေးစက်နေသည့် ကွေကာအုပ် တစ်ခွက်စီနှင့် လက်ဖက်ရည်တစ်ခွက်စီ ကျွေးမွေး၏ ။ တွဲ ကို သော့ ခတ်၍ သေနတ်ကိုင်ထားသော အညိုနှင့်အနက် ယူနီဖောင်းဝတ် ရထားရဲ တစ်ယောက် က မျက်စိဒေါက်ထောက်စောင့်နေ၏ ။ မကြာမီ နောက်ထပ် လူသုံးဆယ်ခန့် ထပ်ရောက်လာပြီး တွဲ ပေါ်ထပ်တင်၏ ။

မိုက်ကယ့်ဘေးနားမှာ တော့ ဝတ်စုံပြည့်ဝတ်ဆင်ထားသည့် အသက်ကြီးကြီး လူ တစ်ယောက် ထိုင်နေ၏ ။

မိုက်ကယ်က သူ့ကုတ်အင်္ကျီစကို ဆွဲရင်း-

''ကျွန်တော် တို့ကို ဘယ်ခေါ်သွားကြမလို့လဲဟင်''

ဟု အပူတပြင်း မေးမိ၏ ။

လူကြီးက သူ့ကို ပခုံးတွန့်ပြကာ-

''ဘယ်ခေါ်သွားသွား ခုမှတော့ ဘာအရေး လဲ ကောင်လေးရာ၊ ရထားပေါ်ရောက်နေမှပဲ၊ စုန်မလား၊ ဆန်မလား နှစ် လမ်းပဲ ရှိတာကိုးကွ''ဟု ဖြေ၏ ။ ပြီးတော့ ကိတ်မုန့်အချိုလိပ်ကလေးတွေ အိတ်ထဲမှထုတ်ပြီး မိုက်ကယ့်ကို တစ်ခုပေး၏ ။

ရေနွေးငွေ့စက်ခေါင်းတစ်စီး မကြာခင်ရောက်လာပြီး သူတို့တွဲ ကိုချိတ်၏ ။ တွဲ

သည် တဖြည်းဖြည်း ရွေ့လျားလာ၏ ။

လူကြီးက မိုက်ကယ့်ကို ကြည့်ရင်း-

"မြောက်ဘက်ကို သွားနေတာကွ ကောင်လေးရ။ တောင်းစ်မြစ်ဘက် ဖြစ်မယ်"

မိုက်ကယ်က လူကြီးစကားကို စိတ်မဝင်စားတော့။ သူ ဘာမှ ပြန်မပြောမိ။ ရထားသည် တဖြည်းဖြည်း အရှိန်ရလာ၏ ။ ဝေါချက်စတာမြို့အနောက်ဘက်မှ ဖြတ်သန်း၏ ။ မိန်းမတွေ က အဝတ်တွေ လျှော်နေကြသည်။ ကလေးတွေ က မတ်တတ်ရပ်ရင်း ရထားကို လက်ပြနေကြသည်။ကြေးနန်းတိုင်တွေ မိုက်ကယ့်မျက်စိထဲမှာ နိမ့်ချည် မြင့်ချည်နှင့် ရိပ်ကနဲရိပ်ကနဲ ဖြတ်သန်းသွားသည်။ ရှေ့မှာ တောင်တန်းတွေ ။ ရထားသည်တောင်ပေါ်တက်သည်။ လေက အေးစိမ့်လာသည်။ မိုက်ကယ်သည် တုန်တုန်ယင်ယင် ဖြစ်လာသည်။ စက်ခေါင်းသည် တရှူး ရှူး တရှဲရှဲ အော်သံတွေ ပေးလာသည်။ နောက်ဆုံးတော့ ရထားရပ်သွားသည်။ တွဲ တံခါးတွေ ဝေါကနဲပွင့်လာသည်။ အပြင်ရောက်မှပင် ရထားရပ်ရသည့် အကြောင်းရင်းနှင့် သူတို့ကို ခေါ်လာသည့် အကြောင်းရင်းကို သိကြရတော့သည်။

ရှေ့မှာ မြေပြိုပြီး လမ်းပိတ်နေသည်ကိုး။ သံလမ်းတွေ အကြီးအကျယ်ပျက်စီးသွားသည်။ ဒါကြောင့် ယောကျ်ားတွေ ချည်း ရွေးခေါ်လာတာကိုးဟု တစ်ယောက် က ပြောတော့ အားလုံး ဝိုင်းရယ်ကြ၏ ။

လုပ်ငန်း စပြီ။ ရထားတွဲ ထဲမှ သံလမ်းများ ၊ ဇလီဖားတုံးများ ကိုမကြ၊ ချကြ၏ ။ မိုက်ကယ်က ပျက်စီးသွားသည့် သံလမ်းကို ပြင်ဆင်သည့်အလုပ်သမားဆိုင်းမှာ တာဝန်ကျ၏ ။ တစ်နေ့လုံး သူတို့သည် သံလမ်းအောက်ခြေကို ရှင်းလင်း၊ သံလမ်းခင်း၊ ဇလီဖားတုံး စီကြရ၏ ။ ညနေပိုင်းမှာ ခဏနားခွင့်ရပြီး ပေါင်မုန့်ယိုသုတ်နှင့် လက်ဖက်ရည် သောက်ကြရသည်။ ညကျတော့လည်း မနားကြရသေး။ ရထားခေါင်းတွဲ မီးအလင်းရောင် အောက်မှာ တောင်ပေါ်တက်ပြီးရွှံ့များ ၊ ကျောက်တုံးများ ကို သယ်ကြရသည်။မိုက်ကယ်သည် အလုပ်လုပ်ရင်း တစ်ချက် တစ်ချက် မိုက်ကနဲ ဖြစ် ဖြစ်သွားသည်။ ကျောတွေ က တောင့်တင်း

နာကျင်ကိုက်ခဲနေ၏ ။

တစ်ခါတလေ ချာချာလည်အောင် မူးသွားသည်။ နားထဲမှ လေတွေ ထွက်လာသည်။ သူ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး ဦးခေါင်းကို ဒူးခေါင်းနှစ် လုံးကြား ဝှက်ထားလိုက်သည်။ မည် မျှကြာသွားသည် မသိ။

''ဟေ့ကောင် ထစမ်း''

မော့ကြည့်လိုက်တော့ အလုပ်သမားခေါင်းက သူ့ကို ငုံ့ကြည့်နေသည်။

''ကျွန်တော် ဘာလို့ ဒါတွေ လုပ်နေရတာ လဲ ခင်ဗျာ''

အလုပ်သမားခေါင်းက ပခုံးတွန့်ပြလိုက်သည်။

''လျှာမရှည်နဲ့ လုပ်စရာရှိတာလုပ်''

ဟု ပြောရင်း လက်ထဲမှ တုတ်ဖြင့် မိုက်ကယ့် ရင်ဘတ်ကိုခပ်ဆတ်ဆတ် ထိုးလိုက်သည်။

အိပ်မက်ထဲမှာ လမ်းလျှောက်နေသူများ ကဲ့သို့ သူတို့သည် ညနက်သန်းခေါင်ထိ အလုပ်လုပ်ကြရသည်။ နောက်ဆုံး ရထားတွဲ ထဲ ပြန်လာခွင့်ရကြသည်။ အရိုးကွဲအောင် အေးလှသဖြင့် ပြတင်းပေါက်တွေ အကုန်ပိတ်ပြီး ကုလားသေ ကုလားမော အိပ်ကြသည်။ တွဲ အပြင်မှာ တော့ အစောင့်များ သည် လက်ဝါးချင်းပွတ်ကာ ရာသီဥတုကို ကျိန်ဆဲရင်း သူတို့ကို စောင့်ကြပ်နေခဲ့သည်။

မောကလည်းမော၊ အေးကလည်းအေးသဖြင့် မိုက်ကယ်သည် အမေ့ပြာသေတ္တာကလေး ပိုက်ကာ ကွေးနေသည်။ သူ့အနားမှလူက သူ့ကိုဖက်ကာခွအိပ်နေ၏ ။

'ဒီလူ့နှယ် ငါ့ကို မနေ့ညက ဖက်အိပ်ခဲ့တဲ့ သူ့မိန်းမများ မှတ်နေလား မသိဘူး'

ဟု မိုက်ကယ် တွေးမိ၏ ။

ဒီလိုနှင့် သူ အိပ်ပျော်သွားခဲ့သည်။ မနက်ပိုင်း အစောင့်တွေ တွဲ တံခါးလာဖွင့်တော့ တစ်ကိုယ်လုံး တောင့်တင်းကိုက်ခဲနေသဖြင့် သူ တော် တော် နှင့်ထ၍ မရ။

ကွေကာအုတ်နှင့် လက်ဖက်ရည် သောက်ရသည်။ သူ့နားမှာ ထိုင်နေသူက သူ့ကို ကြည့်ရင်း-

''မင်း နေမကောင်းဘူးလား''

ဟု မေး၏ ။ မိုက်ကယ် ဘာမှ ပြန်မပြောမိ။ ထိုသူက-

''မင်း စကားလည်း မပြောဘူး၊ နေမကောင်းဘူးလား''

ဟု ထပ်မေး၏ ။

''ကျွန်တော် နေကောင်းပါတယ်''

ဟု မိုက်ကယ် ပြန်ဖြေလိုက်သည်။

''ဒါဆိုလည်း ငူငူငိုင်ငိုင်ကြီး လုပ်မနေစမ်းပါနဲ့ကွာ၊ ငါတို့ ထောင်ထဲ ရောက်နေတာလည်း မဟုတ်၊ တစ်သက်တစ်ကျွန်း ကျနေတာလည်းမဟုတ်၊ လုပ်အားပေးရတာ ပါကွာ၊ ခဏနေ ပြီးသွားမှာ ပါ''

မိုက်ကယ်သည် မှိုစော်နံနေသည့် ကွေကာအုတ်ကို မစားနိုင်။အစောင့်များ နှင့် အလုပ်သမားခေါင်းများ က သူတို့ကို မတ်တတ်ရပ်ခိုင်းနေပြီ။

''လုပ်အားပေးတယ်ဆိုတာ ရိုးနေပြီလေနော်ကွာ၊ မင်းအတွက်ရောငါတို့အတွက်ပါ မဆန်းပါဘူး''

ကွေကာအုတ်တွေ ကို သွန်လိုက်ပြီး မိုက်ကယ် ထရပ်လိုက်သည်။ သိမ်းငှက်နှာခေါင်းလို နှာရောင် ကောက်ကောက်နှင့် အလုပ်သမားခေါင်းကသူတို့ဘေးမှ ဖြတ်သွား၏ ။

''အဲသလို ရှင်ရှင်လန်းလန်းနေမှပေါ့ ငါ့ကောင်ရာ၊ မကြာပါဘူး၊ခဏနေ

ပြီးသွားမှာ ပါ''

သူ့နံဘေးမှ စကားတွေ လာပြောနေသူက သူ့ပခုံးကို ပုတ်ကာနစ် သိမ့်ရင်း သူ့ကို ပြုံး ပြ၏ ။

နေ့လယ်ပိုင်းလောက်မှာ တော့ ပိတ်နေသည့်လမ်းသည် သုံးမီတာခန့်ပွင့်သွား၏ ။ တောင်းစ်မြစ်ဘက်ကမ်းမှ အလုပ်သမားများ သည် ရထားပေါ်တက်ကြ၏ ။ မိုက်ကယ်လည်း သူတို့နှင့်လိုက်ကာ ရထားပေါ် တက်လိုက်သည်။ သူ့ကို မည် သူမှ မတား။ စက်ခေါင်းသည် စတင်လှုပ်ရှား၏ ။ အလုပ်သမားတွေ ပါသည့် တွဲ တစ်တစ်တည်းကို ဆွဲလာသည့် ရထားသည် မြောက်ဘက်သို့ စတင် ထွက်ခွာ၏ ။

ရထားပေါ်မှာ နှစ် နာရီလုံးလုံး မိုက်ကယ်သည် အိပ်ချင်ယောင်ဆောင်နေခဲ့သည်။ သူ့ရှေ့မှာ ထိုင်နေသည့်လူက မိုက်ကယ့် ခြေထောက်ကြားမှာ ညှပ်ထားသည့် ပြာသေတ္တာကလေးကို ဆွဲယူပြီး ဖွင့်ကြည့်၏ ။ ပြာတွေ မြင်တော့ ပြန်ပိတ်ပြီး မူလနေရာမှာ ပြန်ထားပေး၏ ။ သူလုပ်နေသည်ကိုမိုက်ကယ် အစအဆုံး မြင်တွေ ့ရသော် လည်း ဘာမှ မပြော။ ပြောချင်စိတ်လည်း မရှိ။

ရထားသည် ညနေ ငါးနာရီမှာ တောင်းစ်မြစ် ဘူတာသို့ ဆိုက်၏ ။မိုက်ကယ် ရထားပေါ်မှ ဆင်းလိုက်သည်။ ရှေ့ဆက် ဘာ ဖြစ်မလဲ။ သူမသိ။ သူ့ကို ရှာတွေ ့သွားပြီး ခုနက အလုပ်လုပ်ခဲ့သည့် နေရာသို့ ပြန်ပို့ချင်လည်း ပို့မည် ။ ခရီးသွားလာခွင့် ပါမစ် မရှိ၍ ဖမ်းချုပ်ချင် ချုပ်မည် ။ သို့ သော် သူ့အထင် မှာ း၏ ။ ရထားပေါ်ပါလာသည့် အစောင့်များ က သူတို့ သွားချင်ရာသွားနိုင်ပြီဟု ခွင့်ပေးလိုက် ကြသည်။

ထိုစကားကြားသည်နှင့် တစ်ပြိုင်နက် မိုက်ကယ်သည် ဇောင်းမှလွှတ်သည့် မြင်းပမာ ဘူတာရုံနှင့် ဝေးနိုင်သမျှဝေးအောင် သုတ်ခြေတင်ပြေး၏ ။ အဝေးပြေးလမ်းမသို့ သွားသည့် လမ်းတစ်လျှောက် ဘာဆိုင်မှ မဖွင့်။အားလုံး ပိတ်ထားကြသည်။ အပေါက်ဝမှာ ကိုကာကိုလာ ကြော်ငြာနှင့် ပြတင်းပေါက်တွေ မှာ လိမ္မော်သီးပုံတွေ ကပ်ထားသည့် ဆိုင်သေးသေးလေးတစ်ဆိုင်တော့ ဖွင့်၏ ။ မိုက်ကယ် ဆိုင်ထဲဝင်မည် အလုပ်

ပိန်ညှောင်ညှောင်အဘွားကြီး တစ်ယောက် ဆိုင်ထဲမှ အမြန်လျှောက်လာပြီး ဆိုင်တံခါးကိုဆောင့်ပိတ်လိုက်၏ ။ မိုက်ကယ်က မှန်တံခါးမှ ချောင်းကြည့်ရင်း သူ့မှာ ပါလာသည့် ဆယ်ရမ်တန် စက္ကူကလေးကို ထုတ်ပြရှာသည်။

သို့သော် ဆိုင်ရှင်အဘွားကြီးက အရေး မလုပ်။ ကောင်တာနောက်သို့ ဝင်ရောက် ပျောက်ကွယ်သွားခဲ့သည်။ မိုက်ကယ့်အ ဖြစ်ကို မြင်သည့် အခြားအလုပ်သမားနှစ်ယောက် က ဒေါ်ပွပြီး မြေကြီးခဲတွေ ကောက်ကာ ဆိုင်ပြတင်းမှ ပစ်သွင်းလိုက်ကြသည်။ မိုက်ကယ် ကတော့ သံယောဇဉ်မကုန်နိုင်သေးဘဲပိတ်ထား သည့် ဆိုင်တံခါးရှေ့မှာ ငူငူကြီးရပ်နေသည်။ အထဲမှ စားစရာပစ္စည်းမျိုးစုံက သူ့ကို ထိုနေရာမှ မခွာနိုင်အောင် ဆွဲဆောင်ထားသလို ဖြစ်နေ၏ ။အဘွားကြီး လှည့်ကြည့်လျှင် ထောင်ပြနိုင်အောင် တစ်ဆယ်တန်ကလေးကို အသင့်မြှောက်ကာ သူ ကိုင်ထားရှာသည်။

ဘယ်လိုမှ မရသည့်အဆုံး မိုက်ကယ်သည် ဆိုင်နောက်ဘက်ရှိ ရေဘုံပိုင်မှ ရေသောက်၏ ။ ပိတ်ထားသော ဓာတ်ဆီဆိုင်နားမှာ ရပ်ထားသည့်ကားစုတ်တွေ ကို သူ တံခါးလျှောက်ဖွင့်ကြည့်၏ ။ ကားတစ်စီးကို ဖွင့်၍ ရသော်လည်း သူ ဘာမှမရှာနိုင်လောက်အောင် ပင်ပန်းလှပြီ။

ညနေစောင်း ခဲ့ပြီ။ တိမ်တွေ က ပုစွန်ဆီရောင် တောက်လာခဲ့သည်။သူ ကားထဲ ဝင်လိုက်သည်။ ညစ်ပတ်နေသည့် ကားကြမ်းပြင်မှာ သူ လှဲချလိုက်သည်။ အမေ့ ပြာသေတ္တာလေးကို ခေါင်းအုံးရင်း သူ အိပ်ပျော်သွားတော့သည်။

မနက်ကျတော့ ပိတ်ထားသည့် ဆိုင်တံခါး ပွင့်လာသည်ကို တွေ့ရသည်။ ဒီတစ်ခါတော့ ကောင်တာမှာ မနေ့က အဘွားကြီးကို မတွေ့ရဘဲအရပ်ရှည်ရှည် လူကြီး တစ်ယောက် ထိုင်နေသည်။

မိုက်ကယ်က ပဲဘူးသုံးဘူး၊ ခရမ်းချဉ်သီးဆော့စ်တစ်ဘူး၊ နို့မှုန့်အိတ်တစ်အိတ်နှင့် မီးခြစ်တစ်လုံး ဝယ်လိုက်သည်။ လမ်းဘေးတစ်နေရာမှာ သူအမြန်မီးဖို၏ ။ ပဲဘူးကို နွှေး၏ ။ နို့မှုန့်ထုပ်ကို ဖောက်ကာ တပျတ်ပျတ်လျက်၏ ။ ခဏနေတော့ ပဲဘူးကို

ဖောက်ကာ သူ အငမ်းမရ စား၏ ။စားသောက်ပြီးတော့ သူ အချိန်မဖြုန်းတော့ဘဲ အဝေးပြေးလမ်းတစ်လျှောက်စလျှောက်၏ ။ စစ်ကားတန်းတွေ က သူ့နံဘေးမှ အလျှိုအလျှို ဖြတ်သွားနေကြသော် လည်း သူ ဂရုမစိုက်တော့။ အေးအေးဆေးဆေး ဖြည်းဖြည်းမှန်မှန်သူ လျှောက်၏ ။

ညကျတော့ လမ်းပေါ်မှဆင်းပြီး မြစ်ကမ်းပါးတစ်နေရာမှာ ထိုင်၏ ။မီးဖို၏ ။ ပဲတစ်ဘူး ထပ်စား၏ ။ ထုံးစံအတိုင်း သြကာသလောက၏ သဘာဝ အသံတွေ ကို ခံစားရင်း သူ အိပ်၏ ။ နောက်တစ်နေ့မှာ လမ်းမပေါ်မှလျှောက်ခြင်းထက် မြစ်ကမ်းဘေးမှ လျှောက်ခြင်းက ပိုသက်သာကြောင်းသူ တွေ့ရ၏ ။ တစ်နေကုန် လမ်းလျှောက်၏ ။ ညနေစောင်းတော့ ကံကောင်းထောက်မစွာ လိပ်တစ်ကောင်တွေ့ရသဖြင့် ကျောက်တုံးဖြင့် ထုသတ်ကာကြေးနန်းကြိုးဖြင့် တံစို့ထိုးရင်း ကင်စားလိုက်၏ ။ လိပ်ကင်နှင့် ပဲ။ အရသာရှိလိုက်သည့် ဖြစ်ခြင်း။

ခပ်ကြမ်းကြမ်း လှုပ်နှိုးခြင်း ခံရသဖြင့် သူ လန့်နိုးသွားသည်။မိုးလင်းနေပြီ။ စစ်အင်္ကျီစုတ်ကြီး ဝတ်ထားသည့် အဘိုးကြီးတစ်ဦးက သူ့ကိုလှုပ်နှိုးနေသည်။

''ကျွန်တော် အိပ်ရုံ အိပ်တာပါ၊ ဘာမှ မလုပ်ပါဘူး''

အဘိုးကြီးက မိုက်ကယ့်ကို ကြည့်ရင်း-

''မင်း ဒီလို ယာခင်းတွေ ထဲ လျှောက်သွားနေရင် သူတို့ မင်းကိုပစ်သတ်ကြလိမ့်မယ်၊ သွားတော့ သွားတော့''

အဘိုးကြီးက ဇွတ်အတင်းနှင်သဖြင့် ထထွက်လာရသည်။ အဝေးပြေးလမ်းတစ်လျှောက် တစ်နာရီခန့်လျှောက်ပြီး လူသူလေးပါး မတွေ့ရသဖြင့်သူ ယာခင်းတွေ ထဲမှ ဖြတ်လျှောက်ပြန်သည်။ တစ်နေရာမှာ ပဲမြစ်တွေ တွေ့လိုက်သဖြင့် ဆွဲနုတ်ပြီး ပြုတ်စားပစ်လိုက်သည်။ ဦးထုပ်ထဲသို့ လည်း ပဲမြစ်ပြုတ် အပြည့်အသိပ် ထည့်လာရင်းက ဒီအတိုင်းဆို ငါ ငတ်သေစရာအကြောင်း မရှိတော့ဘူးဟု သူ တွေးလာခဲ့သည်။

တောင်ကုန်းလေးတစ်ခု တွေ့သဖြင့် သူ တက်၏ ။ တောင်ပူစာပေါ်မှာ ထိုင်ရင်း နေစာလှုံ၏ ။ ထက်အောက်မြေပြင် တစ်လောကလုံးမှာ သူ့ တစ်ယောက် တည်း ရှိသလို အရာအားလုံးသည် တိတ်ဆိတ်လျက်။ သူ့နောက်မှ လှုပ်ရှားသံကြား၍ လှည့်ကြည့်လိုက်သည်။ နားရွက်ဖားဖားနှင့် ခွေးပုလေးသုံးကောင်သည် ချုံပုတ်ထဲမှ ထွက်လာပြီး အဝေးသို့ ထွက်ပြေးသွားကြသည်။

'ငါ ဒီနေရာမှာ တစ်သက်လုံး နေသွားရရင် ကောင်းမလား။ ဒီလိုပဲတစ်ရက်ပြီး တစ်ရက် စားလိုက် အိပ်လိုက်နဲ့ သေတဲ့အထိပေါ့'။မိုက်ကယ် တွေ းမိတွေ းရာ တွေ းနေမိသည်။ ခုချိန်မှာ စိုးရိမ်ကြောင့်ကြ မှု တို့ သူ့မှာ မရှိလေတော့။ တစ်ခါတလေ သူ့ကိုယ်သူ နိုးနေသလား၊ အိပ်နေသလား၊ လမ်းလျှောက်နေသလားဆိုတာကိုပင် သေချာမသိ။

သို့သော်လည်း ဒီလို ခေတ်ဆိုး ခေတ်ပျက်မျိုးမှာ ကိုယ့်ယာခင်းကိုယ်အလုံအခြုံ ကာရံထားကြပြီး လူစိမ်း ဝင်လျှင် အရင်ပစ်ပြီး နောက်မှမေးဆိုသည့်ယာခင်းရှင်တို့ကိုလည်း သူ နားလည်ပါသည်။ သူသာ ယာခင်းရှင်ဆိုလည်းဒီလိုပဲ လုပ်မိပေမည် ။ ယာခင်း တစ်ခင်းနှင့် တစ်ခင်းကြားအကာအရံတွေ ကြားထဲမှာ ဘယ်သူမှ မပိုင်သည့် မြေကွက် ပေါက်စနလေးတွေ မရှိနိုင်ဘူးလားဟုလည်း သူ တွေးကြည့်နေ သည်။ ငှက်လို ကောင်းကင်မှပျံပြီး ကြည့်ရလျှင် ကောင်းမည် ဟုလည်း စိတ်ကူးယဉ်မိပြန်သည်။

မိုက်ကယ် ခရီးဆက်ဖို့ ပြင်၏ ။ ကောင်းကင်မှာ လေယာဉ်ပျံနှစ်စီးမီးခိုးကြွက်မြီးတန်းလျက် တောင်မှ မြောက်သို့ ပျံသန်းသွား၏ ။ နေညိုချိန်မှာ တော့ သူ လိန်းစ်ဘတ်မြို့စွန်သို့ ရောက်လာခဲ့သည်။ မြို့ထဲဝင်လာတော့ရှိသမျှ ဆိုင်တွေ ၊ အိမ်တွေ အကုန် တံခါးပိတ်ထား၏ ။ လမ်းမီးမရှိသဖြင့်မည် းမှောင်နေသည့် လမ်းမပေါ်မှာ သူ တစ်ယောက် တည်း။ သူ့ကို ခွေးတွေ ဝိုင်းဟောင်နေကြသည်။ မိုက်ကယ် ဘာလုပ်ရမှန်းမသိ။ သူ့နားမှ ဖြတ်သွားသည့် လူ တစ်ယောက် က သူ့ကိုမြင်တော့ ပြန်လှည့်လာပြီး-

"ခဏနေရင် ခေါင်းလောင်းသံကြားလိမ့်မယ်။ အဲဒါ ညမထွက်ရအမိန့် ခေါင်းလောင်းသံပဲ၊ ခင်ဗျား လမ်းပေါ်မှာ မနေနဲ့"

ဟု သူ့ကို ပြော၏ ။ မိုက်ကယ် လှည့်ကြည့်လိုက်သည်။ သစ်သားသေတ္တာတစ်လုံး ပိုက်ထားသည့် သူ့ထက်ငယ်ပုံရသည့် လူ တစ်ယောက် ကိုတွေ့ရ၏ ။ ထိုလူငယ်က မိုက်ကယ့် အသွင်သဏ္ဍာန်ကို မြင်သော အခါ-

"ခင်ဗျား အဆင်ပြေရဲ့ လား၊ နေကောကောင်းရဲ့ လား"

ဟု မေး၏ ။ မိုက်ကယ့် နှုတ်ခမ်းတွေ တရွရွ ဖြစ်လာ၏ ။

"ကျွန်တော် ပရင့်စ်အဲလ်ဗတ်ကို သွားချင်တာဗျာ၊ ခရီးက ဝေးသေးတယ် ထင်တယ်၊ ကျွန်တော် မရပ်ချင်ဘူးဗျာ၊ ဆက်သွားချင်တယ်"

သူ ဆက်မသွားနိုင်။ လူငယ်ခေါ်သည့်နောက်သို့ လိုက်သွားရင်းနောက်ဆုံး ထိုလူငယ်၏ အိမ်သို့ ရောက်သွား၏ ။ ထိုလူ၊ သူ့ဇနီး၊ သူ့ကလေးသုံးယောက် နှင့် အတူ

ပေါင်မုန့်နှင့် စွပ်ပြုတ် ပူပူနွေးနွေးကို သူ စားရ၏ ။မိုက်ကယ် စားသောက်နေတုန်း အငယ်ဆုံး ကောင်မလေးက သူ့အမေ ပေါင်ပေါ်မှာ ထိုင်ရင်း တစ်စုံတစ်ရာ တီးတိုးကပ်ပြောနေ၏ ။ မျက်လုံးအစုံ ကတော့မိုက်ကယ့်ထံမှ မခွာ။ စားရင်းသောက်ရင်း မိုက်ကယ်က သူ့ခရီးစဉ်အကြောင်းသူတို့ကို ပြောပြနေ၏ ။ ယာခင်းတွေ ထဲက ဖြတ်လာတုန်း သူ့ကို လှူပ်နိုးသော အဘိုးကြီးပြောသည့် လူစိမ်းတွေ ့လျှင် ပစ်သတ်ကြသည့် ယာခင်းရှင်တွေ အကြောင်း သူ ပြောပြတော့ လူငယ်က ခေါင်းယမ်းရင်း-

"ကျွန်တော် တော့ ဒီလို မကြားမိပါဘူး။ ဒုက္ခရောက်တဲ့ လူတွေ ့ရင်တတ်နိုင်သမျှ ကူညီရမှာ ပေ့ါ။ ဒါ ကျွန်တော့် ယုံကြည်ချက်"

ဟု ဆိုခဲ့သည်။

သူ့မိတ်ဆွေစကားကို ကြားတော့ မိုက်ကယ် စဉ်းစားမိသည်။ လူတွေ ကို ကူညီရတာ ကောင်းတယ်ဟု သူကော ယုံကြည်သလား။ သူ့ကိုယ်သူပြန်မေးမိသည်။ ကူညီချင်လည်း ကူညီမည် ။ မကူညီချင်လည်း မကူညီ။သူ ဘာယုံကြည်သလဲဆိုသည်ကို မပြောပြတတ်။ ဘာမဆို ဖြစ်နိုင်၏ ။

ယုံကြည်ချက်ဆိုတာကော သူ့မှာ တကယ်ရှိရဲ့ လား။ ဒါလည်း သိပ်မသေချာ။ သူတို့သည် ကလေးတွေ အိပ်သည့် ခုတင်ကို မိုက်ကယ့်အား ပေး၏ ။တစ်အိမ်လုံး မီးတွေ ပိတ်လိုက်သဖြင့် မှော င်နှင့်မည် းမည် း။ အိပ်နေတုန်းစကားပြောသံလိုလို ကြားရသဖြင့် ဖျတ်ကနဲ လန့်နိုး၏ ။ ဘာသံမှ မကြား။နောက်တစ်ကြိမ်နိုးတော့ အိမ်ရှင်လင်မယားသည် သူ နိုးမည် စိုးသဖြင့်ကလေးတွေ ကို ကျိတ်နှိုးနေသံကို သူ ကြား၏ ။ အဝတ်အစား အမြန်ဝတ်ကာ သူ အိပ်ခန်းထဲမှ ထွက်လိုက်သည်။

အပြင်မှာ မှော င်နေတုန်း။ အရက်တော့ ပျို့လာခဲ့ပြီ။

ကလေး တစ်ယောက် က နံနက်စာစားဖို့ သူ့ကို လာခေါ်၏ ။ မိုက်ကယ်သည် စားပွဲစွန်းကို တင်းတင်းဆုပ်ကိုင်ကာ တောင့်တောင့်ကြီး ထိုင်နေ၏ ။အိမ်ရှင်တို့၏ အကြင်နာတရားသည် သူ့နှလုံးအိမ်ကို ပြင်းစွာ ရိုက်ခတ်၏ ။သူ စကားတွေ အများ

ကြီးပြောချင်သည်။ ကျေးရွာအရမ်းတင်သည်။ သို့သော် သူ့ပါးစပ်မှ ခုံညားသည့် စကားအလုတို့ ထွက်မလာ။ သူ ပြောသည့် ဂူးဂူးဝါးဝါး မပီကလာ စကားသံကိုလည်း သူတို့ နားထောင်ချင်မည် မထင်။မိုက်ကယ် မျက်ရည်ဝဲလာ၏ ။ ကလေးတွေ က သူ့ကို စိုက်ကြည့်နေကြသည်။ကလေးအကြီးနှစ် ယောက် ကျောင်းသို့ အသွား မိုက်ကယ့်ကို လမ်းကြုံ လိုက်စေ၏ ။ လမ်းခွဲထိ သူတို့ လျှောက်လာကြရင်း ကလေးများ က မိုက်ကယ့်လက်ထဲမှ ပြာသေတ္တာကို ကြည့်ကာ-

"အဲဒါ ပြာတွေ လား"

ဟု ဝိုင်းမေးကြ၏ ။ မိုက်ကယ်က ခေါင်းညိတ်ပြလိုက်သည်။ သေတ္တာကို ဖွင့်ပြလိုက်သည်။ ကလေးတွေ က ပြာကို ကိုင်ကြည့်၊ နမ်းကြည့်ကြသည်။"ဦးလေးက ဒီပြာတွေ ကို ဘာလုပ်ဖို့လဲ"

"အမေ့ မွေးရပ်မြေကို သယ်သွားဖို့ကွ၊ အမေက ငါ့ကို အဲသလိုလုပ်စေချင်တာလေ"

"ဦးလေး အမေကို မီးရှို့လိုက်ကြတာလားဟင်"

မိုက်ကယ် ခေါင်းညိတ်ပြလိုက်သည်။ မျက်လုံးထဲမှာ မီးတောက်ကြီးတွေ မြင်လာသည်။

"ဟုတ်တယ်၊ ဒါပေမဲ့ သူ ဘာမှ မခံစားရပါဘူး၊ ဘာ ဖြစ်လို့လဲဆိုတော့ သူက သေပြီလေ"

x x x

လိန်းစ်ဘတ်မှ ခရီးဆက်ခဲ့တာ သုံးရက် သုံးည တိုင်ခဲ့ပြီ။ လိန်းစ်ဘတ်မှ သူ့ကျေးရွာရှင် လင်မယား လမ်းညွှန်လိုက်သည့်အတိုင်း ဖုန်တွေ တလိမ့်လိမ့်တက်နေသည့် လမ်းအိုလမ်းဟောင်းကလေးမှ သူ လျှောက်လာခဲ့ခြင်း ဖြစ်သည်။ ယာခင်းတွေ ကို သူ ဝေးဝေးရှောင်၏ ။ သူတို့ အခင်းထဲလူစိမ်းတွေ ့လျှင် ဘာမှမမေးဘဲ သေနတ်ဖြင့်

ပစ်တတ်သည်ဆိုသည့်စကားက သူ့ခေါင်းထဲ စွဲနေဆဲ။ ပူပြင်းလှသည့် နေ့လယ်ခင်းတစ်ခုမှာတော့ သူဘယ်လိုမှ မအောင့်အည်းနိုင်သဖြင့် လူသူကင်းမဲ့သည့် ရေကန်လေးတစ်ခုမှာ အဝတ်တွေ ချွတ်ပြီး တဝကြီး ရေစိမ်ချိုးမိသည်။ သူ

လမ်းလျှောက်နေတုန်းကုန်တင်ယာဉ်ကလေးတစ်စီးပေါ်မှ လယ်သမားကြီး တစ်ယောက် က လှမ်းခေါ်၏ ။ ဘယ်သွားမှာ လဲတဲ့။ သနားသွားသည်ထင့်။ ကားပေါ်တက်လေတဲ့။ မိုက်ကယ်က ရပါတယ်ဟု ပြောရင်း ဆက်လျှောက်လာခဲ့သည်။ ကားကဖုန်တထောင်းထောင်းဖြင့် ဆက်မောင်းသွား၏ ။

မိုက်ကယ်က လမ်းဘေးသို့ ဆင်းကာ ညရောက်သည်အထိ ပုန်းနေလိုက်သည်။ ခုနက လယ်သမားကြီး၏ ရွှေရောင် အမွေးတွေ ပေါက်နေသော ထန်းသီးလုံးခန့်ရှိသည့် လက်ကြီးကို သူ မြင်ယောင်နေမိသည်။လေးရက်မြောက် မနက်မှာ တော့ မိုက်ကယ်သည် တောင်ကုန်းလေးတစ်ခုပေါ်မှနေ၍ နေထွက်လာသည်ကို ငေးကြည့်ရင်း နောက်ဆုံးတော့ပရင့်စ်အဲလ်ဗတ်ကို ရောက်လာခဲ့ပြီ ဖြစ်ကြောင်း သူ့ရင်ထဲက သေသေချာချာသိ၍ လာ၏ ။ ကြက်ဖတွန်သံတွေ စီစီညံညံ သူ ကြားနေရသည်။ အိမ်ကလေးများ ၏ ပြတင်းပေါက်မှန်ကို နေထိုး၍ ပြန်လာသည့် ရောင် ပြန်တွေ တလက်လက်ကို သူ ငေး၍ မဝ။ လမ်းမတစ်လျှောက် မြည် းနှစ် ကောင်ကိုကျောင်းသွားသည့် ကလေး တစ်ယောက် ကို သူ တွေ ့၏ ။

လေ ကတော့ ငြိမ်နေ၏ ။ တောင်ကုန်းပေါ်မှဆင်းကာ မြို့ဘက်သို့ သူ ဦးတည်လိုက်သည်။ နားထဲမှာ ယောကျာ်းကြီး တစ်ယောက် ၏ အသံလိုလိုသူ ကြားနေရသည်။ လေသံက အတက်အကျ အနိမ့်အမြင့် မရှိ။ အသံသေကြီး။ မိုက်ကယ်က ရပ်၍ နားစိုက်ထောင်၏ ။ ဧကန္တ အဲလ်ဗတ်မင်းသားဆိုသူ၏ အသံများ လေလား။ နို့… ပရင့်စ်အဲလ်ဗတ်က သေပြီ မဟုတ်လား။အသံကို သူ ကြားနေရသော် လည်း စကားလုံးတွေ က မကွဲပြား။ လေထုထဲမှမြူခိုးတွေ လို မပီဝိုးတဝါး ရှိလှသည်။ နောက်ဆုံးတော့ ထိုအသံ ပျောက်သွားခဲ့သည်။

မိုက်ကယ်ကေသည် တောင်ဘက်လမ်းမှတစ်ဆင့် မြို့တွင် းသို့

ချဉ်းနင်းဝင်ရောက်လာနေ၏ ။ ဂျုံစက်ဟောင်းကြီးတစ်လုံး၊ ခြံခတ်ထားသည့်ဥယျာဉ်များ ကို သူ ဖြတ်ကျော်လာခဲ့သည်။ ဥယျာဉ်တစ်ခုအတွင်း ်မှ မည်းပုပ်ပုပ် ခွေးယုတ်တစ်အုပ်က ခြံစည်းရိုးနောက်မှနေ၍ သူ့ကို မာန်ဖီနေကြ၏ ။ခပ်ငယ်ငယ်မိန်းမ တစ်ယောက် က အများ သုံး ရေဘုံပိုင်တစ်ခုမှာ ထိုင်ရင်းအဝတ်တွေ လျှော်နေ၏ ။ ထိုမိန်းမက သူ့ကို ဖျတ်ကနဲ တစ်ချက် လှမ်းကြည့်သည်။ သူက ဦးထုပ်မြှောက်ကာ နှုတ်ဆက်လိုက်သော် လည်း ချက်ချင်း ပင်မျက်လွှာပြန်ချသွားခဲ့သည်။

အို... လမ်းတစ်လျှောက် ဆိုင်ကလေးတွေ စုံလှပါပကော။ ကိတ်မုန့်ဆိုင်၊ ကော်ဖီဆိုင်၊ အထည်ဆိုင်၊ ဘဏ်သေးသေးလေးတစ်ခု၊ မင်္ဂလာဆောင်ပစ္စည်းတွေ ရောင်း ်သည့်ဆိုင်၊ အထွေထွေ ရောင် ်းဝယ်ရေး ဆိုသည့် ဆိုင်းဘုတ်တပ်ထားသော် လည်း သော ပိတ်ထားသည့် ဆိုင်တွေ နှင့် ဂိုဒေါင်တွေ လမ်းဘေးဝဲယာမှာ စီတန်းနေခဲ့သည်။ မိုက်ကယ်သည် လမ်းထောင့်တစ်နေရာမှာ ရပ်ကာ မျက်စိနှစ် လုံးကို ပိတ်ထားလိုက်သည်။

နောက်ဆုံးတော့ ငါ ရောက်လာခဲ့ပြီပဲ။

အမေ ကျွန်တော် ပရင့်စ်အဲလ်ဗတ်ကို ရောက်လာပြီ အမေ။

နောက်တစ်နာရီခန့်ကြာသော် မိုက်ကယ်သည် ထိုနေရာမှာ ပင်ငုတ်တုတ်ကြီး အိပ်ပျော်နေသည်ကို တွေ ့ကြရသည့် ကလေးတစ်သိုက်သည်သူ့ကို လှည့်ပတ်တို့ထိရင်း ပျော်ပျော်ကြီး ဆော့ကစားနေကြ၏ ။ တစ်ယောက် က ဦးထုပ်ကို ချွတ်၏ ။ ထော်လန်ပွင့်အန်နေသော မိုက်ကယ့် နှုတ်ခမ်းနီတျာတျာကို ကြည့်ရင်း အူတက်မတတ် ရယ်ကြ၏ ။ မိုက်ကယ့်လက်ထဲမှ ပြာသေတ္တာလေးကို ဆွဲယူဖို့ ကြိုးစားကြသော် လည်း သေတ္တာနှင့် လက်နစ် ဖက် ဂဟေဆက်ထားသလို မြဲမြံလှသဖြင့် မအောင်မြင်ခဲ့ကြ။မိုက်ကယ် ကျောမှီထားသည့် ပိတ်ထားသည့် ဆိုင်တစ်ဆိုင်၏

ဆိုင်ရှင်ရောက်လာသဖြင့် ကလေးတွေ ထွက်ပြေးသွားခဲ့ကြသည်။ ဆိုင်ရှင်ကဆိုင်တံခါးဖွင့်ဖို့ ပြင်ဆင်နေချိန်မှာ မိုက်ကယ် လန့်နိုးလာခဲ့သည်။ ဆိုင်တွင် ်းမှာ တော့ မှု န်ကုပ်ကုပ်နှင့် အလင်းရောင် နည်းလှသည်။ သံဖြင့် လုပ်ထားသော ရေချိုးကန်များ ၊

စက်ဘီးတာယာများ ၊ ပလတ်စတစ် ခြင်းတောင်းများ ၊စည်သွပ်ဘူးများ ၊ ဆေးဝါးများ ၊ သကြားလုံးများ ၊ ကလေးသေးခံများ နှင့် အချိုရည်များ ။ အထွေထွေ ရောင်း ဝယ်ရေး ဆိုသည့် အမည် နှင့် လိုက်ဖက်ပါပေ့။မိုက်ကယ်က ဆိုင်ရှင်ရှိရာ ကောင်တာသို့ ဦးတည်လိုက်၏ ။ အမေအရင်က ပြောခဲ့သည့် နာမည် တစ်လုံးကို အပြင်းအထန် သူ စဉ်းစား၏ ။

သို့ သော် မသေချာ။

''ကျွန်တော် ဒီမှာ နေတဲ့ လယ်သမားကြီး တစ်ယောက် ကို တွေ့ ချင်လို့ပါ။ သူ့နာမည် က မစ္စတာ မို့စလိုးလား၊ မစ္စတာ ဗစ်ဆာလား တစ်ခုခုပဲ''

ဆိုင်ရှင်က သူ့ကိုကြည့်ရင်း-

''မစ္စ မို့စလိုးလား၊ ဟိုတယ်က မစ္စ မို့စလိုးကို ခင်ဗျားပြောတာလား၊ မစ္စတာ မို့စလိုး ဆိုတာတော့ မရှိဘူး''

''မစ္စတာ မို့စလိုလား၊ မစ္စတာ ဗစ်ဆာလား မသေချာဘူးခင်ဗျ၊လယ်သမားတော့ လယ်သမားကြီးပဲ၊ သူ့ယာခင်းကိုတော့ ကျွန်တော် မှတ်မိတယ်''

''ကျုပ်သိသလောက်တော့ လယ်သမား မို့စလိုးတို့၊ လယ်သမားဗစ်ဆာတို့ မရှိဘူးဗျ၊ နေဦး ဗစ်စဂီးကို ပြောတာလား၊ လယ်လုပ်တဲ့ ဗစ်စဂီးဆိုတာတော့ ရှိတယ်၊ ဘာလုပ်ဖို့လဲ''

မိုက်ကယ်က ပြာသေတ္တာလေးကို တင်းတင်းကိုင်ထားရင်း-

''သူတို့ကို ပေးစရာတစ်ခု ရှိလို့ပါ''

ဟု ဖြေလိုက်သည်။ ဆိုင်ရှင်က ခေါင်းယမ်းရင်း-

''ဒါဆိုရင်တော့ ခင်ဗျားလာတာ အလကား ဖြစ်ပြီ၊ ဗစ်စဂီးတို့ယာခင်းက ခု ဖုန်းဆိုးမြေ ဖြစ်နေပြီ။ သူတို့ ဒီက ထွက်သွားတာ ကြာနေပြီ''

မိုက်ကယ်သည် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ။ သူ ဆိုင်ထဲမှထွက်လာခဲ့သည်။ သူတို့ စကားပြောနေသည်ကို ချောင်းနားထောင်နေဟန်တူသော ကလေး တစ်ယောက် က

သူ့နောက်မှ ပြေးလိုက်လာခဲ့သည်။

''နေဦး၊ နေဦး၊ ဗစ်စဂီး ယာခင်း ဘယ်မှာ ရှိသလဲ ကျွန်တော် သိတယ်၊ ယာခင်းထဲမှာ ဘယ်သူမှတော့ မရှိဘူး''

ဟု မိုက်ကယ့်ကို အမောတကော ပြော၏ ။ ထိုကလေးက ဗစ်စဂီးယာခင်းသို့ သွားရာလမ်းကို ညွှန်၏ ။ မြောက်ဘက်ကိုသွား၊ ခယုဒ်ဖောင်တိန်ရောက်ရင် အရှေ့ဘက်ချိုး၊ မြေလမ်းလေးအတိုင်း လိုက်သွား၊ တောင်ကြားလမ်းလေးအတိုင်း ဆက်လျှောက်။

''နေဦးကွ၊ ယာခင်းက ဒီနဲ့ ဘယ်လောက်ဝေးလဲ၊ အဝေးကြီးလား၊ နီးနီးလေးလား''

ကလေး လမ်းညွှန်သည်ကို နားမလည်သည့် မိုက်ကယ်က သူသိချင်တာကို မေးလိုက်သည်။ ကလေးတွေ တညီတညွတ်တည်း ဖြေကြသည်က လမ်းလျှောက်သွားရင် အဝေးကြီးတဲ့။ ဗစ်စဂီး ယာခင်းက တောင်တွေ နားမှာ တဲ့။ လက်ညှိုးကြီးထိုးထားတဲ့ပုံ အမှတ်အသား ဆိုင်းဘုတ်တွေ ့ရင် လမ်းပေါ်ကဆင်းပြီး တောင်ပူစာလေးတစ်လုံးကို ဖြတ်၊ တွေ ့တွေ ့ချင်းယာခင်းပဲတဲ့။ ဟုတ်ပြီ။ သူသိချင်တာ ဒါပဲ။ မိုက်ကယ်က ကလေးများ ကိုမုန့်ဖိုးပေးလိုက်သည်။

လက်ညှိုးထိုး ဆိုင်းဘုတ်ကို သူတွေ ့တော့ မွန်းတည့်နေပြီ။ တောင်ပူစာကို သူတက်တော့ မွန်းလွဲနေပြီ။ တောင်ထိပ်အရောက်မှာ တော့ တောင်ခြေရင်းဆီက အဖြူရောင် ယာခင်းအိမ်ကလေးသည် ဘွားကနဲ သူ့မြင်ကွင်းမှာ ပေါ်လာခဲ့သည်။ သူ အိမ်နားသို့ တရွေ့ရွေ့သွား၏ ။ အိမ်ကို လှည့်ပတ်ကြည့်၏ ။ ပြတင်းပေါက် တရုတ်ကတ်တွေ က အားလုံး ပိတ်လျက်သား။အိမ်ခေါင်မိုးအပေါက်တစ်နေရာမှ ခိုတစ်ကောင် ပျံထွက်လာသည်။ ခေါင်မိုးမှ သံချက်လွတ်နေဟန်ရှိသည့် သွပ်ပြားတစ်ချပ်သည် လေတိုက်တိုင်းတဘတ်ဘတ် အသံပေးနေ၏ ။ အိမ်နောက်မှာ တော့ ကျောက်သားပြင်အတိလွှမ်းသည့် မြေလွတ်တွေ ရှိ၏ ။ ထိုနေရာမှာ ဘာပင်မှ စိုက်လို့မရတာ သေချာသည်။ သူ စိတ်ကူးခဲ့သလို မြင်းဇောင်း မရှိ။ သို့ သော် စုတ်ပြတ်ယိုင်ရွဲ့ကာ ကြက်တစ်ကောင်မှ မရှိသည့် ကြက်ခြံဟောင်းတစ်ခုတော့ ရှိ၏ ။

ခေါင်းမရှိသည့် ရေပိုက်တစ်ခုကိုလည်း အိမ်နောက်မှာ တွေ့ရ၏ ။ အိမ်ရှေ့အိမ်နောက် တံခါးအားလုံး ပိတ်ထား၏ ။ ဖုန်အလိမ်းလိမ်းတက်နေသည့်တရုတ်ကတ်များ ဖြင့် ပိတ်ထားသည့် ပြတင်းပေါက်မှ ချောင်းကြည့်သော် လည်းဘာမှ မတွေ့ရ။ အိမ်တံခါးမှာ သော့မခတ်ထားသဖြင့် အလွယ်တကူ ဖွင့်ဝင်နိုင်၏ ။

သူ အိမ်ထဲဝင်သွားတော့ အိမ်ထဲမှ ပျံလွှားနှစ် ကောင် အလန့်တကြားပျံထွက်သွားကြသည်။ ကြမ်းပြင်မှာ တော့ ဖုန်တွေ ၊ ပင့်ကူမျှင်တွေ နှင့် မြင်မကောင်း ရှုမကောင်း။ ဆည်းဆာ၏ ဖျော့တော့သော အလင်းရောင် အောက်မှာ အရောင် တင်ဆီနံ့၊ သိုးမွေးနံ့၊ ကတ္တရာနံ့နှင့် ဖုန်နံ့တွေ လှိုင်နေသည့်အိမ်ထဲမှာ ရပ်ရင်း နံရံမှာ သွယ်တန်းထားသည့် ရေပိုက်များ ၊ ဝါယာကြိုးများ ၊ နံရံကပ်စင်ပေါ်မှ ပုလင်းလွတ်များ ၊ အရင်က မျိုးစေ့တွေ ထည့်ထားဟန်တူသည့် အိတ်အလွတ်များ ကို သူ ကိုယ်တွယ်စမ်းသပ်ကြည့်နေမိသည်။ပြီးတော့ အိမ်ထောင့်တစ်နေရာမှာ သူ အိပ်ဖို့ ရှင်းလင်း၏ ။

ညစာအ ဖြစ် သူ့ထံကျန်နေသည့် နောက်ဆုံးလက်ကျန် ဘီစကွတ်များ ကို သူ စား၏ ။ သူ့ထံမှာ ငွေ ငါးရမ်တိတိ ကျန်သေး၏ ။ သို့ သော် ခရီးနှမှစ၍ ဤလူသူမနီးသည့် ယာခင်းထဲမှာ ထိုပိုက်ဆံကို သုံးရန် အကြောင်းမရှိတော့ချေ။ အလင်းရောင် နည်းလာခဲ့ပြီ။ လင်းနို့အော်သံတွေ သူ ကြားနေရသည်။ သူ လဲလျောင်းရင်း ည၏ အသံတွေ ကို နားစွင့်နေမိသည်။နောက်ဆုံးတော့ ငါ ရောက်ခဲ့ပြီပေါ့။

အမေ့ မွေးရပ်မြေ၊ သို့ မဟုတ် မွေးရပ်မြေလို့ ယူဆရသည့် တစ်နေရာရာကို ရောက်လာခဲ့ရပြီ။ သူ အိပ်ပျော်သွားသည်။

မနက် နိုးနိုးချင်း သူ သတိထားမိသည့်အရာမှာ ယာခင်းထဲမှာ လျှောက်ပြေးနေသည့် ဆိတ်ရိုင်းများ ဖြစ်၏ ။ ရောမ ချိုအကောက်ကြီးနှင့် ဆိတ်သိုးကြီးတစ်ကောင် ဦးဆောင်သည့် တစ်ဒါဇင်ထက်မနည်းသော ဆိတ်တို့သည် အိမ်နောက်ဘက်မှ ပေါ်လာပြီး ယာခင်းကို ဖြတ်ပြေးနေကြသည်။မိုက်ကယ်သည် ပေါက်ကနဲ ထထိုင်ပြီး ဆိတ်အုပ်ကို မျက်ခြည်မပြတ်လိုက် ကြည့်၏ ။ ခဏနေတော့ ဆိတ်အုပ်သည်

သူ့မြင်ကွင်းထဲမှ ပျောက်သွား၏ ။မိုက်ကယ်သည် ကမန်းကတန်း ဖိနပ်စီး၏ ။

အမွေးရှည်ရှည်နှင့် ထို ဆိတ် သတ္တဝါတွေ ကို ဖမ်းရမည် ၊ သတ်ရမည် ၊ ဖြတ်ရမည် ၊ ချက်ရမည် ၊ စားရမည် ၊ သို့မှသာ သူ အသက်ရှင်မည် ။ဟုတ်ပြီ၊ ဘယ်မတုံး လက်နက်။ သူ့ ကိုယ်ပိုင်လက်နက်ဆို၍ စက္ကူဖြတ်သည့် ဓားကလေးတစ်ချောင်းသာ ပါ၏ ။ ထိုဓားကိုပင် တင်းတင်းကိုင်ကာ ဆိတ်အုပ်နောက်သို့ သူ အပြေးလိုက်၏ ။ တကွဲတပြားစီ ခြေဦးတည့်ရာ ပြေးနေကြသည့် ဆိတ်တွေ ကို ဟိုဘက် ဒီဘက်မှ ပြေးလွှားခြောက်လန့်ကာ စုစည်းအောင် လုပ်၏ ။ ပထမတော့ ဆိတ်ရိုင်းတွေ ပီပီလူမြင်လျှင် လှန့်နေသော် လည်း တွေ ့ပါများ တော့ ရိုးလာပုံရသည်။ သူ့ကိုမကြောက်တော့။ ထိုနေ့တစ်နေ့လုံး သူ ဆိတ်လိုက်နေခဲ့သည်။

ညနေစောင်းလောက်မှာ တော့ ဆိတ်ဆုပ်နှင့် မလှမ်းမကမ်းလောက်အထိ သူ ချဉ်းကပ်၍ ရလာခဲ့သည်။ ဒါတောင် တစ်ချက် တစ်ချက် ချိုပြလိုက်၊ခွာပြလိုက်နှင့် ဆိတ်သိုးတွေ က သူ့ကို ခြိမ်းခြောက်နေသေးသည်။ ဆိတ်တွေ နားကိုတစ်လှမ်းချင်း ချဉ်းကပ်နေစဉ်မှာ သူ့တစ်ကိုယ်လုံး တုန်နေကြောင်းမိုက်ကယ် သတိပြုမိသည်။ တုန်ရခြင်းအကြောင်းရင်းကို မိုက်ကယ် စဉ်းစား၍ မရ။ အကြောင်းမရှိဘဲ သတ္တဝါတစ်ကောင်ကို ဓားဖြင့်ထိုးရမှာ ကြောက်၍ လား၊ ခဲတံချွန်သည့်၊ စက္ကူဖြတ်သည့် ဓားကလေးနှင့် မာကျောဟန်ရှိသော အဖြူရောင် နှင့် အညိုရောင် နှောသည့် ဆိတ်လည်ပင်းကို ထိုးလိုက်လျှင် ဓားကပြန်ကန်ပြီး သူ့လက်ရှမည် စိုး၍ လား၊ မအောင်မြင်လျှင် စုစုစည်းစည်းရှိနေပြီ ဖြစ်သည့် ဆိတ်တွေ ကသော င်းကနင်း ထွက်ပြေးမည် စိုး၍ လား မသိ။မိုက်ကယ်သည် သူ့ကိုယ်သူ ရဲဆေးတင်သည့်အနေဖြင့် ဤသို့ ရင်ထဲမှ ပြောနေ၏ ။

'သူတို့မှာ တစ်ကောင်တစ်မျိုးနဲ့ အတွေ းတွေ အများ ကြီး ရှိမယ်။ငါ့မှာ က သူတို့ထဲက တစ်ကောင်ကောင်ကို တွယ်မယ်ဆိုတဲ့ အတွေ းတစ်ခုတည်းရယ်။ နောက်ဆုံးကျတော့ ငါ့အတွေ းက သူတို့အတွေ းတွေ အားလုံးကိုလွှမ်းမိုးအနိုင်ယူပြမယ်။ ဘာမှတ်လဲ မိုက်ကယ်ကေတဲ့ကွ'

ဆိတ်အုပ်ကို ခြံစည်းရိုးတစ်ခုနားသို့ မောင်းသွင်းရန် ကြိုးစားသော်လည်း ခုထိတော့ မအောင်မြင်သေး။ ဆိတ်အုပ်နှင့် သူသည် ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ ဖြစ်နေကြသည်။ တဖြည်းဖြည်းနှင့် မနေ့က တွေ့ခဲ့သည့်ရေပိုက်နှင့် ရေလှောင်ကန်နားသို့ ရောက်လာကြောင်း သူ သတိထားမိသည်။အနားကပ်ကြည့်သော အခါ လေးထောင့်ကွန်ကရစ် ရေလှောင်ကန်မှ ရေတွေ ပြည့်ရုံမျှမက လျှံကျနေသဖြင့် ရေလှောင်ကန် အနီးတစ်ဝိုက်မှာ မြက်ရိုင်းတွေ တောထသော ၊ရွှံ့ထူသော ရေကန်လေးတစ်ကန်လိုပင် ဖြစ်နေပြီး ဖားတွေ အော်သံကိုပင် သူ ကြားနေရသည်။

သူ ရေလှောင်ကန်ထဲမှ ရေကို တဝ သောက်၏ ။ မနေ့က ဒီကန်ထဲမှာ ရေတစ်စက်မှ မတွေ့ ၊ ဘယ်သူကများ ဖြည့်လိုက်ပါလိမ့်။ ခဏနေတော့ သူအဖြေကို တွေ့ရသည်။ အဖြေက လေ။ လေ ဟူးဟူးရားရား တိုက်သော အခါရေတင်သည့် ဘီးကအရှိန်ဖြင့် လည်၏ ။ ထိုအခါ ပိုက်က ရေကျ၏ ။ ထိုအခါရေလှောင်ကန် ပြည့်လေ၏ ။

မိုက်ကယ်သည် ဆာလောင်မွတ်သိပ်ခြင်းနှင့် အဆမတန် ပင်ပန်းလွန်းခြင်းကြောင့် ဆိတ်အုပ်ကို ဖြိုခွင်းဖို့အရေး အားမရှိသေး။ မော င်ကြီးမည် းကြီးထဲမှာ ၊ မည် သူမှ မရှိသည့် ယာခင်းထဲမှာ ၊ လွယ်ထားသည့် အိတ်ကလေး ခေါင်းအုံးကာ မြေပြွာကို အိပ်ရာလုပ်ရင်း ဆိတ်တွေ နားမှာ ပင် သူအိပ်ဟန်ပြင်၏ ။ မကြာခင် တကယ်လည်း အိပ်ပျော်သွား၏ ။ သန်းခေါင်လောက်ကျတော့ တပျက်ပျက်နှင့် ဆူညံစွာ ရေသောက်နေကြသည့် ဆိတ်များ ကြောင့် သူ လန့်နိုး၏ ။ မှုန်မှုန်ဝေဝေဖြင့်ပင် ဆိတ်အုပ်နား သူ ကပ်သွား၏ ။ မမြင်မစမ်းနှင့် ရရာလှမ်းဆွဲ၏ ။ ဆိတ်များ သည် ရုတ်တရက် ကျရောက်လာသည့် အန္တရာယ်ကြောင့် တပဲပဲ ဆူညံစွာ အော်ရင်း ခြေဦးတည့်ရာ ပြေးကြ၏ ။ သို့ သော် မိုက်ကယ်သည် သူ့လောက်နီးပါး ထုံထိုင်းသည့် ကံဆိုးရှာသူ ဆိတ်တစ်ကောင်ကို ပိုင်ပိုင်နိုင်နိုင် ခြေထောက်ဖြင့် နင်းထားနိုင်ခဲ့ပြီ။ရေအိုင်ထဲလဲနေသည့် ဆိတ်သည် သူ့ကို အစွမ်းကုန် ခုခံ၏ ။ ချိုဖြင့်ဝှေ့ရန်၊ခြေဖြင့်ကန်ရန် အခါမလပ် ကြိုးစား၏ ။ မိုက်ကယ်သည် သူ့တစ်ကိုယ်လုံးအားကို သုံးကာ ဆိတ်ကို နင်းချလိုက်သည်။ အရှင်လတ်လတ် ရေနစ်ခံရသည့် ဆိတ်သည် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာ၏ ။ မိုက်ကယ်ကလုံးဝ

အလျှော့မပေး။ သူ့လက်ကြီးများ ဖြင့် ဆိတ်လည်မျိုကို ညှစ်ကာထောင်ထလာသည့် ဆိတ်ခေါင်းကို ရေထဲနှစ် ၏ ။ နောက်ဆုံးမှာ တော့ ဆိတ်၏ လှုပ်ရှားမှု များ တဖြည်းဖြည်း နှေးကွေးလာခဲ့သည်။ မိုက်ကယ်လည်းခြေကုန်လက်ပန်းကျခဲ့ပြီ။ ဆိတ်သည် လုံးဝ မလှုပ်တော့။

မိုက်ကယ်သည် ဆိတ်ခေါင်းကို ရွှံ့ထဲမှ ဆယ်ကြည့်၏ ။ ဟုတ်သည်။သေပြီ။ သူ့တစ်ကိုယ် လုံးလည်း ထုံကျဉ်လျက်ရှိသည်ကို ခုမှ သတိထားမိသဖြင့် ရေအိုင်ထဲမှ လေးလံစွာ ပြန်တက်လာခဲ့သည်။

တစ်ကိုယ်လုံး စိုရွှဲနေသည့် မိုက်ကယ်သည် ပြန်အိပ်၍ မရတော့။ အေးလိုက်သည်မှာ လည်း အရိုးကွဲမတတ်။ မေးချင်းရိုက်ကာ ခိုက်ခိုက်တုန်နေ၏ ။ အရဏ်လာသော အခါ သူ ယာခင်းအိမ်သို့ ပြန်လာခဲ့သည်။ ပြတင်းပေါက်ကို ဖွင့်ကာ လက်ထောက်ရင်း အပြင်ကို ကြည့်သည်။ အိမ်ခန်းတွေ ထဲ ဝင်ကြည့်သည်။ ကြီးကြီးမားမား အိမ်ထောင်ပရိဘောဂပစ္စည်း တစ်ခုမှမရှိ။ ဖုန်တောထဲမှ သူ့ခြေရာများ ကိုသာ သူ ပြန်မြင်နေရသည်။

မီးဖိုချောင်ထဲ သူ ဝင်သွားသော အခါ အမိုးကြားမှာ အသိုက်လုပ်နေသည့် ခိုတွေ လန့်ပြီး ပျံပြေးကြ၏ ။ ခိုချေးတွေ ကလည်း နေရာအနှံ့ပြန့်ကျဲလျက်။ မီးဖိုခန်း၏ နံရံကပ်စင်တွေ ပေါ်မှာ တော့ ပန်းကန်တွေ ၊ ခွက်တွေ ၊ဖန်ကရားတွေ ရှိနေ၏ ။ အကုန်လုံး ဖုန်တွေ တက်ကာ မဲသဲလျက်။ ဆီပုလင်းနှင့် ရှလကာရည် ပုလင်းတွေ ကတော့ တစ်ဝက်စီခန့် ကျန်သေးသည်။ သကြားပုလင်းထဲမှာ လည်း သကြားတွေ ရှိသေးသည်။ ဟင်းခတ်အမွှေးအကြိုင်တွေ လည်း ရှိနေသေး၏ ။ နို့မှုန့်တစ်ပုလင်းလည်း မဖောက်ရသေး။ ယိုဘူးတွေ တွေ့တော့ တစ်ဘူးဖောက်ကာ စားကြည့်၏ ။ လိမ္မော်ယိုလိုလို အရသာ။ ဆီးချေး စော်လိုလို အနံ့နည်းနည်း လည်းရ၏ ။ မိုက်ကယ်သည် ယိုဘူးကို ကိုင်ကာ နေရောင် ထဲ ထွက်လာပြီး နေပူစာလှုံရင်း တမြုံ့ မြုံ့ စားနေသည်။

ပြီးတော့ ရေလှောင်ကန်ဘက်သို့ လျှောက်လာခဲ့၏ ။ နေရောင် ခြည်နွေးနွေးအောက်မှာ ပင် သူ ခိုက်ခိုက်တုန်အောင် ချမ်းနေခဲ့သည်။ ဆိတ်သေကောင်သည်

ရေကန်စပ်မှာ ပေါလောပေါ်နေ၏ ။ ဆိတ်ခြေထောက်နှစ် ချောင်းကို ဆွဲကာ ရေထဲမှ သူ ဆွဲတင်၏ ။ ဆိတ်သည် မျက်လုံးဝါဝါကြီးများ ပြူး ထွက်ကာ သွားကြီးတွေ ပေါ်လျက် ပိုးစိုးပက်စက် သေဆုံးနေ၏ ။ ပါးစပ်ထဲမှလည်း ရေတွေ တစက်စက်ကျနေဆဲ။ သေချာကြည့်တော့ ဆိတ်မ ဖြစ်နေ၏ ။ မနေ့က သရဲမရဲစီးကာ သတ်ချင် ဖြတ်ချင် စားချင် ဝါးချင်စိတ်တွေ ခုတော့ လုံးလုံးပျောက်နေသည်။ ဒီအကောင်ကြီးကို ခုတ်ရ၊ ထစ်ရ၊ လှီးရ၊ နွှာရမည့် အလုပ်ကို တွေးကြည့်ရုံနှင့်ပင် သူ အဆမတန် ပင်ပန်းလာသည်။ဆိတ်အုပ် ကတော့ သူနှင့် မနီးမဝေးမှာ ရှိနေဆဲ။ သူ့ဘက်သို့ နားတွေ စွင့်ထားကြသည်ဟု သူ ထင်နေသည်။ မနေ့က တစ်နေ့လုံး အရူးကြီး တစ်ယောက် နယ် ဒီဆိတ်တွေ နောက်ကို လက်ညှိုးလောက်ရှိသည့် ဓားကလေးတစ်ချောင်း ကိုင်ကာ သူ လိုက်နေမိသည်ကို ပြန်တွေ းရင်း သူ့ကိုယ်သူမယုံနိုင်အောင် ဖြစ်မိသည်။ ဆိတ်မတစ်ကောင်ကို မှော င်နှင့်မည် းမည် းမှာ လည်ပင်းညှစ်၊ တက်နင်းပြီး ရေနှစ် သတ်ခဲ့တာကို ပြန်မြင်ယောင်နေ၏ ။

ခုတော့ ဒီဆိတ်မကို သူ မစားချင်တော့။ မြေမြှုပ် သင်္ဂြိုဟ်ပေးလိုက်ရရင် ကောင်းမလား။ မ ဖြစ်သေး။ လောလောဆယ်တော့ ဆိတ်ကောင်ကိုအိမ်ပြန်သယ်ရမည် ။ ယာခင်းထဲမှ အိမ်အထိ ဆိတ်မကို ဆွဲလာရသည့်အလုပ်မှာ အချိန်လည်း ကုန်၊ လူလည်းပန်း သေချင်စော်နံလောက်အောင်ပင်။မိုက်ကယ်သည် ဆိတ်ကို မီးဖိုခန်းထဲထိ ဆွဲသွားခဲ့သည်။ သို့ သော် အခန်းထဲမှာ ခုတ်ထစ်လျှင် ပွ်ေကျနည်းရာရောက်လိမ့်မည် ဟု သူ တွေ းမိ၏ ။နံရံမှ မြက်ရိုင်းတွေ ထိုးထွက် ပြီး ခိုတွေ တစ်လှေကြီးရှိနေပေမင့် အခန်းဟာအခန်းပဲပေါ့။ သူ ဆိတ်ကို အိမ်အပြင်ဆွဲထွက်လာပြန်၏ ။ ရုတ်တရက် ချက်ချင်း မိုင်ပေါင်းရာချီဝေးသည့် ဉာဖုန်းဆိုးမြေသို့ သူ ဘာကြောင့် များ အသက်ကို ပဓာနမထား စွန့်စွန့်စားစား လာမိပါလိမ့်ဆိုသည့် အတွေ းကခေါင်းထဲဝင်လာသည်။ ငိုချင် သလိုလို၊ ယူကျုံးမရ ဖြစ်သလိုလို ဖြစ်လာသဖြင့်မျက်နှာကို လက်ဝါးဖြင့် အုပ်ထားလိုက်သည်။

မိုက်ကယ်သည် သူ့တစ်သက်လုံး တစ်ခါမှ အမဲမဖျက်ဖူးခဲ့။ ဖျက်စရာ ပစ္စည်းပစ္စယကလည်း ခဲတံချွန်သည့် ဓားကလေးမှတစ်ပါး အခြားမရှိ။မတတ်နိုင်။ မိုက်ကယ်သည် ဆိတ်ကို ပက်လက်လှန်ကာ ခဲတံချွန်သည့်ဓားနှင့် ပင် ဗိုက်ကို ခွဲချလိုက်သည်။

ဗိုက်ထဲမှာ ကလီစာတွေ က သွေးနွေးနေဆဲဟု သူ ထင်မှတ်ထားသော် လည်း အစာအိမ်ထဲမှ အေးစက်စက် ရွှံ့တွေ ထွက်လာသဖြင့် စိတ်ပျက်သွားသည်။ ဆိတ်ကလီစာများ သည် ပြာသည့်က ပြာ၊ ခရမ်းရောင် လိုလိုဟာလည်း ပါ၊ ပန်းရောင် သန်းသည့်ဟာက သန်း။သူ ဆိတ်ကို အရေခွံခွာသည်။ သို့ သော် ခြေထောက်တွေ နှင့် ခေါင်းကို သူ့ဓားက တိုးမပေါက်။ အသေအချာ လျှောက်ရှာတော့ စင်တစ်ခုပေါ်မှ လွှတစ်ချောင်း သွားတွေ့ သည်။

နောက်ဆုံးတော့ ဆိတ်တစ်ကောင်လုံးကို အောင်မြင်စွာ သူ ဖျက်လိုက်နိုင်ပြီး အသားမြှောင်းတွေ ကို ချိတ်တွေ နှင့် ချိတ်ဆွဲထားလိုက်နိုင်ခဲ့တော့သည်။ သူ့လက်တွေ ကတော့ သွေးသံရဲရဲ၊ ခြေထောက်တွေ ကလည်းဆိတ်ဆီတွေ နှင့် တဝင်းဝင်း။ သို့ သော် ဆေးစရာ ရေမရှိ။ ရေလှောင်ကန်ထိလည်း ပြန်မသွားနိုင်တော့။ မိုက်ကယ်သည် ခြေတွေ လက်တွေ ကို သဲတွေ နှင့် ပွတ်ပစ်လိုက်သည်။ သို့ သော် အညှီနံ့ကြောင့် ယင်ကောင်တွေ သူ့နောက်မှထက်ကြပ်မကွာ လိုက်လာခဲ့ကြသည်။

မီးဖိုကို လှည်းကျင်းသန့်ရှင်းပြီး သူ မီးမွှေး၏ ။ ဟင်းချက်စရာအိုးတွေ ဘယ်မှာ မှ ရှာမတွေ့ ။ ကိစ္စမရှိ။ ဆိတ်ပေါင်တစ်ပေါင်လုံးကို မီးဖိုထဲ ပစ်ထည့်လိုက်သည်။ ခဏကြာတော့ ဆိတ်ကင်နံ့ကလေးမွှေးကာ ပေါင်မှ အဆီတွေ မီးတောက်ထဲ ရှဲကနဲ ရှဲကနဲ ကျလာခဲ့သည်။ မိုက်ကယ်သည် ဆိတ်ပေါင်ကင်ကို စား၏ ။ စိတ်ထဲမှာ တော့ နှစ် ထောင်းအားရ ဝမ်းမြောက်ဝမ်းသာမရှိ။ ဒီဆိတ်ကို စားလို့ကုန်သွားရင် ငါ ဘာလုပ်ရမလဲဆိုတာ တွေ းနေမိသည်။

x x x

သူ အအေးမိသွားသည်ဆိုတာ သေချာလှသည်။

တစ်ကိုယ်လုံးချစ်ချစ်တောက်ပူနေသည်။ ခေါင်းတွေ တဒိန်းဒိန်း ဆောင့်ကိုက်နေသည်။လည်မျို က သံမှိုစိုက်ထားသလို တံတွေ းမျိုလိုက်တိုင်း စူးကနဲ နာသည်။မိုက်ကယ်သည် ဝေဒနာ ဗရပွကို အပ်ချစရာမရှိအောင် တရစပ် ခံစားရင်းရေလှောင်ကန်သို့ သွား၏ ။ ရှိသမျှ ဖန်ကရားတွေ ထဲ ရေထည့်၏ ။ ပြန်ရောက်တော့ သူ မတ်တတ်ပင် ဆက်မရပ်နိုင်တော့သဖြင့် ထိုင်ချလိုက်ရသည်။ဖန်တောထဲမှာ ငုတ်တုတ်ထိုင်နေရင်း ဖြူလွသန့်ရှင်းသည့် ခုတင်ပေါ်မှာ

သက်သော င့်သက်သာ လှဲနေရပုံကို တမ်းတမြင်ယောင်မိ၏ ။ မိုက်ကယ်သည်ချောင်းတဟွပ်ဟွပ် ဆိုး၏ ။ ချောင်းဆိုးလိုက်တိုင်း ရင်ဘတ်က အောင့်ပြီးလည်ချောင်းက နာ၏ ။ သို့ သော် ထိုချောင်းဆိုးသံသည် ပရင့်စ်အဲလ်ဗတ်ကိုရောက်ပြီးမှ ပထမဆုံးအကြိမ်အ ဖြစ် ကိုယ့်အသံကိုယ် ပြန်ကြားရခြင်းဟုမိုက်ကယ် ထင်မိသည်။ ဘယ်ဆိုးလို့လဲ။ ဒီနေရာမှာ ငါလုပ်ချင်တဲ့ အသံ၊ အော်ချင်သလိုအော်၊ လုပ်ချင်သလို လုပ်လို့ရတယ်ဟု စဉ်းစားမိသေးသည်။

ညကျတော့ သူ အကြီးအကျယ် ဖျား၏ ။ သူ့အိပ်ရာဆိုသည့် အဝတ်စုတ်တွေ ကို အိမ်ရှေ့ခန်းသို့ ပြောင်းခင်းပြီး ထိုနေရာမှာ သူ အိပ်သည်။အိပ်မက်ထဲမှာ မှော င်မည်းနေသော ဟူးဝစ် နီရန်နီးယပ်စ်ကျောင်းမှ အဆောင်ထဲသို့ သူ ပြန်ရာက်နေ၏ ။ လက်ကို ဆန့်လိုက်သော အခါ သံခုတင်ကို စမ်းမိ၏ ။ခုတင်ပေါ်မှာ ခင်းထားသည့် ဖျာမှ သေးနံ့ကိုပင် ရမိ၏ ။ အကြောက်တရားသည်ကျောရိုးတစ်လျှောက် စိမ့်တက်လာသဖြင့် လန့်နိုးလာသည်။ မှော င်လိုက်တာမှကိုယ့်လက်ပင် ကိုယ်မမြင်ရ။ ခု မနက်လေးနာရီ၊ ခြောက်နာရီဆို အလင်းရောင် လာပြီ။

မိုးလင်းပြီ။ မကြောက်နဲ့ မိုက်ကယ်။

ကိုယ့်ကိုယ်ကိုယ် နှစ် သိမ့်အားပေးရင်း မျက်တောင်တွေ စင်းကျလာသည်။

မနက်မိုးလင်းတော့ သူ ပြန်လည် အားပြည့်လာခဲ့သည်။ ဖိနပ်တွေ ကောက်စွပ်ပြီး အိမ်ထဲမှာ လှည့်လည်ကြည့်ရှု၏ ။ အဝတ်ဟောင်းပုံတစ်ခုပေါ်မှာ ခရီးဆောင် သေတ္တာတစ်လုံး တွေ့ မိ၏ ။ ဖွင့်ကြည့်တော့ အထဲမှ ကျိုးပဲ့နေသည့် အရုပ်တွေ ထွက်လာသည်။ အိမ်ထဲမှာ သူ့အတွက် အသုံးဝင်သည့်ပစ္စည်းတစ်ခုမှ မရှိ။ ထိုနည်းတူပင် အဘယ်ကြောင့် များ ဗစ်စဂီးတို့ ဒီအိမ်ကိုစွန့်ခွာသွားကြသနည်းဆိုတာကို ညွှန်းဆိုပြနိုင်သည့် သဲလွန်စလည်း တစ်ခုမှမရှိ။

ဆိတ်သားတွေ ချိတ်ထားသည့် မီးဖိုထဲမှာ တော့ ယင်ကောင်တွေ ဘုရားပွဲလှည့်နေကြသည်။ ဒီနေ့ ဘာမှ စားချင်သောက်ချင်စိတ် မရှိသဖြင့်ယိုဘူးအလွတ်ထဲ

ရေထည့်ပြီး ဆိတ်သား နည်းနည်း လှီးထည့်ကာ ပြုတ်လိုက်သည်။ လက်ဖက်ခြောက်ဘူးကို ခုမှ တွေ့သည်။ လက်ဖက်ရည်လည်းဖျော်လိုက်သည်။ ပြီးတော့ ဆိတ်စွပ်ပြုတ်နှင့် လက်ဖက်ရည်ကိုယူကာ သူ့အိပ်ရာထဲ ပြန်ခွေနေလိုက်သည်။ ချောင်းလည်း တဟွပ်ဟွပ် ဆိုးလာပြန်ပြီ။ပြာသေတ္တာလေး ကတော့ အိမ်ရှေ့ခန်းထောင့်တစ်နေရာမှာ စောင့်နေရှာ၏ ။ အထဲမှာ အမေ ရှိနေသေးသလား။ ဝိညာဉ်အ ဖြစ် လေထဲ လွင့်မျောသွားခဲ့ပြီလား ဆိုတာတော့ သူ မသိ။

ဘယ်လိုပဲ ဖြစ် ဖြစ် အမေ ကျေနပ်လိမ့်မည် ဟုတော့ သူ ထင်မိသည်။ဘယ်လိုပဲ ဖြစ် ဖြစ် အမေ ကတော့ ခု ငြိမ်းချမ်းသွားခဲ့ပြီ။ သူ့တစ်သက်လုံးဘယ်တုန်းကမှ မရဖူးခဲ့သည့် ငြိမ်းချမ်းခြင်းဆိုတာကို ခု အမေ ပြည့်ပြည့်ဝဝခံစားပါစေတော့လေ။

မိုက်ကယ်သည် အပြင်းအထန် နေမကောင်း ဖြစ်နေရင်းက အမေ့အတွက် တငြိမ့်ငြိမ့် ပီတိတွေ ဖြစ်နေမိသည်။ ပြတင်းပေါက် တရုတ်ကတ်တွေ အကုန်ဖွင့်ကာ ခိုညည်းသံတွေ ကို သူ နားထောင်သည်။ တစ်နေ့လုံးသူ အိပ်တစ်ဝက်၊ နိုးတစ်ဝက် ဖြစ်နေခဲ့သည်။ နေ့လယ်ခင်း သူ့အပေါ်နေထိုးလာတော့ တရုတ်ကတ်တွေ ထပိတ်ရပြန်သည်။

ညနေပိုင်းမှာ အဖျားကြီးလွန်းပြီး သူ ကယောင်ကတမ်း ဖြစ်လာခဲ့သည်။ မျက်စိတစ်ဆုံး ကျယ်ပြန့်လှသည့် ကန္တာရတစ်ပိုင်း ကွင်းပြင်ကြီးတစ်ခု၏ အနားသတ်အစွန်းပိုင်းသည် ကြွတက်လာပြီး သူ့ကို ရိုက်ချဖို့ ကြိုးစားနေ၏ ။ လက်ချောင်းတွေ ကို မြေကြီးထဲ ထိုးစိုက်ကာ ပြားပြားဝပ်နေရင်းသူ ကြံ့ကြံ့ခံနေသည်။ တစ်ခါ ဆုံးစမရှိ နက်ရှိုင်းသည့် အမှောင်ချောက်ကြီးထဲ ကျသွားပြန်၏ ။

နှစ် ရက်တိတိ စိတ်နှင့် ကိုယ်နှင့် မကပ်၊ သတိ မရတစ်ချက်၊ ရတစ်ချက်၊ ပူတစ်ခါ၊ အေးတစ်လှည့်နှင့် ဝေဒနာကို အဆုံးစွန် ခံစားခဲ့ရပြီးနောက် သုံးရက်မြောက်နေ့မှာ တော့ သူ ပြန်လည် သက်သာလာခဲ့သည်။သတိပြန်ဝင်လာခဲ့သည်။ ဗိုက်ကလည်း မီးဟုန်းဟုန်းတောက်မတတ် ဆာ၏ ။သို့သော် မီးဖိုထဲမှာ ချိတ်ထားသည့် ဆိတ်သားတွေ က ဘယ်လိုမှ စားမရအောင် ပုပ်သိုးသွားခဲ့ပြီ။

သင်ခန်းစာပဲ၊ အဲဒါ သင်ခန်းစာပဲ၊ အဲဒါ မင်းအတွက် အကြီးမားဆုံးသင်ခန်းစာပဲ မိုက်ကယ်၊ နောက်ဆို အဲသလောက်ကြီးတဲ့ တိရစ္ဆာန်ကိုဘယ်တော့မှ မသတ်လေနဲ့ မင်း မစားရခင် သူက အရင်ပုပ်လိမ့်မယ်ဆိုတာကိုမြဲမြဲမှတ်ထားလကွာ။

မိုက်ကယ်သည် အသက်နှင့်ရင်း၍ ရခဲ့သည့် သင်ခန်းစာကို အထပ်ထပ်အခါခါ ဆင်ခြင်သုံးသပ်ရင်း တကုပ်ကုပ်ဖြင့် အလုပ်တွေ ရှုပ်နေသည်။ဝိုင်ပုံသဏ္ဍာန် သစ်ကိုင်းတစ်ခု၊ ဖိနပ်မှ လျှော်ထိုးတစ်ခု၊ ခပ်တောင့်တောင့်သားရေကြိုးတစ်ခု၊ မကြာခင် သူ့လက်ထဲမှာ လေးခွဆိုသည့် ကမ္ဘာဦးလက်နက်ကြီးတစ်ခု ရလာခဲ့သည်။ ထိုလက်နက်ဖြင့် ငှက်တိရစ္ဆာန်တို့ကိုပစ်ခွင်းမည် ။ ပုပ်သိုးနေသည့် ဆိတ်ကိုတော့ ဘာမှ မတတ်နိုင်ဘဲ မြေမြှုပ်သင်္ဂြိုဟ်လိုက်ရသည်။ ငြိမ်းချမ်းပါစေ ဆိတ်မရေ။

ယာခင်းအိမ်အနောက်က တောင်ခြေမှာ အုတ်စီ၊ အုတ်ခင်း၊ သွပ်မိုးအိမ်ပေါက်စကလေးတွေ ကို အစီအရီ တွေ့ရသည်။ ဧကန္တတော့ သူ့အမေသည် ထိုအိမ်လေးတွေ ထဲက တစ်အိမ်အိမ်မှာ မွေးဖွားကြီးပြင်းခဲ့တာများ လား။မ ဖြစ်နိုင်။ ထိုအိမ်ကလေးများ မှာ လွန်ခဲ့သည့် အနှစ် ငါးဆယ်ကျော် ခြောက်ဆယ်က ဆောက်လုပ်ထားခဲ့တာ ဘယ်နည်းနဲ့မှ မ ဖြစ်နိုင်။

သို့သော် ထို အိမ်ကလေးများ နှင့် သိပ်မဝေးလှသည့် နေရာမှာ ရွှံ့အုတ်များ ဖြင့် ဆောက်ထားသည့် လေးထောင့်စပ်စပ် အိမ်အိုလေးတစ်လုံးရှိသည်။ အမေ ထိုအိမ်မှာ များ မွေးခဲ့လေသလား။ မိုက်ကယ်သည် ထိုအိမ်အိုကလေးသို့ ပြာသေတ္တာလေးကိုင်ကာ လျှောက်လာခဲ့သည်။ အိမ်ရှေ့မှာ သူထိုင်ချလိုက်သည်။ သူ တစ်စုံတစ်ရာကို စောင့်နေခဲ့သည်။ နေပါဦး၊ သူ ဘာကို စောင့်နေတာလဲ။

သူလည်း သေချာတော့ မသိ။ သိသည် ဖြစ်စေ မသိသည် ဖြစ်စေဘာမှလည်း ဖြစ်မလာခဲ့။ အိမ်အိုကလေးထဲရှိ ရွှံ့မီးဖိုလေးပေါ်မှာ သူ့အမေ၏ အရိုးပြာ သေတ္တာလေးကို ဒီအတိုင်း သူ တင်ထားခဲ့သည်။ အမေ့အတွက်တစ်ခုခု တော့ သူ ထပ်လုပ်ဦးမည် ။ ခုတော့ ဘာလုပ်ရမှန်း မသိသေး။စဉ်းလည်း မစဉ်းစားချင်သေး။

ဗစ်စဂီး ယာခင်းကို ကာရံထားသည့် ခြံစည်းရိုးတစ်လျှောက် သူလျှောက်ကြည့်၏ ။ လူသူ မပြောနှင့်၊ ခွေးတစ်ကောင် ကြောင်တစ်မြီးပင်မတွေ့ ။ သံပြားဖြင့် ဖုံးထားသည့် သိုးစားခွက်ရှည်ရှည်တစ်ခုကို သူ တွေ့ သည်။ ရေလှောင်ကန်သို့ ပြန်ရောက်လာသည်။ လေအမြှတိုက်၊ ဘီးကအမြဲလည်ကာ၊ ရေအမြဲကျနေသည်ကို ရပ်တန့်နိုင်သည့် နည်းလမ်းကို သူစဉ်းစား၏ ။ ဘီးကို ဆွဲထားသည့်ကြိုး ပြတ်နေသည်ကို တွေ့ လိုက်ရသည်။ ပြန်ဆက်လိုက်သည်။ လည်မည့် ဘီးကို ကြိုးက ဆွဲထားသဖြင့် မလည်နိုင်တော့။ ပိုက်မှ ရေအကျရပ်သွားပြီ။

ယာခင်းအိမ်ထဲမှာ နေရတာ သူ့အတွက် မသက်မသာကြီး ခံစားရ၏ ။ လူသူမရှိသည့် အိမ်ထဲမှာ သူ့ကိုယ်သူ တစ္ဆေတစ်ကောင်နှယ် ခံစားနေရသည်။ အိမ်ထဲမှာ ပင်သူ ဆက်အိပ်နေသော်လည်း နေရတာ တစ်မျိုးကြီး ဖြစ်နေ၏ ။ သူ့အိပ်ရာကို အိမ်ရှေ့ခန်းမှ မီးဖိုခန်းသို့ ပြောင်းလိုက်၏ ။ အနည်းဆုံးတော့ ပေါက်နေသည့် ခေါင်မိုးမှ ကြယ်ကလေးများကို ကြည့်ရင်း သူအိပ်ခွင့်ရမည် လေ။

နေ့ခင်းဆိုလျှင်တော့ ရေလှောင်ကန်နားမှာ သာ သူ နေတော့သည်။ ဝတ်ထားသည့် အဝတ်တွေ ချွတ်ကာ လျှော်၏ ။ သစ်ကိုင်းတွေ ပေါ်မှာ လှန်းရင်း သူ ကတော့ ရေတဝကြီး ချိုး၏ ။ အဝတ်တွေ ခြောက်ချိန်အထိ ရေချိုးနေရသဖြင့် သူ့ရေချိုးချိန်က တမေ့တမော။

ခုချိန်မှာ သူ့အမေကို မြေကြီးထဲ ပြန်ပို့ဖို့ အချိန်တန်ပြီဟု သူ ယူဆ၏ ။ ရေလှောင်ကန်၏ အနောက်ဘက် တောင်တန်းပေါ်ရှိ တောင်ထွတ်တစ်ခုပေါ်မှာ သူ တွင်းတစ်ခု တူး၏ ။ တစ်လက်မခန့်တူးပြီးတော့ အောက်မှကျောက်သားခံနေသည်။ သူ အောက်နည်းနည်း ဆင်း၏ ။ မရသေး။ကျောက်သားတွေ ချည်း။ ရေလှောင်ကန်အောက်ဘက်နားမှာ စိုက်ပျိုးမြေဟုယူဆရသည့် မြေပေါ်ရောက်မှသာ တွင်းတူး၍ ရတော့သည်။ တစ်ပေခန့်နက်သည့် တွင်းတစ်ခု သူ တူးလိုက်သည်။ ပြာထုပ်ကို ထိုတွင်းအတွင်းသို့ သွတ်သွင်း မြှုပ်နှံပြီး အပေါ်က မြေကြီး ပြန်ဖုံးလိုက်သည်။

'မင်းလုပ်တာ မှန်တယ်၊ အမေ ကျေနပ်လိုက်တာ မိုက်ကယ်ရယ်'ဆိုသည့်

အမေ့အသံများ လေထဲမှာ ပျံ့လွင့်လာလေမလားဟု မျှော်လင့်ရင်းမျက်စိကို ပိတ်၊ နားကို စွင့်ထား၏ ။ ဘာသံမှ မကြားရ။ ဘာပဲ ဖြစ် ဖြစ် သူမ ဖြစ်မနေ ထမ်းဆောင် ရမည့် တာဝန်ကြီးတစ်ခုတော့ ပြီးသွားခဲ့ပြီ။နိဂုံး၏ အဆုံးသည် နိဒါန်း၏ အစ ဖြစ်တတ်သည်ကော။ အမေ့ဘဝနိဂုံးသည် ယာသမား မိုက်ကယ်၏ ဘဝအစ ဖြစ်လိမ့်မည် ထင်၏ ။ ဖရုံစေ့တွေ ၊ ပဲကြီးစေ့တွေ ၊ သစ်ကြားစေ့တွေ သူ တွေ့ထားပြီးပြီ။ မိုက်ကယ်သည်အပြင်းအထန် အလုပ်လုပ်၏ ။ တစ်ပတ်ခန့်ကြာသော် ရေလှောင်ကန်နားကမြေပေါ်မှာ သူ မြေပြင်ပြီးပြီ၊ မြောင်းသွယ်ပြီးပြီ။ ပြီးတော့ သူ စုထားခဲ့သည့်အစေ့တွေ ကို ထိုမြေပေါ်မှာ ကြဲချသည်။ ရွှေပင် ငွေပင်တွေ ပေါက်စေ၊ရွှေသီး ငွေသီးတွေ သီးစေ။ ထိုသို့ စိုက်နေပျိုးနေသည့် နေ့ရက်တွေ မှာ များ သော အားဖြင့် သူ လေးခွဖြင့် ပစ်ချ၍ ရသည့် ငှက်သားနှင့် သာ နှစ် ပါးသွားနေရသည်။

ငှက်တွေ ပစ်ချလိုက်၊ မြေကြီးကို တူးဆွလိုက်နှင့် တစ်နေ့ပြီးတစ်နေ့ကုန်လွန်သွားသည်။ တစ်နေ့လုံးမှာ သူ အနှစ်သက် ဆုံး၊ အကြည်နူးဆုံးအချိန်ကို ပြပါဆိုလျှင် ညနေစောင်း နေဝင်ဆည်းဆာအချိန်ပင် ဖြစ်၏ ။ ထိုအချိန်ဆိုလျှင် သူ ရေလှောင်ကန်မှ ရေထွက်ပေါက်ကို ဖွင့်ရင်း ရေတွေ တသွင်သွင် စိုက်ခင်းထဲသို့ စီးဝင်သွားသည်ကို ကြည့်နေကျ။

ဥယျာဉ်ခြံမြေသည် သူ့ဘဝ။ ဥယျာဉ်လုပ်သား ယာသမားသည်သူ့မွေးရာပါဗီဇဟုတောင် သူ ထင်လာခဲ့သည်။ သူ့ လက်လုပ် မြေတူးဂေါ်ပြားအသွားကို ထက်သည်ထက် ထက်လာအောင် ကျောက်တုံးတစ်တုံးမှာ သူသွေးနေတတ်သည်။ ဂေါ်ပြားက မြေထဲသို့ စီးစီးပိုင်ပိုင် စိုက်ဝင်သွားသည်ကိုခံစားရသည့် အရသာက တုန္နိုင်းမမီ။

မကြာမီ အပင်လေးတွေ ပေါက်လာတော့မည် ။ သူ့ဘဝကလည်းအဓိပ္ပာယ်ရှိလာတော့မည် ။ သူ ပျော်သည်။ အကြီးအကျယ် ပျော်သည်။သို့ သော် လည်း မနက်ခင်း နိုးထလာတိုင်းမှာ ထိုအပျော်တွေ ပျောက်ဆုံးသွားလေ့ရှိသည်။ လူသူကင်းမဲ့သည့် ဤနေရာမှာ ဘယ်သူမှလည်း သူ့ကိုမသိ။ သူကလည်း ဘယ်သူ့ကိုမှ မသိဘဲ ဤဖုန်းဆိုးမြေကို နတ်ဥယျာဉ်တမျှ သာယာလှပအောင် ဖန်တီးနိုင်တော့ကော

ဘာတွေ များ ၊ ဘယ်လောက်များ ပျော်စရာကောင်းနေလို့လဲ။ တစ်ခါတလေလည်း ပျော်နေရင်းတန်းလန်းက သေချာရေရာခြင်း ကင်းလှသည့် သူ့ဘဝနောင်ရေး ကို တွေးကြည့်လိုက်လျှင် ရင်ထဲမှာ နာသလိုလို။ နောင်ရေး ဆိုသည်က သူ့အတွက် ထိလိုက်သည်နှင့် ကျကွဲကြေမွသွားနိုင်သည့် စကားလုံးတစ်ခုပမာ။

ဒီလို မိုက်ကယ် တစ်ယောက် ဖျိုးကနဲ ဝမ်းသာ၊ ဖျတ်ကနဲ ဝမ်းနည်းနေရင်းက ဖြုန်းကနဲ ကိစ္စတစ်ခုအပေါ် စိုးရိမ်လာပြန်သည်။ ဒီနေရာကို သူမရောက်ခင် ဘယ်အချိန် ဘယ်ကာလလောက်ကတည်းက ပိုက်ထဲမှ ရေတွေ အလဟဿ မုံးပေါလအောစီးကျပြီးခဲ့ပြီနည်း။ ဒီလိုနှင့် မြေအောက်မှာ ရေခန်းသွားပြီး ပိုက်မှ ရေမထွက်တော့လျှင် သူ့ဥယျာဉ်ကလေးကို ဘယ့်နှယ်လုပ်ရပ့်။ ထိုအတွေးဝင်လာချိန်မှစ၍ မိုက်ကယ် တစ်ယောက် ရေကို တတ်နိုင်သလောက် ချွေတာတော့သည်။ ရေလှောင်ကန်ထဲမှာ ဥယျာဉ်စိုက်ခင်းထဲစီးဝင်မည့် ရေထွက်ပေါက်ထိ ရေရောက်သည်နှင့် သူ ရေကို ပိတ်ပစ်သည်။ မလိုအပ်ဘဲ ရေကို တစ်စက်မှ အဆုံးရှုံးမခံနိုင်။

ထိုသို့ မိုက်ကယ်၏ ရေ လက်ဝါးကြီးအုပ်မှု ကြောင့် ရေလှောင်ကန်နားမှ ရွှံ့အိုင်သည် တဖြည်းဖြည်း ခြောက်သွားပြီး အိုင်ထဲက ဖားတွေ ပိုးလိုးပက်လက်လန်ကာ အနိစ္စသဘော ဖြင့် ကိစ္စချောကုန်၏ ။ ထိုသို့ ချွေတာခြင်းအားဖြင့် မြေအောက်က ရေတွေ ပြန်ပြည့်လာမလားဆိုတာတော့သူ သေချာ မသိ။

တကယ်တော့ ထိုပိုက်မှ ထွက်လာသော ရေသည် ဘယ်ကလာသည်ဆိုခြင်းကိုပင် သူ သေချာ မသိ။ သူ ရပ်နေသည့် မြေကြီးအောက်မှာ ရေကန်ကြီးတစ်ကန်၊ စမ်းချောင်းကြီး တစ်ချောင်း၊ မြစ်ကြီးတစ်စင်း၊ ဆုံးစမဲ့အောင်နက်ရှိုင်းသည့် မြေအောက် သမုဒ္ဒရာကြီးတစ်ခုများ ရှိနေမလား။ ဘီးကိုဆွဲထားသည့် ကြိုးကို ဖြုတ်လိုက်သည်နှင့် ဘီးကလည်ပြီး ပိုက်ထဲကရေထွက်လာသည်မှာ သူ ဘယ်လို မှ မဖြေရှင်းနိုင်သည့် အံ့ဖွယ်တစ်ပါး၊ ပဟေဠိတစ်ပုဒ်။ ရေတွေ ထွက်လာတိုင်း သူ ရေလုံးကို လက်ဖြင့် ထိတွေ့ကြည့်မိသည်။ တစ်ခါတစ်ရံ မျက်စိများ တောင် မှိတ်လို့။

မိုးလင်းက မိုးချုပ် သူ နိစ္စဓူဝ ဤပုံစံအတိုင်း နေထိုင်လှုပ်ရှားနေခဲ့သည်။ ရှင်သန်ဖို့ ခက်ခဲလှသည့် မြို့တော် ကိတ်တောင်း၊ ဘယ်လိုစပြီးဘယ်သူတွေ ပါကာ ဘယ်တော့ ဆုံးမည် မသိသည့် စစ်ကြီးနှင့် ဒီယာခင်းအထိရောက်အောင် လာခဲ့ရသည့် ခရီးရှည်ကြီး၊ အားလုံးကို သူ မေ့စပြုပြီ။အရာအားလုံးသည် ခုတော့ အိပ်မက်လေလား ဝိုးတဝါး။သို့သော်လည်း တစ်နေ့မှာ တော့ မွန်းတည့်ချိန် နေ့လယ်စာစားဖို့ သူယာခင်းအိမ်သို့ ပြန်လာချိန်မှာ အမြဲတမ်း ပိတ်ထားခဲ့သည့် အိမ်ရှေ့တံခါးပွင့်နေသည်ကို တွေ့လိုက်ရသည်။ လင်းလှလက်လှသည့် နေရောင် ကြောင့် အိမ်တွင်းမှသဏ္ဌာန်ကို သူ သေချာမမြင်ရ။ အထဲရောက်တော့မှ ထိုသဏ္ဌာန်သည် ကာကီရောင် ယူနီဖောင်းဝတ်ထားသည့် ဖြူဖွေးဖွေး ခပ်တုတ်တုတ်လူငယ် တစ်ယောက် ဖြစ်မှန်း သူ သေချာတွေ့ရတော့သည်။ ထို လူစိမ်း၏ နှုတ်မှ-

"ခင်ဗျားက ဒီယာခင်းက အလုပ်သမားလား"

ဟူသော စကားများ ထွက်အန်ကျလာသည်။

သူ့လေသံနှင့် အမူအရာက ဒီအိမ်ကို သူပိုင်သလို စီးစီးပိုင်ပိုင် ရှိလှသည်။ မိုက်ကယ် ဘာမှ ပြန်မပြောနိုင်။ အယောင်ယောင်အမှားမှား ဖြင့်ခေါင်းကို ညိတ်ပြလိုက်မိသည်။

"ခင်ဗျားကို ကျုပ် မမြင်ဖူးပါဘူး"

"ဩော်... ယာခင်းထဲမှာ ပဲ နေတယ်လား"

"အိမ်က အခြေအနေ အတော် ဆိုးတယ်နော်"

"မီးဖိုခန်းက ဒီလို ပျက်စီးနေတာ ကြာပြီလား"

မေးခွန်းတွေ ဆက်တိုက်မေးနေသော လူစိမ်းကို ကြည့်ရင်း သူဘာပြန်ဖြေရမည် မသိ။ လူစိမ်းကလည်း မိုက်ကယ်၏ ယုန်နှုတ်ခမ်း ထော်လန်လန်ကို စူးစိုက်ကြည့်နေခဲ့သည်။ ပြီးမှ-

''ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျား မသိဘူးထင်တယ်။ ကျုပ်ကဒီယာခင်းပိုင်ရှင် ဗစ်စဂီးရဲ့ မြေးပါ''

ဟု သူ့ကိုယ်သူ မိတ်ဆက်လိုက်သည်။